# ကြေးမုံ

**The Mirror Daily**

၁၉၅၇ ဧပြီ ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957


**စိုးရိမ်ကြောင့်ကြမှုမရှိ**

ချစ်ခင်နှစ်သက်စွဲလမ်းမှုကြောင့် စိုးရိမ်ခြင်း၊ ကြောင့်ကြခြင်းတို့သည် ဖြစ်ကုန်၏။ ချစ်ခင်နှစ်သက် စွဲလမ်းခြင်း မရှိလျှင် စိုးရိမ်ကြောင့်ကြမှုတို့သည် အဘယ်လျှင် ရှိနိုင်တော့အံ့နည်း။ (မည်သည့်အရာ၊ မည်သည့်ပုဂ္ဂိုလ်ကိုမျှ ချစ်ခင်စွဲလမ်းခြင်းမပြုရာ၊ မရဏာနုဿတိ စီးဖြန်းခြင်းဖြင့် ကင်းလွတ်အောင် အားထုတ်ရာ၏)

ပီယဝဂ်(ဓမ္မပဒ-၂၁၂)


၁၃၇၈ ခုနှစ် တန်ခူးလပြည့်ကျော် ၃ ရက် သောကြာနေ့။ Friday, 14 April 2017 (၈၈၉၆)


# နေပြည်တော် မြို့တော်ဝန် မဟာသင်္ကြန် မဏ္ဍာပ်ဖွင့်ပွဲ ကျင်းပ

**နှစ်ဟောင်းမှ အညစ်အကြေးများ ကင်းစင်စေရန် ရေပက်ဖျန်းကစား**



နေပြည်တော် မြို့တော်ဝန် မဟာသင်္ကြန်မဏ္ဍာပ်ဖွင့်ပွဲ၌ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ ယိမ်းအကအဖွဲ့များအား အတာရေပက်ဖျန်းစဉ်။

**နေပြည်တော် ဧပြီ ၁၃**

ယခုအချိန်အခါသည် မြန်မာသက္ကရာဇ် ၁၃၇၈ ခုနှစ်မှ ၁၃၇၉ ခုနှစ်သို့ ကူးပြောင်းတော့မည့် မြန်မာတို့၏ နှစ်သစ်ကူးအချိန်အခါသမယဖြစ်သည်။ မြန်မာတို့၏ ထုံးတမ်းအစဉ်အလာအရ နှစ်ဟောင်းမှနှစ်သစ်သို့ ကူးပြောင်းချိန်တွင် နှစ်ဟောင်းမှ အညစ်အကြေးများ ကင်းစင်စေရန် ရေပက်ဖျန်းကစားကြသည့် နှစ်သစ်ကူးပွဲတော် မဟာသင်္ကြန်ကာလသို့ ရောက်ရှိလာပြီဖြစ်သည်။


စာမျက်နှာ ၈ ကော်လံ ၁ သို့ ✱



မြဝတီမြို့ မြန်မာ့ရိုးရာမဟာသင်္ကြန်ဗဟိုမဏ္ဍာပ်ဖွင့်ပွဲ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း တက်ရောက် စာ ၅

ဆိပ်ဖြူမြို့ ယောချောင်းသင်္ကြန် အေးချမ်းပျော်ရွှင်စွာ ရေကစားနိုင်ရေး လုံခြုံရေးလုပ်ငန်း အသိပညာပေး စာ ၁၈

သဖန်းဆိပ်ဆည်တွင် သင်္ကြန်ကာလရေကစားအပန်းဖြေသူများ အန္တရာယ်ကင်းရေး ဆောင်ရွက်ထား စာ ၂၂






ထုတ်လုပ်ခွင့်လိုင်စင်အမှတ် ၈/၂၀၁၄၊ တဆထလ/တိုး(၅၄)၊ တိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ်(ဆေးပြား) - TMR 004815(0317) / (ဆေးမှုန့်)TMR 000394(0317)

RE GD.

ဝမ်းဟွပ်ဟွပ်နဲ့ အိပ်မရအောင်ဆိုးနေတဲ့ချောင်း ကွမ်းရှက်ပုံ ဆေးကအောင်း

တွင်းရွက်ပုံတိုင်းရင်းဆေးအား မည်သည့် မြို့ရွာ များကိုမျှ ဗော်တော်ယာဉ်များဖြင့် လိုက်လံရောင်းချခြင်း မရှိပါကြောင်း သုံးစွဲသူ မိတ်ဆွေပြည်သူများနှင့် ရောင်းချသူများအား အထူးသတိပေး ဝန်ကြားအပ်ပါသည်။

မြန်မာ့တိုင်းရင်းဆေးပက်ဝင်စစ်မှန်သော ပရဆေးပစ္စည်းများဖြင့် ဖော်စပ်ထားသောကြောင့် အံ့ဩလောက်အောင် အထူးပင် ဆေးစွမ်းထက်မြက်လှပါသည်။

RE GD

ဒူးနာ၊ ခါးနာ၊ ကျိုးပေါင်းရောဂါ၊ ထုံကျင်ကိုက်ခဲအကြောဝေဒနာရှင်များနှင့် ချောင်းဆိုး၊ ရင်ကျပ်၊ ဗိုက်နာလျှင် လိမ်း

မူးမော၊ ရင်တုန်၊ ဇက်ကြောတက်လျှင် ရှူ

ဂမုန်းရှင် လေငန်းကာကွယ်လိမ်းဆေးရည်

ရောဂါဝေဒနာများ သက်သာပျောက်ကင်းစေပါသည်။

အမြို့မြို့ ဆေးတိုင်းမှာ ရရှိနိုင်ပါသည်။

ဂမုန်းရှင် လေငန်းကာကွယ်လိမ်းဆေးရည်

## ကြေးမုံ

# ညီညီညာညာဆင်နွှဲ ထူးမြတ်သည့်သင်္ကြန်ပွဲ

တန်ခူးလသည် မြန်မာတို့၏ ဆယ့်နှစ်လရာသီကာလတွင် နောက်ဆုံးလဖြစ်သလို ပထမဆုံးလလည်းဖြစ်သည်။ ပထမနှင့် နောက်ဆုံးဟူသော လတစ်လအတွင်း ကူးပြောင်းခြင်းကို ပိုင်းခြားဖြစ်ပေါ်လာသဖြင့် အတာကူးပြောင်းခြင်းလ၊ တာကူးလဖြစ်လာသည်။ ဒက္ခာရီအရ ဗြဟ္မာမင်းကြီး၏ ဦးခေါင်းကို နတ်သမီးခုနစ်ပါးက တစ်နှစ်တွင် တစ်ပါးလက်မှတစ်ပါးသို့ ပြောင်းလဲတာဝန်ယူခြင်းကို တာကူးလ(ဝါ) နှစ်ကူးပြောင်းသောလဟု ခေါ်ဆိုကြသည်။

တန်ခူးလသည် အတာကူးသည့် နှစ်သစ်ကူးပြောင်းခြင်းလဖြစ်သော်လည်း နှစ်သစ်ကူးပြောင်းခြင်း အထိမ်းအမှတ်ထက် သင်္ကြန်ရေသဘင်ပွဲဆင်နွှဲခြင်းအထိမ်းအမှတ်မှာ ပိုမိုထင်ရှားပေသည်။ ရာသီကာလ၊ ဂြိုဟ်ကာလအားဖြင့် လွှဲပြောင်းခြင်း၊ ပြောင်းလဲခြင်း၊ ကူးပြောင်းခြင်းအနက် အဓိပ္ပာယ်ဆောင်သော်လည်း အစဉ်အလာအားဖြင့် ရေပက်ဖျန်းခြင်းကိုသာ အလေးအမြတ်ထားကြသည်။

သင်္ကြန်တော်မင်္ဂလာ ဆင်ယင်ကျင်းပသည်မှာ ဥယျာဉ်ကြီးတစ်ခု အနီးရှိ ကြာမျိုးငါးမည် စုံညီပွင့်ဖူးသည့် ရေအိုင်ကြီးအနီးတွင် ရှေးကသာကီဝင်မင်းများ မင်းတဲများဆောက်လုပ်၍ ရေဖျန်းမင်္ဂလာသဘင်ပွဲဆင်ယင်ကျင်းပကာ ပျော်ရွှင်စွာ ရေပက်ဖျန်းကစားကြခြင်းမှစသည်ဟု ဆိုကြသည်။ ထို့နောက် နရသီဟပတေ့စည်သူမင်းလက်ထက်တွင် သင်္ကြန်ပွဲတော်ကျင်းပကြပြီး ယနေ့ထက်တိုင် ရေဖျန်းသဘင်သင်္ကြန်ပွဲတော်ကို နှစ်သစ်ကူးကာလတွင် နှစ်စဉ်ကျင်းပလေ့ရှိသည်။

နှစ်သစ်ကူးလဖြစ်သည့် တန်ခူးလတွင် အဟောင်းအဟောင်းတို့ ချုပ်ငြိမ်းကာ အသစ်အသစ်တို့ဝေစည်သောလဖြစ်၍ နှစ်ကူးလဟု ခေါ်ဆိုထိုက်သည်။ တန်ခူးကာလ ပူပြင်းသောအခါ၌ ရွက်ဟောင်းတို့ကြွေ၍ ရွက်သစ်တို့ စတင်ဝေစည်သောကာလဖြစ်သည်။ အတာရေသဘင်ပက်ဖျန်းသည့် သင်္ကြန်ကာလသို့မရောက်မီတွင် တန်ခူးမည်မှတ် အပင်မြတ်တို့သည် ရွက်ဟောင်းများကြွေကျသည်။ သင်္ကြန်ကာလသို့ရောက်လုနီး၌ ရွက်သစ်အဖူးအငုံတို့ ဝေစည်လာကြသည်။ ပူပြင်းသော ကာလဖြစ်သော်လည်း ရွက်သစ်တို့ဝေစည်လာသည်မှာ ကြက်သရေမင်္ဂလာအပေါင်းနှင့် ပြည့်စုံပြီး ထူးမြတ်လှသည်။

ပူလောင်ပြင်းပြလှသော နွေကာလ၌ သင်္ကြန်ရေသည် အေးမြလှသည်။ ပူပြင်းသောနွေကာလတွင် အပူဒဏ်ခံစားနေရသော လူတို့ကို အေးမြသောရေပက်ဖျန်းလိုက်ခြင်းသည် ပက်ဖျန်းခံရသူအဖို့ နှလုံးစိတ်ဝမ်းပျော်ရွှင်အေးချမ်းလှသည်။ ကောင်းချီးမင်္ဂလာပြည့်စုံလှသည်။ တစ်ဖက်တွင် ကုသိုလ်ကောင်းမှု အထူးပြုလုပ်ကြသူများရှိသလို အခြားတစ်ဖက်တွင် ပျော်ရွှင်ကြည်နူးဖွယ် သင်္ကြန်ရေပက်ဖျန်းခြင်းအမှုမှာ လိုက်ဖက်တင့်တယ်ပါသည်။

ဤသည်မှာ မြန်မာတို့၏ ရိုးရာယဉ်ကျေးမှု အစဉ်အလာဓလေ့ပင်ဖြစ်သည်။ ကောင်းမှုအထူးနှင့် ပျော်ရွှင်ကြည်နူးမှုတို့ ပေါင်းစုံမိသည့် ဤအခါကာလကို မည်သည့်နည်းနှင့်မျှ ညစ်နွမ်းအောင်၊ စွန်းထင်းအောင် မပြုလုပ်သင့်ပေ။ ညစ်နွမ်းခြင်း၊ စွန်းထင်းခြင်းကိုဖြစ်စေသည့် မကောင်းသောအပြုအမူများ၊ မကောင်းမှုဒုစရိုက်များကို ဝေးစွာရှောင်ကြဉ်ရမည်ဖြစ်သည်။

နှစ်ဟောင်းမှအညစ်အကြေးများကို နှစ်သစ်တွင်ဆေးကြောရမည့် အပြုအမူသည် မည်သည့်နေရာ၊ မည်သည့်သဘာဝတွင်မဆို ပြုလုပ်သင့်သော၊ ကြိုဆိုသင့်သော အစဉ်အလာဖြစ်သည်။ ဤမွန်မြတ်သောစိတ်ထားဖြင့် ဆင်ယင်ကျင်းပသည့် ပွဲတော်သဘင်ကို ပြည်သူများအားလုံး ပါဝင်ဆင်နွှဲထိုက်ပေသည်။ ဤသို့ပက်ဖျန်းဆေးကြောခြင်းဖြင့် ကောင်းသောလက္ခဏာ၊ ကောင်းသောအတိတ်နိမိတ်ကို ဆောင်ပေသည်။

အညစ်အကြေးတို့ကို ဆေးကြောခြင်းသည် သန့်ရှင်းစင်ကြယ်ခြင်းအဖြစ်ကို ရောက်ပေသည်။ သန့်ရှင်းစင်ကြယ်ခြင်းကို ထပ်မံညစ်နွမ်းခြင်းအဖြစ်သို့ရောက်အောင် မပြုလုပ်သင့်ချေ။ ပြည်သူအားလုံး မင်္ဂလာအပေါင်းနှင့်ပြည့်စုံပြီး ပျော်မဆုံး မော်မဆုံးရှိနေချိန်တွင် ညစ်နွမ်းသောအမှုကို ပြုကြသူများအား ဖယ်ရှားရမည်ဖြစ်သည်။ ဖြူစင်သောရေအလျဉ်ကို မည်းညစ်စွန်းထင်းခြင်းမခံရအောင် ပြည်သူများကပင် အသိတရားဖြင့် သတိထား၍ ညီညီညာညာဆင်နွှဲကြရမည်ဖြစ်သည်။ ။

# ဘုရင့်နောင်ညအိပ်ခွန်ယာဉ်ငယ်သုံးဆ၊ ယာဉ်ကြီးနှစ်ဆပေးဆောင်၊ ဒဂုံဈေးအဝေးပြေးဝင်း ညအိပ်ခွန်မတက်

**ရန်ကုန် မေ ၁၃**



၂၀၁၇ ခုနှစ် ဧပြီ ၁ ရက်မှစ၍ ဘုရင့်နောင်ပွဲရုံနှင့် ကုန်တင်ယာဉ် ရပ်နားစခန်းတွင် ယာဉ်ဝင်ခွင့်နှုန်းပြောင်းလဲခြင်းမရှိသော်လည်း ညအိပ်ခွန်မှာ ငါးတန်အထိ ယာဉ်ငယ်များ ကျပ် ၃၀၀ မှ ကျပ် ၁၀၀၀၊ ငါးတန်မှ ၁၀ တန်အထိ ကျပ် ၅၀၀ မှ ကျပ် ၁၃၀၀၊ ၁၀ တန်အထက် ကျပ် ၆၀၀ မှ ကျပ် ၁၅၀၀၊ ပေ ၄၀ ကုန်သေတ္တာတင်ယာဉ် ကျပ် ၁၀၀၀ မှ ကျပ် ၂၀၀၀ နှုန်းသို့ တိုးမြှင့်ကောက်ခံသည်ကို ယာဉ်ဝင်ခွင့် ကောက်ခံရေးဂိတ်အဝတွင် အစိမ်းရောင်ဗီနိုင်းဖြင့် ချိတ်ဆွဲထားသည်ကို တွေ့ရသည်။

ငါးတန်အောက်ယာဉ်များ ညအိပ်ခွန် သုံးဆ၊ ပေ ၄၀ ကုန်သေတ္တာတင်ယာဉ်များ နှစ်ဆပေးဆောင်လာရသည်။ ရန်ကုန်လိုင်စင်ယာဉ်များအနေဖြင့် ညအိပ်ခွန်ပေးဆောင်ရန်လို၊ မလို ယာဉ်ပိုင်ရှင်များက သိလိုသည်ဟု ပြောနေကြသည်။

လေလံနှစ်ကြိမ် မအောင်မြင်သေး၍ ယာယီစည်ပင်ဝန်ထမ်းများက ကောက်ခံလျက်ရှိသည်။ လေလံစည်းကမ်းပါ စည်းကမ်းသတ်မှတ်ချက်များကို အများပြည်သူသိရှိရန် ထုတ်ပြန်ပေးစေလိုကြသည်။

ယခင်က ညအိပ်ခွန်ကိုကားကြီးဝင်းအတွင်းသာ ကောက်ခံခွင့်ရှိခြင်း ယာဉ်တန်ချိန်အလိုက် ခွဲခြားကောက်ခံရခြင်း သတ်မှတ်ချက်ရှိသော်လည်း လိုက်နာခြင်းအားနည်း၍ ယာဉ်ပိုင်ရှင်များ ငွေပိုမိုကုန်ကျခဲ့သည်။

ငါးတန်အောက်ယာဉ်များ နေ့ပိုင်းတွင်ယာဉ်ဝင်ခွင့် ကျပ် ၃၀၀၊ နံနက် ၂ နာရီဝန်းကျင်ဝင်လျှင် ကျပ် ၅၀၀ ပေးရသည်ဟု ယာဉ်မောင်း ကိုဇော်က ပြောပြသည်။

ယာဉ်အမျိုးအစားအလိုက် သတ်မှတ်နှုန်းထားအတိုင်းသာ ကောက်ခံသင့်သကဲ့သို့ ပြေစာတွင်လည်း ပြည့်စုံစွာ ရေးသားပေးစေလိုသည်။ လိုအပ်ချက်ရှိပါက တိုင်ကြားနိုင်ရန်အထောက်အထားအဖြစ် အသုံးပြု၍ရနိုင်သည်။

ဘုရင့်နောင်ပွဲရုံဝင်းအတွင်း ညအိပ်ခွန်နှုန်းထားများစွာ မြင့်တက်လာသော်လည်း ဘုရင့်နောင်ကဲ့သို့ အခွန်ဌာနတစ်ခုတည်းအောက်တွင် တစ်ပြေးညီရှိနေသော လှိုင်သာယာ ဒဂုံဈေးအဝေးပြေးကားဝင်းတွင်မူ ညအိပ်ခွန်နှုန်းထားအသစ် ပြောင်းလဲအသိပေးထားခြင်းမရှိကြောင်း ကားဝင်းအဝင်ဝတွင် မေ ၁၂ ရက်က မြင်တွေ့ရသည်။

သင်္ကြန်ပိတ်ရက်များအလွန် ယခုလအတွင်း ကျင်းပရန်ရှိသော ဘုရင့်နောင်ယာဉ်ဝင်ခွင့်နှင့် ညအိပ်ခွန် လေလံပွဲ၏ ကောက်ခံရမည့်ယာဉ်ဝင်ခွင့် ညအိပ်ခွန် ကောက်ခံခွင့်ပြုသည့် နေရာသတ်မှတ်ထားချက် အပိုင်းအခြား၊ ညအိပ်ခွန်ကောက်ခံရမည့် အချိန်ကန့်သတ်ထားမှု၊ ရန်ကုန်လိုင်စင်များ ညအိပ်ခွန်ကင်းလွတ်ခွင့်ရနိုင်ခြင်း ရှိ၊ မရှိ အစရှိသည့် ယာဉ်ဝင်နှင့် ညအိပ်ကြေးများပေးဆောင်နေရသော ယာဉ်ပိုင်ရှင်များသိသာရန် သက်ဆိုင်ရာမှ ပွင့်လင်းမြင်သာစွာ ထုတ်ပြန် အသိပေးသင့်ကြောင်း ပြောဆိုလျက်ရှိသည်။

သို့မှသာယာဉ်ဝင်နှင့် ညအိပ်ကြေး ပေးနေသူများအနေဖြင့် လေလံရယူထားသူများ၏ လေလံစည်းကမ်းနှင့်အညီ ကောက်ခံနေခြင်း ရှိ၊ မရှိ ထင်သာမြင်သာ သိနိုင်သည်။ စည်းကမ်းနှင့်အညီ ကောက်ခံခြင်းမရှိပါက တိုင်ကြားနိုင်သည်။

၂၀၁၀ ဝန်းကျင်နှစ်များအတွင်း အသိပေးစာပါ စကားလုံးအနည်းငယ်ပြင်ဆင်ပြီး ယာဉ်ဝင်ခွင့်ငွေနှုန်းထားအချို့အပေါ် ပိုမိုကောက်ခံခြင်း ရှိခဲ့သည်။ သတင်းမီဒီယာများမှ အမှန်ကောက်ခံရမည့် နှုန်းထားကို ဖော်ထုတ်တင်ပြနိုင်ခဲ့ရာ ယာဉ်ဝင်ခွင့်နှုန်းထားအမှန်အတိုင်း ယနေ့အချိန်အထိ မှန်ကန်စွာကောက်ခံမှုရှိလာကြောင်း ကားဂိတ်လုပ်ငန်းလုပ်ကိုင်နေသူတစ်ဦးက ပြောဆိုသည်။

ဘုရင့်နောင် ပွဲရုံဝင်းအတွင်း ဝင်ရောက်မှုများသော သုံးတန်အောက် ကုန်ကားများကို တရားဝင် ယာဉ်ဝင်ခွင့် ကျပ် ၂၀၀ အစား ကျပ် ၃၀၀ နှုန်း လေလံသက်တမ်းဟောင်းလက်ထက်တွင် တိုးမြှင့်ကောက်ခံခြင်း ရှိခဲ့သည်။

**(မောင်စေအောင်)**

# ပုသိမ်မြို့ အဝေးပြေးကားဂိတ်၌ ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေး စစ်ဆေးဆောင်ရွက်



**ပုသိမ် မေ ၁၃**

ဧရာဝတီတိုင်းဒေသကြီး ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးကောင်စီ၏ ကြီးကြပ်လမ်းညွှန်မှုဖြင့် ဧပြီ ၁၂ ရက်က ပုသိမ်မြို့ အဝေးပြေးကားဂိတ်တွင် ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ် ကင်းရှင်းရေးအတွက် တာဝန်ရှိပူးပေါင်းအဖွဲ့များက စစ်ဆေးဆောင်ရွက်ခဲ့ကြသည်။

အဆိုပါ ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ် ကင်းရှင်းရေးစစ်ဆေးဆောင်ရွက်မှုများကို ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ လုပ်ငန်းလိုင်စင်နှင့် သယ်ယူပို့ဆောင်ရေးကြီးကြပ်ညှိနှိုင်းမှုဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့(ယာဉ်ထိန်း)၊ ပုဂ္ဂလိက မော်တော်ယာဉ်လုပ်ငန်းယာဉ်များ စနစ်တကျပြေးဆွဲရေးကြီးကြပ်ညှိနှိုင်းမှုကော်မတီတို့နှင့် ပူးပေါင်း၍ ပုသိမ်မြို့မှထွက်ခွာမည့် ခရီးသည်တင်မော်တော်ယာဉ် ၃၈ စီးကို စစ်ဆေးဆောင်ရွက်မှုများ ပြုလုပ်ခဲ့ကြသည်။

ယင်းသို့ စစ်ဆေးရာတွင် သတ်မှတ်စည်းကမ်းနှင့် ညီညွတ်မှုရှိ၊ မရှိနှင့် မော်တော်ယာဉ်မောင်းနှင်စီးနင်းသူအားလုံး အသက်ကယ်ခါးပတ်ဝတ်စေရေး၊ ယာဉ်မောင်းများ အရက်သေစာမူးယစ်သောက်စား၍ မော်တော်ယာဉ် မောင်းနှင်ခြင်းမရှိစေရေးတို့ကို စစ်ဆေးဆောင်ရွက်ခဲ့ကြသည်။ **(ကြေးမုံ)**


ကြေးမုံ
နေ့စဉ်သတင်းစာ

**စာတည်းမှူးချုပ်** - ဦးခင်မောင်ကျော်ဒင်
**စာတည်းမှူးများ** - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်
**စာတည်းများ** - ဦးစန်းအောင်၊ ဦးအေးသန်း၊ ဦးကျော်ဇေယျာမြင့်၊ ဒေါ်ခင်ခင်သက်၊ ဒေါ်မေလှဲ့သင်း၊ ဒေါ်စန္ဒာဝင်း
**သတင်းထောက်မှူး** - ဦးငွေအောင်
**ဘာသာပြန်စာတည်းများ** - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ ဦးအေဝမ်းစိုး၊ဦးအောင်ကျော်ကျော်
**အကြီးတန်းသတင်းထောက်များ** - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး၊ ဒေါ်သီသီမင်း
**အငယ်တန်းသတင်းထောက်များ** - ဦးအောင်ကျော်ဦး၊ ဒေါ်ခင်ဇာလီ၊ ဒေါ်ခင်စုစုလှိုင်၊
**ဓာတ်ပုံသတင်းထောက်** - ဦးခင်မောင်ဝင်း
**အထူးသတင်းထောက်** - ဒေါ်ဆုနှင်းလှဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်(၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

ကြေးမုံ The Mirror Established in 1957
၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

Gmail themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁၊
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂၊
မန္တလေး ၀၂-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# ပြည်သူနှင့်အတူ

## မိမိတို့၏မျှော်လင့်ချက်များရှိရာ အသိုက်အမြုံ

၂၀၃၀ ပြည့်နှစ် စဉ်ဆက်မပြတ်ဖွံ့ဖြိုးရေးရည်မှန်းချက်များ အကောင်အထည်ဖော်ရေးလုပ်ငန်းစဉ်သည် ကုလသမဂ္ဂနှင့် အဖွဲ့ဝင်နိုင်ငံများအတွက် ဦးစားပေးလုပ်ငန်းတစ်ရပ်ဖြစ်နေပါသည်။ ယနေ့အချိန်အခါတွင် ကုလသမဂ္ဂသည် အားလုံးအတွက် ပိုမိုငြိမ်းချမ်း၍ သာယာဝပြောသောကမ္ဘာကြီးတစ်ခု၊ ပိုမိုကြင်နာ၍ မေတ္တာတရားပြည့်ဝသော အိမ်ဂေဟာတစ်ခုဖြစ်စေလိုသော မိမိတို့၏မျှော်လင့်ချက်များရှိရာ အသိုက်အမြုံတစ်ခု ဖြစ်နေဆဲဖြစ်ပါသည်။

**(၂၀၁၆ ခုနှစ်၊ အောက်တိုဘာ ၂၄ ရက်တွင်ကျရောက်ခဲ့သည့် (၇၁)ကြိမ်မြောက်ကုလသမဂ္ဂနှစ်ပတ်လည်နေ့သို့ နိုင်ငံတော်သမ္မတ ဦးထင်ကျော် ပေးပို့သည့် သဝဏ်လွှာမှ ကောက်နုတ်ချက်)**

## စနစ်ကိုပြောင်းလဲခြင်းရဲ့ ခြေလှမ်းတစ်လှမ်း

အခုအချိန်အခါမှာဆိုလို့ရှိရင် ပြည်သူလူထုကို အကာအကွယ်ပေးနိုင်မယ့် ဥပဒေတွေပြဋ္ဌာန်းတဲ့ တစ်ချိန်တည်းမှာ ပြည်သူလူထုကို ဖိနှိပ်ရာရောက်တဲ့ ဥပဒေတွေကိုလည်း ကျွန်မတို့ ပြောင်းလဲသင့်တာကို ပြောင်းလဲတယ်၊ ဖယ်ရှားသင့်တာကို ဖယ်ရှားခဲ့ပါတယ်။ ဒါဟာစနစ်ကိုပြောင်းလဲခြင်းရဲ့ ခြေလှမ်းတစ်လှမ်း ဖြစ်ပါတယ်။ ပြည်သူတွေကတော့ စိတ်ဓာတ်ကိုပြောင်းလဲလား မပြောင်းလဲလားဆိုတာဟာ ပြည်သူတွေကိုယ်တိုင်သိမှာပါပဲ။

**(၃၀-၃-၂၀၁၇ ရက်နေ့တွင် နိုင်ငံတော်အစိုးရတာဝန်ယူမှု တစ်နှစ်ပြည့်အထိမ်းအမှတ်အဖြစ် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ပြောကြားသည့်မိန့်ခွန်းမှ ကောက်နုတ်ချက်)**

## YBS ပုံရိပ်မြှင့်တင်ပေးနေသောမြင်ကွင်းများ တွေ့မြင်လာ

**ရန်ကုန် မေ ၁၃**

မေ ၇ ရက်မှစ၍လေအေးပေးစက်မပါသော မြို့ပြင်သွားယာဉ်များ ခရီးတိုစီးပါက ကားခကျပ် ၁၀၀ သာ ကောက်ခံမည်ဆိုသော အသိပေးမှု၊ ယာဉ်ပေါ်တွင် ခရီးစဉ်ပိုင်းဖြတ်ဇယား၊ တိုင်ကြားရမည့်ဖုန်းနံပါတ်ပါဝင်သော အသိပေးစာတန်းမြင်တွေ့ရသည်။ ယာဉ်လိုင်းအများစုတွင် လိုက်နာမှုမြင်တွေ့ရသည်။ ခရီးသည်အချို့မှ မသိသေး၍ ယခင်ကဲ့သို့ကားခကျပ် ၂၀၀ ပေးသော်လည်း ကျပ် ၁၀၀ သာယူသည်ကို ကြုံခဲ့ရသည်ဟု ရွှေပေါက်ကံမှ မြောက်ဥက္ကလာအဝိုင်းသွားသူ သတင်းသမားအမျိုးသမီးတစ်ဦးက ပြောပြသည်။

ဇန်နဝါရီ ၁၆ ရက်မှစ၍ ပြောင်းလဲခဲ့သော ယာဉ်လိုင်းစနစ်သစ်တွင်တွေ့ကြုံရသော အဆင့်ဆင့်ကားပြောင်းစီးရခြင်း၊ ကားခပိုကုန်ရခြင်းတို့အပေါ် အဓိကပြောဆိုမှုများခဲ့သည်။ ယာဉ်ရောလူပါမပြောင်းသည့်အပြင် ယာဉ်လုပ်သားအချို့၏ စိတ်ထားများပါပြောင်းလဲမှုနည်းနေဆဲအပေါ် ဝေဖန်ပြောမှုများလာသည်။

ယာဉ်အသစ်တင်သွင်းမည့်ဖြစ်စဉ်မှာ အချိန်ကာလကြန့်ကြာခြင်းများ ရှိနေသည်ဟု သိရသည်။ သို့သော်ခရီးတိုစီးပါက ကားခကျပ် ၁၀၀ သာ ပေးရခြင်းကို ဆောင်ရွက်ပေးလာသည်။ ကားနှစ်ကြိမ်ပြောင်းစီးရ၍ကားခ ၂၀၀၊ ၁၀၀၊ ၂၀၀ စုစုပေါင်းငွေကျပ် ၅၀၀ ကုန်နေသည်ဟုပြောနေကြသော အလုံကြည့်မြင်တိုင်တို့မှ မင်္ဂလာဈေး-ပုဇွန်တောင်စသည့်ခရီးစဉ်တို့တွင် ယခုအခါ ကားခကျပ် ၁၀၀ စီပေါင်း ကျပ်သုံးရာဖြင့် သွားနိုင်သည်။



ယခင်စနစ်ဟောင်းတွင် လေအေးစက်မပါမထူးသော အထူးကားများ စီးခဲ့ရစဉ်က ကားခကျပ် ၃၀၀ ကုန်ခဲ့ရသည်။ မြို့လယ်ခရီးစဉ်များတွင် လေအေးပေးစက်အကြောင်းပြုမော်တင်မှ ပန်းဆိုးတန်းကားခကျပ် ၂၀၀ ကျော်လျှင် ကျပ် ၃၀၀ ကားခ ပေးရသည်။

ယခုသခင်မြပန်းခြံမှ ဗိုလ်တထောင်ဘုရားဝန်းကျင် မြို့လယ်ကားလမ်းမကြီး ငါးလမ်းပေါ် အဝိုင်းပတ်ယာဉ်လိုင်းပေါင်းသုံးလိုင်း မည်သည့်နေရာသို့စီးစီး အဝိုင်းပတ်ခရီးတွင် ကားခကျပ် ၁၀၀ သာ ကောက်ခံသည်။

နှစ်စဉ်သင်္ကြန်တွင်း မြို့လယ်တွင်းကားခပိုပေးရသော်လည်း ယခုနှစ်သင်္ကြန်အကြိုနေ့မေ ၁၃ ရက်တွင် မဟာဗန္ဓုလလမ်းအတိုင်းသွား လေအေးစက်ဖွင့်ကားကြီးများတွင် အဝိုင်းပတ်ကားခကျပ် ၁၀၀ ဖြင့် စီးခဲ့ရသည်။

သို့သော်အနော်ရထာလမ်းသွား အဝိုင်းပတ်မီနီဘတ်ယာဉ်ငယ်ပေါ်တွင်မူ သင်္ကြန်အကြောင်းပြ ကားပေါ်တက်ကားခကျပ် ၂၀၀ ကောက်ခံနေသည်ကို ကြုံရသည်။ ဆူးလေဘုရားလမ်းမှတ်တိုင်တွင် BM ကားများခရီးသည်စောင့်တင်နေသည်ကို မြင်တွေ့ရသည်။ မြို့လယ်မှာပင် YBS ပုံရိပ်မြှင့်တက်စေသော သင်္ကြန်ကာလအတွင်း ပြေးဆွဲနေသည့် လေအေးစက်ဖွင့်ကားကြီး ကားခကျပ် ၁၀၀ ဖြင့် ပြေးဆွဲနေသကဲ့သို့ လေအေးစက်မပါကားခကျပ် ၂၀၀ ကောက်ခံနေသော အဝိုင်းပတ်လမ်းကြောင်းမတူ သတ်မှတ်ကားခနှုန်းအတူတူ မီနီဘတ်ယာဉ်ငယ်၏ ဖြစ်စဉ်မှာ YBSပုံရိပ်ကျဆင်းစေသကဲ့သို့ ဖြစ်နေသည်။

အလားတူ မြို့ပြင်သွားယာဉ်လိုင်းများတွင်လည်း ကားခနှုန်းထားများ ကွဲပြားမှုရှိနေသည်ဟု သိရသည်။ တစ်ဆင့်ပြီးတစ်ဆင့် ပြောင်းလဲမှုအရှိန်နှေးသဖြင့် ဝေဖန်မှုများရှိနေသော်လည်း ယာဉ်လိုင်းစနစ်သစ်၏ပုံရိပ်မြှင့်စေမည့်ဖြစ်စဉ်များ မြင်တွေ့လာရသည်။

ယာဉ်လိုင်းလမ်းကြောင်းများပေါ်ရှိ ဝန်ထမ်းများအနေဖြင့် ယာဉ်ပေါ်ပါခရီးသည်များ၏ တိုင်ကြားလိုသည့်အကြောင်းအရာများကို လက်ခံပြီး သက်ဆိုင်ရာသို့ ဆက်လက်တင်ပြပေးပါလျှင် စည်းကမ်းထိန်းသိမ်းရေး အရှိန်မြှင့်တင်သကဲ့သို့ဖြစ်လာနိုင်သည်ဟု လမ်းမတော်မြို့နယ် ဘုန်းကြီးလမ်းတွင် အလုပ်လုပ်ကိုင်နေသူ ကိုမြင့်ဆွေက ပြောသည်။

**(မောင်စေအောင်)**

## သင်္ကြန်ကာလ YBS ကားခ ဈေးမတက်

**ရန်ကုန် မေ ၁၃**

ဇန်နဝါရီ ၁၆ ရက်မှစတင်ပြီး ပြောင်းလဲခဲ့သည့် အများပိုင်စနစ်သစ် ဘတ်စ်ကားလိုင်း(YBS)များကြောင့် ယခုနှစ် မဟာသင်္ကြန်ကာလအတွင်း စိတ်ချမ်းမြေ့စွာ သွားလာနိုင်ခဲ့သည်။

ယခုနှစ်မဟာသင်္ကြန်ကာလအတွင်း တာဝန်ထမ်းဆောင်ကြရသည့် အချို့ဝန်ထမ်းများနှင့် မဟာသင်္ကြန်ကို အထူးမျှော်လင့်စောင့်ဆိုင်းနေကြသည့် လူငယ်လူရွယ်များကလည်း YBS ကို အထူးကျေးဇူးတင်မိကြသည်။

မဟာသင်္ကြန်ကာလအတွင်း တာဝန်ကျသည့် ရုံးဝန်ထမ်းတစ်ဦးက "အရင်နှစ်တွေက သင်္ကြန်ကာလမှာတာဝန်ကျရင် ကားခ ဘယ်လောက်ပေးရမလဲဆိုတာကို အရင်တွေးမိတာပေါ့၊ အခုနှစ်သင်္ကြန်ကာလ ရုံးမှာတာဝန်ကျတော့ ကားခက ပုံမှန်အတိုင်းဆိုတော့ အတိုင်းမသိ ဝမ်းသာသွားတယ်။ နှစ်တိုင်းလည်း ဒီလိုပဲဖြစ်ပါစေလို့ ဆုတောင်းမိပါတယ်"ဟု ပြောသည်။

"သင်္ကြန်လျှောက်လည်ချင်ရင် အရင်နှစ်တွေက ကားခအတွက် စိတ်ပူရတယ်။ အခုနှစ်တော့ ကားခအတွက် မပူရတော့ဘူး။ အရင်နှစ်တွေက ကားပေါ်တက်တာနဲ့ သူတို့တောင်းသလောက်ပေးနေရတာ၊ အခုနှစ် ကားခက ဈေးမတက်ဘဲ ပုံမှန်အတိုင်းပဲဆိုတော့ မြို့ထဲအထိလျှောက်လည်ဖြစ်တယ်။ အလွန်ဝမ်းသာတယ်"ဟု ဒဂုံမြို့သစ်(တောင်ပိုင်း)နေ လူငယ်တစ်ဦးကလည်း ရင်ဖွင့်ပြောဆိုခဲ့သည်။

**(ခင်ချို)**



**ရထားရဲတပ်ဖွဲ့ အမှတ်(၁၁) တပ်ခွဲ (ပဲခူး)တပ်ခွဲမှူး ဒုတိယရဲမှူးသက်ထွန်း၊ မေ ၉ ရက်က တပ်စု (၁) ညောင်လေးပင်တပ်စုမှူး ရဲအုပ်စိုးလေး၊ တပ်စု(၂) ကျောက်တံခါး တပ်စုမှူး ရဲအုပ်ထွန်းထွန်းဦး တို့နှင့်အတူ သင်္ကြန်ကာလအတွင်း ရထားစီးခရီးသည်များ စိတ်ချမ်းမြေ့စွာ ခရီးသွားလာနိုင်ရေးအတွက် ရထားလမ်း/ဘူတာကင်းများတွင် လုံခြုံရေးတာဝန်ယူဆောင်ရွက်နေသည့် တပ်ဖွဲ့ဝင်များအား စနစ်တကျစောင့်ကြပ်မှုရှိစေရေး သူဌေးကုန်းဘူတာကင်းမှ ဖြူးဘူတာကင်းအထိ လိုက်လံစစ်ဆေးနေစဉ်။** (ကြေးမုံ)

## ရထားရဲတပ်ဖွဲ့ အမှတ်(၁၄) တပ်ခွဲ(အင်းစိန်) အသိပညာပေး ဟောပြော

**ရန်ကုန် မေ ၁၃**

ရထားရဲတပ်ဖွဲ့အမှတ်(၁၄) တပ်ခွဲ(အင်းစိန်)မှ တပ်ခွဲမှူး ဒုတိယရဲမှူး စိုးမိုးလွင်နှင့်အဖွဲ့သည် မေ ၁၂ ရက် ညနေ ၃ နာရီတွင် သမိုင်းဘူတာရုံ ရုံးခန်းမ၌ လက်မှတ်အရောင်းစာရေး (တာဝန်ခံ) ဦးကျော်ကျော် အပါအဝင် နှစ်ဦးတို့နှင့်အတူ ရထားစီးခရီးသည် ၅၂ ဦးအား မဟာသင်္ကြန်ကာလအတွင်း ရထားနှင့်ပတ်သက်သောမှုခင်းများ မဖြစ်ပေါ်စေရေး၊ ရထားခဲပေါက်မှုများ မဖြစ်ပေါ်စေရေး၊ ရထားစီးနင်းခရီးသွားပြည်သူများအား ညစ်ညမ်းသောရေများဖြင့် လောင်းပက်ခြင်းများ မပြုလုပ်စေရေး၊ ရထားပို့ဆောင်ရေးလုပ်ငန်းဥပဒေပါ ပြစ်မှုပြစ်ဒဏ်များအား သိရှိစေရေးအတွက် အသိပညာပေးဟောပြောဆွေးနွေးခြင်းများဆောင်ရွက်ကာ အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**(ညဏ်လင်း)**

**မူးယစ်ဒုက္ခ မပေါ့ဆနှင့်**

# သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံရမည်ဆိုပါက အီးယူမှ ပြင်သစ်နုတ်ထွက်ရေး ဆောင်ရွက်မည်ဟု လီပန်းပြော

**ပါရီ ဧပြီ ၁၃**
မိမိသည် သမ္မတရွေးကောက်ပွဲတွင် အနိုင်ရရှိမည်ဆိုပါက ဥရောပသမဂ္ဂ(အီးယူ)မှ ပြင်သစ်နိုင်ငံနုတ်ထွက်ရေး ပြည်သူ့ဆန္ဒတောင်းခံသည့် လူထုဆန္ဒခံယူပွဲကို ခြောက်လအတွင်းပြုလုပ်ပေးရန် ကတိကဝတ်ပြုကြောင်း သမ္မတလောင်းမာရင်းလီပန်းက ပြောကြားလိုက်သည်။

ဖရွန့်နေရှင်နယ်ပါတီခေါင်းဆောင် အမျိုးသမီးနိုင်ငံရေးသမားတစ်ဦးဖြစ်သူ လီပန်းသည် ဥရောပသမဂ္ဂအား ဒီမိုကရေစီနည်းလမ်းနှင့်အညီ လှုပ်ရှားဆောင်ရွက်ခြင်းမရှိသော အဖွဲ့အစည်းတစ်ရပ်အဖြစ် ပြင်းပြင်းထန်ထန် ဝေဖန်ခဲ့သူဖြစ်သည်။ ပြင်သစ်ပြည်သူပြည်သားများအနေဖြင့် ၎င်းတို့၏ အနာဂတ်အတွက် ကိုယ်တိုင်ဆုံးဖြတ်နိုင်စွမ်းရှိစေမည်ဟု လီပန်းက ပြောကြားသည်။

ဥရောပသမဂ္ဂ၏ ဒီမိုကရေစီကျင့်စဉ်များနှင့် လျော်ကန်ခြင်းမရှိသော ဥပဒေစည်းမျဉ်းများမှ ကင်းဝေးပြီး အချုပ်အခြာအာဏာ အခိုင်အမာပိုင်စိုးသော နိုင်ငံတော်အဖြစ် ပြန်လည်ရပ်တည်ရေးမှာ မိမိ၏ဦးစားပေးလုပ်ငန်းတစ်ရပ်ဖြစ်လိမ့်မည်ဟု လီပန်းက မဲဆွယ်စည်းရုံးရေးခရီးစဉ်အတွင်း ပြောကြားခဲ့သည်။

မိမိသည် သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံရပါက အီးယူမှ ပြင်သစ်နိုင်ငံ နုတ်ထွက်ရန် သင့်၊ မသင့် ပြည်သူများအတွင်း ဆွေးနွေးညှိနှိုင်းမှုများကို ခြောက်လကြာမျှ ပြုလုပ်စေမည်ဖြစ်ကြောင်း၊ ယင်းနောက်တွင် လူထုဆန္ဒခံယူပွဲတစ်ရပ်ဖြင့် ပြည်သူတို့ကိုယ်တိုင် ဆုံးဖြတ်စေမည်ဖြစ်ကြောင်း ၎င်းကပြောကြားသည်။

သမ္မတလောင်း လီပန်းသည် သမ္မတအဖြစ်ရွေးချယ်တင်မြှောက်ခံရပါက နှစ်လတာကာလအတွင်း ၎င်းအကောင်အထည်ဖော်လိုသော လုပ်ငန်းစဉ်များ၏ အချက်(၁၀)ချက်ပါ အစီအစဉ်တစ်ရပ်ကို ၎င်း၏အင်တာနက်ဝက်ဘ်ဆိုက်မှတစ်ဆင့် ထုတ်ပြန်ကြေညာထားသည်။

ရှာဟင်ဂင် သဘောတူညီချက်များအား ချက်ချင်းဆိုင်းငံ့ရေး၊ ဥရောပအနောက်ပိုင်းနိုင်ငံများ၏ နယ်စပ်ဒေသများ ပြန်လည်ဖွင့်ပေးရေးတို့မှာ အဆိုပါအစီအစဉ်တွင် ပါဝင်သည်။ ရှာဟင်ဂင် ဥပဒေများဟု ခေါ်တွင်သော သဘောတူညီချက်များအရ ဥရောပသမဂ္ဂအဖွဲ့ဝင် ၂၆ နိုင်ငံအကြား နိုင်ငံကူးလက်မှတ်မပါဘဲ ကူးလူးသွားလာနိုင်ရန် ခွင့်ပြုပေးထားသည်။ သို့ရာတွင် မကြာသေးမီက အီးယူအုပ်စုဝင် နိုင်ငံများ၌ အကြမ်းဖက်တိုက်ခိုက်မှုများ ဆက်တိုက်ဖြစ်ပွားခဲ့သဖြင့် ယင်းသဘောတူညီချက်များမှာ ဝေဖန်စရာဖြစ်ခဲ့ရသည်။




၎င်းအပြင် တရားမဝင် ရွှေ့ပြောင်းအခြေစိုက်နေထိုင်သူများအတွက် နိုင်ငံတော်က ကျန်းမာရေးစောင့်ရှောက်မှု အကူအညီပေးသည့်စနစ်ကို ဖျက်သိမ်းရန်လည်း လီပန်းက ကတိပြုပြောဆိုသည်။ ပြင်သစ်နိုင်ငံသားများအနေဖြင့် ဥရောပနိုင်ငံများ မဟုတ်သည့် ကမ္ဘာ့နိုင်ငံများမှ နိုင်ငံကူးလက်မှတ်ကိုင်ဆောင်ခြင်းမပြုရန် တားမြစ်ပိတ်ပင်မည်ဟု အချက်(၁၀)ချက်ပါ အစီအစဉ်တွင် ဖော်ပြထားသည်။ ပြင်သစ်သမ္မတရွေးကောက်ပွဲ၏ ပထမအကျော့မဲပေးပွဲကို ဧပြီ ၂၃ ရက်တွင် ကျင်းပမည်ဖြစ်သည်။ **ရိုက်တာ။**

# အီရန်သမ္မတဟောင်း အမာဒီနီဂျက် ရွေးကောက်ပွဲထပ်မံဝင်ရောက်ယှဉ်ပြိုင်မည်

**တီဟီရန် ဧပြီ ၁၃**
အီရန်သမ္မတဟောင်း မိုဟာမက် အမာဒီနီဂျက်သည် လာမည့် အီရန်သမ္မတရွေးကောက်ပွဲတွင် ထပ်မံဝင်ရောက်ယှဉ်ပြိုင် အရွေးချယ်ခံရန်အတွက် ဗုဒ္ဓဟူးနေ့တွင် အမည်စာရင်းတင်သွင်းခဲ့သည်။ အီရန်ပြည်ထဲရေးဝန်ကြီးဌာနသို့ အမည်စာရင်းလာရောက်တင်သွင်းစဉ်အမာဒီနီဂျက်က အနိုင်ရလိမ့်မည်ဟု မျှော်လင့်ကြောင်း ပြောကြားခဲ့သည်။ အမာဒီနီဂျက်က သူသာ ပြန်လည်ရွေးချယ်တင်မြှောက်ခံရပါက အီရန်နိုင်ငံကို လွတ်လပ်ပြီး တရားမျှတမှုရှိသည့် နိုင်ငံအဖြစ် ထူထောင်သွားရန် ကြိုးစားသွားမည်ဖြစ်ကြောင်း ကတိပြုခဲ့သည်။



သဘောထားတင်းမာသည့် သမ္မတဟောင်း အမာဒီနီဂျက်သည် ၂၀၁၃ ခုနှစ် ရွေးကောက်ပွဲတွင် အနိုင်ရရှိခဲ့သူ ယခုအီရန်သမ္မတ ဟက်ဆန်ရိုဟာနီ မတိုင်မီက အီရန်သမ္မတအဖြစ် လေးနှစ်သက်တမ်းနှစ်ကြိမ် တာဝန်ထမ်းဆောင်ခဲ့သူဖြစ်သည်။ ဧပြီ ၁၁ ရက်တွင် အီရန်ပြည်ထဲရေးဝန်ကြီး အက်ဘဒိုလ်ရီဇာ ရာမနီဖာဇ်လီက တီဟီရန်မြို့တော်တွင် အီရန်နိုင်ငံ၏ ၁၂ ဦးမြောက် သမ္မတရွေးကောက်ပွဲအတွက် သမ္မတလောင်းအမည်စာရင်း တင်သွင်းမှု စတင်ပြီဖြစ်ကြောင်း ကြေညာခဲ့သည်။

အမည်စာရင်း တင်သွင်းနိုင်သည့်ရက် ငါးရက်ကြာမြင့်မည်ဖြစ်ပြီး အမည်စာရင်း တင်သွင်းထားသူအားလုံးသည် နိုင်ငံ၏ အမြင့်ဆုံး ဥပဒေပြု အဖွဲ့အစည်းဖြစ်သည့် ဖွဲ့စည်းပုံအခြေခံဥပဒေ ကာကွယ်စောင့်ရှောက်ရေးကောင်စီ၏ စိစစ်ရေးလုပ်ငန်းစဉ်များကို လိုက်နာကြရမည်ဖြစ်သည်။ အဆိုပါကောင်စီက သမ္မတလောင်း အမည်စာရင်းတင်သွင်းသူများ၏ အရည်အချင်းကို အကဲဖြတ်သွားမည်ဖြစ်ပြီး အရည်အချင်းပြည့်မီသည့် သမ္မတလောင်း အမည်များကို ဧပြီ ၂၇ ရက်တွင် ထုတ်ပြန်ကြေညာသွားမည် ဖြစ်သည်။

အီရန်ပြည်ထဲရေးဝန်ကြီးဌာန၏ ထုတ်ပြန်ထားသည့် ရွေးကောက်ပွဲအချိန်ဇယားအရ ရွေးကောက်ပွဲ မဲဆွယ်စည်းရုံးမှုများကို ဧပြီ ၂၈ ရက်တွင် စတင်မည်ဖြစ်ပြီ မေ ၁၇ ရက်တွင် ပြီးဆုံးမည်ဖြစ်သည်။ သမ္မတလောင်းများအနေဖြင့် ရွေးကောက်ပွဲအတွက် မဲဆွယ်စည်းရုံးချိန် ရက် ၂၀ ရရှိမည်ဖြစ်သည်။ ရွေးကောက်ပွဲကို မေ ၁၉ ရက်တွင် ကျင်းပရန် သတ်မှတ်ထားသည်။ **ဆင်ဟွာ။**

# တရုတ်နိုင်ငံက မြောက်ကိုရီးယားကို ဖိအားပေးလိမ့်မည်ဟု ထရန့် မျှော်လင့်

**ဝါရှင်တန် ဧပြီ ၁၃**
အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်က တရုတ်နိုင်ငံသည် မြောက်ကိုရီးယားအပေါ် ပိတ်ဆို့အရေးယူမှုများတဖြည်းဖြည်းပြုလုပ်သွားပြီး ပိုမိုဖိအားပေးသွားလိမ့်မည်ဟု မျှော်လင့်လျက်ရှိကြောင်းပြောကြားသည်။

ထရန့်သည် ဧပြီ ၁၂ ရက်က အိမ်ဖြူတော်တွင် နေတိုးအတွင်းရေးမှူးချုပ် ဂျန်စတိုတန်ဘာ့ဂ်နှင့် တွေ့ဆုံပြီးနောက် သတင်းထောက်များကို အထက်ပါအတိုင်း ပြောကြားခြင်းဖြစ်သည်။

ထရန့်က လွန်ခဲ့သည့်သီတင်းပတ်တွင် တရုတ်သမ္မတ ရှီကျင့်ဖျင်နှင့် ပထမဆုံးအကြိမ်တွေ့ဆုံဆွေးနွေးခဲ့မှုသည် အလွန်စိတ်ဝင်စားစရာကောင်းပြီး နှစ်နိုင်ငံအတူယှဉ်တွဲရပ်တည်လျက်ရှိကြောင်း ပြောကြားသည်။

ထရန့်က တရုတ်သမ္မတရှီကျင့်ဖျင်သည် မြောက်ကိုရီးယားအရေးနှင့်ပတ်သက်၍ အမေရိကန်နိုင်ငံကို အကူအညီပေးလိုသည့် ဆန္ဒရှိသည်ဟု ထင်မြင်ကြောင်း ပြောကြားသည်။ မြောက်ကိုရီးယားနိုင်ငံသည် နျူကလီးယားနှင့် ဒုံးကျည်အစီအစဉ်များကို အဆင့်မြှင့်တင်ရန် အရှိန်မြှင့် လုပ်ဆောင်လျက်ရှိသည်။

တရုတ်နိုင်ငံသည် မြောက်ကိုရီးယားနိုင်ငံကို စတင်ဖိအားပေးရန် ကြိုးစားနေပြီဟု ယူဆကြောင်းနှင့် မြောက်ကိုရီးယားနိုင်ငံက ကျောက်မီးသွေးသင်္ဘောများပြန်လှည့်သွားရန် စေခိုင်းသည့်ဆုံးဖြတ်ချက်သည် ကြီးမားသည့်ခြေလှမ်းတစ်ရပ်ဖြစ်ကြောင်း ထရန့်က ပြောကြားသည်။

တရုတ်နိုင်ငံသည် မြောက်ကိုရီးယားနိုင်ငံမှ ကျောက်မီးသွေးဝယ်ယူတင်သွင်းမှုကို ရပ်ဆိုင်းလိုက်ကြောင်း ဖေဖော်ဝါရီလတွင် ထုတ်ပြန်ကြေညာခဲ့သည်။ ထရန့်က ပြီးခဲ့သည့်ရက်များအတွင်း ရှီကျင့်ဖျင်နှင့် တယ်လီဖုန်းဆက်သွယ်ပြောဆိုခဲ့သည်ဟု ဆိုသည်။ ဆီးရီးယားတွင် ဓာတုအဆိပ်ငွေ့များ သုံးစွဲခဲ့ဖွယ်ရှိမှုနှင့် ပတ်သက်၍ ကုလသမဂ္ဂလုံခြုံရေးကောင်စီတွင် ပြစ်တင်ရှုတ်ချသည့် ဆုံးဖြတ်ချက်မူကြမ်းကို တရုတ်နိုင်ငံက ဗီတိုအာဏာသုံးပြီး မပယ်ချခဲ့သည့်အတွက် ထရန့်က ချီးကျူးစကားဆိုခဲ့သည်။ **အင်န်အိတ်ချ်ကေ။**

# လယ်ယာစိုက်ပျိုးရေး ထုတ်လုပ်မှုပုံစံအဆင့်မြှင့်ရန် တရုတ်အစိုးရအဖွဲ့က အစီအစဉ်ရေးဆွဲလျက်ရှိ

**ပေကျင်း ဧပြီ ၁၃**
တရုတ်နိုင်ငံသည် လယ်ယာစိုက်ပျိုးရေးထုတ်လုပ်မှုပုံစံကို အဆင့်မြှင့်တင်နိုင်ရေးအတွက် အစီအစဉ်ရေးဆွဲလျက်ရှိကြောင်း၊ လယ်ယာစိုက်ပျိုးရေး ထွက်ကုန်များအား ထိထိရောက်ရောက်ထောက်ပံ့ပေးနိုင်စေရေးအတွက် လယ်ယာစိုက်ပျိုးရေးဆိုင်ရာကုန်ထုတ်လုပ်မှု ဇရိယာများကို တိတိကျကျသတ်မှတ်သွားမည်ဖြစ်ကြောင်း လယ်ယာစိုက်ပျိုးရေးဝန်ကြီးဟန်ချန့်ဖူက ဧပြီ ၁၂ ရက်တွင် ပြောကြားလိုက်သည်။

ဆန်စပါး၊ ဂျုံနှင့်ပြောင်းတို့အပါအဝင် အဓိကကောက်ပဲသီးနှံ ထွက်ကုန်များအတွက် စိုက်ပျိုးမြေ 'မူ' သန်း ၉၀၀ (ဟက်တာ သန်း ၆၀)ကိုလည်းကောင်း၊ ပဲပိစပ်၊ ဝါ၊ ကြံ၊ မုန်ညင်းနှင့် သဘာဝရော်ဘာတို့ဖြစ်ကြသည့် အရေးပါသော ထွက်ကုန်ငါးမျိုးအတွက် စိုက်ပျိုးမြေ 'မူ' ၂၃၈ သန်းကိုလည်းကောင်း လျာထားကြောင်း နိုင်ငံတော်ကောင်စီက ထုတ်ပြန်သော ကြေညာချက်တွင် ဖော်ပြထားသည်။ 'မူ'ဆိုသည်မှာ တရုတ်လူမျိုးတို့က မြေနေရာအကျယ်အဝန်းနှင့်ပတ်သက်၍ အသုံးပြုသော ယူနစ်ဖြစ်ပြီး တစ်'မူ'လျှင် စတုရန်းကိုက် ၈၀၆ ဒသမ ၆၅(သုည ဒသမ ၁၆၅ ဧက)ရှိသည်။

လယ်ယာစိုက်ပျိုးရေး ထုတ်လုပ်မှုပုံစံ အဆင့်မြှင့်တင်ရေးအစီအစဉ်ကို နိုင်ငံတော်၏ စားနပ်ရိက္ခာ ထောက်ပံ့ရေးဆိုင်ရာ မဟာဗျူဟာနှင့်အညီ အကောင်အထည်ဖော်မည်ဖြစ်ကြောင်း၊ အနာဂတ်ကာလတွင် ရောင်းလိုအားနှင့် ဝယ်လိုအားမျှတစေရန် ရည်ရွယ်ကြောင်း လယ်ယာစိုက်ပျိုးရေးဝန်ကြီးဟန်က ပြောကြားသည်။

လယ်ယာစိုက်ပျိုးရေး ထုတ်လုပ်မှုပုံစံကို အဆင့်မြှင့်တင်နိုင်စေရန် အခြေခံအဆောက်အအုံဆိုင်ရာ ရင်းနှီးမြှုပ်နှံမှု တိုးမြှင့်ပြုလုပ်သင့်ကြောင်း၊ ရေအရင်းအမြစ်ထိန်းသိမ်းရေးနှင့် ရေစုဆောင်းရေး စီမံကိန်းများကဲ့သို့သော စီမံကိန်းများကို အကောင်အထည်ဖော်ရမည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

တောင်သူလယ်သမားများအတွက် ချေးငွေများထုတ်ပေးခြင်း၊ အာမခံစနစ်ထားရှိခြင်းတို့ အပါအဝင် ဘဏ္ဍာရေးအကူအညီများ တိုးမြှင့်ပေးရန် စီစဉ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းအတွက် အသုံးပြုရန်လျာထားသော မြေနေရာကို အခြားသော ရည်ရွယ်ချက်များအလို့ငှာ အသုံးပြုခြင်း မရှိစေရေးအတွက် ကြီးကြပ်ကွပ်ကဲခြင်းနှင့် ကွင်းဆင်းစစ်ဆေးခြင်းတို့ကို တိုးမြှင့်ပြုလုပ်သွားမည်ဖြစ်ကြောင်း ဝန်ကြီးဟန်က ပြောကြားသည်။ **ဆင်ဟွာ။**

# ပျံသန်းနေသောလေယာဉ်ပေါ်မှ အလောင်းများပစ်ချမှု မက္ကဆီကိုနိုင်ငံမြောက်ပိုင်း၌ ဖြစ်ပွား

**မက္ကဆီကိုစီးတီး ဧပြီ ၁၃**
မက္ကဆီကိုနိုင်ငံမြောက်ပိုင်းရှိ မူးယစ်ဆေးဝါးဂိုဏ်းများ သောင်းကျန်းနေသော စီနာလိုအာပြည်နယ်တွင် ဧပြီ ၁၂ ရက် အစောပိုင်းက အနိမ့်ပျံသန်းနေသည့် လေယာဉ်တစ်စင်းပေါ်မှ လူသေအလောင်းသုံးလောင်းကို ပစ်ချခဲ့ကြောင်း ဆင်ဟွာသတင်းတွင် ဖော်ပြသည်။

ညှဉ်းပန်းနှိပ်စက်ခြင်းခံရပြီး သေဆုံးသွားသည့် အမျိုးသားအလောင်းသုံးလောင်းကို စီနာလိုအာပြည်နယ် အယ်ဒိုရာဒိုမြို့တွင်းရှိ မတူညီသော နေရာသုံးနေရာတွင် လေယာဉ်ငယ်တစ်စင်းပေါ်မှ ပစ်ချခဲ့ခြင်းဖြစ်ကြောင်း မီလီနီယိုနေ့စဉ် သတင်းစာက ဖော်ပြသည်။

ဧပြီ ၁၂ ရက် ဒေသစံတော်ချိန် နံနက် ၇ နာရီခန့်တွင် အလွန်နိမ့်သည့် အမြင့်မှ ပျံသန်းနေသော လေယာဉ်ငယ်တစ်စင်းပေါ်မှ လူသေအလောင်းများ ပစ်ချနေသည်ကို ဒေသခံပြည်သူများ တွေ့မြင်ခဲ့ရကြောင်း မက္ကဆီကိုရဲအဖွဲ့၏ အစီရင်ခံစာတွင် ဖော်ပြသည်။

ဒေသတွင်းထုတ်လွှင့်သည့် ရုပ်မြင်သံကြားကွန်ရက်ဖြစ်သည့် ကာဒီနာထရီးက မကြုံစဖူးထူးခြားဖြစ်ရပ်များဟု အမည်ပေးထားသော အစီအစဉ်တွင် အဆိုပါဖြစ်ရပ်ကို စီနာလိုအာပြည်နယ်၌ အလောင်းမိုးရွာဟု ခေါင်းစဉ်တပ်ခဲ့သည်။

မက္ကဆီကိုနိုင်ငံမှ ရာဇဝတ်ဂိုဏ်းများသည် ၎င်းတို့လက်ချက်ကြောင့် သေဆုံးသွားသူများ၏ ရုပ်အလောင်းများကို အများပြည်သူဆိုင်ရာနေရာများ၌ မကြာခဏစွန့်ပစ်လေ့ရှိကြသည်။

**ဆင်ဟွာ။**

# မြဝတီမြို့ မြန်မာ့ရိုးရာမဟာသင်္ကြန်ဗဟိုမဏ္ဍပ်ဖွင့်ပွဲ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း တက်ရောက်

**မြဝတီ ဧပြီ ၁၃**

ကရင်ပြည်နယ် မြဝတီမြို့၏ ၁၃၇၈ ခုနှစ် မြန်မာ့ရိုးရာ မဟာသင်္ကြန်ဗဟိုမဏ္ဍပ်ဖွင့်ပွဲ အခမ်းအနားကို ယနေ့ညနေ ၅ နာရီတွင် မြဝတီမြို့ အမှတ် (၄)ရပ်ကွက် သောင်ရင်းခန်းမအနီးရှိ အဆိုပါမဏ္ဍပ်၌ ကျင်းပရာ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း တက်ရောက်အားပေးချီးမြှင့်သည်။

အခမ်းအနားသို့ လွှတ်တော်ကိုယ်စားလှယ်များ၊ မြဝတီခရိုင်အုပ်ချုပ်ရေးမှူး ဦးထူးလွင်၊ ထိုင်းနိုင်ငံ တပ်ခ်ခရိုင်အုပ်ချုပ်ရေးမှူး မစ္စတာ နိုင်းကျလိန်းလစ်စင္ဂန်စက်၊ သင်္ကြန်ယိမ်းအဖွဲ့ဝင်များ၊ ဒေသခံပြည်သူများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း၊ မြဝတီခရိုင်အုပ်ချုပ်ရေးမှူး၊ ခရိုင်ရဲတပ်ဖွဲ့မှူး၊ လွှတ်တော်ကိုယ်စားလှယ်များနှင့် တာဝန်ရှိသူများက ဗဟိုမဏ္ဍပ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(ယာပုံ)**

ထို့နောက် မြဝတီမြို့နယ် မြန်မာ့ရိုးရာမဟာသင်္ကြန်ဖြစ်မြောက်ရေး ကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးထူးလွင်က မဟာသင်္ကြန်ပွဲတော်ဖွင့်ပွဲ အခမ်းအနားနှင့်စပ်လျဉ်း၍ အမှာစကားပြောကြားသည်။

ယင်းနောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံ တပ်ခ်ခရိုင်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများသည် စုပေါင်းဓာတ်ပုံရိုက်ကြပြီး မြန်မာ့ရိုးရာမဟာသင်္ကြန်အထိမ်းအမှတ် အတာရေများပက်ဖျန်းကြသည်။

ထို့နောက် သင်္ကြန်ယိမ်းအဖွဲ့ဝင်များက အတာသင်္ကြန်အကအလှများဖြင့် ကပြ ဖျော်ဖြေကြသည်။

**(သတင်းစဉ်)**





အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း မြဝတီမြို့ မြန်မာ့ရိုးရာမဟာသင်္ကြန်ဗဟိုမဏ္ဍပ် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်စဉ်။



သင်္ကြန်အကြိုနေ့ ရန်ကုန်အနောက်ပိုင်းခရိုင် အလုံမြို့နယ် အောက်ကြည့်မြင်တိုင်လမ်း အထက(၅) အလုံကျောင်းရှေ့ရှိ မဟာသင်္ကြန်ဖျော်ဖြေရေးနှင့် ရေကစားမဏ္ဍပ်ဖွင့်ပွဲတွင် ယိမ်းအဖွဲ့များ ဖျော်ဖြေစဉ်။ **တင်မောင်ဦး(အလုံ)**

## ရန်ကုန်မြောက်ပိုင်းခရိုင်၌ ၁၃၇၈ ခုနှစ် မဟာသင်္ကြန်ဗဟိုရေကစားဆုပေးမဏ္ဍပ် ဖွင့်လှစ်

**ရန်ကုန် ဧပြီ ၁၃**

ရန်ကုန်မြို့ အင်းစိန်မြို့နယ် ရန်ကုန်ပြည်လမ်းမကြီး စော်ဘွားကြီးကုန်းရပ်ကွက် အထက(ခွဲ) အလက(၁၂) ကျောင်းရှေ့၌ မဟာသင်္ကြန်အကြိုနေ့ ဧပြီ ၁၃ ရက် နံနက် ၉ နာရီတွင် ရန်ကုန်မြောက်ပိုင်းခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ၁၃၇၈ ခုနှစ် မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော် ခရိုင်အဆင့် ဗဟိုရေကစားဆုပေးမဏ္ဍပ်ဖွင့်ပွဲကို ရန်ကုန်တိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေး၊ သစ်တော၊ စွမ်းအင်ဝန်ကြီး ဦးဟန်ထွန်းက အဖွင့်အမှာစကားပြောကြားပြီး အင်းစိန်မြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမောင်မောင်ဦး၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးထွန်းထွန်းဝင်း၊ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးယုနိုင်တို့နှင့်အတူ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ အဆိုတော်မန်းဝင်းက မြူမောင်ဝေကင်း၊ မန်းတောင်ရိပ်ခို၊ ညိုမြသင်္ကြန်သီချင်းများဖြင့် သီဆို၍ ယိမ်းအဖွဲ့များဖြင့် တင်ဆက်ကပြ ဧည့်ခံဖျော်ဖြေပြီး စည်ကားသိုက်မြိုက်စွာ ရေပက်ဖျန်းကစားကြကြောင်း သိရသည်။

**(မြင့်)**



### ❖ ကျောဖုံးမှ

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်ဇနီး၊ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်ဥက္ကဋ္ဌနှင့်ဇနီး၊ ရန်ကုန်တိုင်းဒေသကြီး တရားသူကြီးချုပ်နှင့်ဇနီး၊ ရန်ကုန်မြို့တော်ဝန်နှင့်ဇနီးနှင့် တက်ရောက်လာကြသည့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ရန်ကုန်မြို့ရှိ ရခိုင်တိုင်းရင်းသားများက နံ့သာရည်များဖြင့် ဘုရားရေသပ္ပာယ် ပူဇော်ခဲ့ကြသည်။

မဟာသင်္ကြန် အကြိုနေ့တွင် ရန်ကုန်မြို့ အလုံမြို့နယ်ရှိ ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေး ကော်ပိုရေးရှင်းမဏ္ဍပ်၊ ခရိုင်လေးခရိုင်ရှိ မြို့နယ်များတွင်လည်း ခရိုင်အလိုက် ဗဟိုမဏ္ဍပ်များ၊ ပုဂ္ဂလိကရေကစားမဏ္ဍပ်များ၊ ဖျော်ဖြေရေး မဏ္ဍပ်များကလည်း မဏ္ဍပ်ဖွင့်ပွဲကို အသီးသီးဖွင့်လှစ်ပြီး နံနက်ပိုင်းမှစတင်ကာ တေးဂီတများဖြင့် သီဆိုဖျော်ဖြေ၍ ရေပက်ကစားခြင်းကို စတင်ခဲ့ကြသည်။

မွန်းလွဲ ၂ နာရီတွင် သယ်န်းကျွန်းမြို့နယ် သုဝဏ္ဏ အားကစားကွင်းတွင်လည်း ရခိုင်ရိုးရာ ယဉ်ကျေးမှုသင်္ကြန်ပွဲတော် (ရန်ကုန်)မှ ရခိုင်ရိုးရာယဉ်ကျေးမှုအစဉ်အလာနှင့်အညီ ရေကစားမဏ္ဍပ်ဖွင့်ပွဲကို ဖွင့်လှစ်ခဲ့ပြီး ရေလောင်းရေပက်သူများ၊ ရိုးရာအစားအစာရောင်းချသည့်ဆိုင်များနှင့် စတုဒိသာကျွေးမွေးခြင်းများဖြင့် စည်ကားလျက်ရှိသည်။

ရန်ကုန်မြို့ရှိ မြို့နယ်များတွင်လည်း ပုဂ္ဂလိကမဏ္ဍပ်များ တည်ဆောက်ပြီး သင်္ကြန်ပွဲတော်ကို ဆင်နွှဲလျက်ရှိရာ ရန်ကင်းမြို့နယ်တွင် ဆီဒိုးနားမဏ္ဍပ်၊ လသာမြို့နယ်တွင် Sky Net ရေကစားမဏ္ဍပ်၊ လှိုင်မြို့နယ်တွင် ဟန်နွေဦး ရေကစားမဏ္ဍပ်၊ သင်္ကြန်နွေဦးရေကစားမဏ္ဍပ်၊ အတာသင်္ကြန်ရေကစားမဏ္ဍပ်၊ ပြည်လမ်း(၆)မိုင်ခွဲတွင် အတာမိုး ရေကစားမဏ္ဍပ်၊ ဒဂုံမြို့သစ်တောင်ပိုင်းမြို့နယ်တွင် ရိုးရာ ရေကစားမဏ္ဍပ်၊ သာကေတမြို့နယ်တွင် Fortune Plaza ရေကစားမဏ္ဍပ်၊ ဒဂုံမြို့နယ်တွင် Forever Thingyan ၂၀၁၇ ရေကစားမဏ္ဍပ်၊ လှိုင်သာယာမြို့နယ်တွင် ခွပ်ဒေါင်း မာန်ချီရေကစားမဏ္ဍပ်၊ ဧညဝတီရေကစားမဏ္ဍပ်၊ အင်းစိန်မြို့နယ်တွင် အင်းစိန်ရေကစားမဏ္ဍပ်ကြီးများတွင် ရေလောင်းရေပက်ခံသူများဖြင့် စည်ကားလျက်ရှိသည်။

ရန်ကုန်မြို့တော် ဗဟိုမဏ္ဍပ်ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်လာသည့် အနုပညာရှင် မေသန်းနုက "ဖြတ်သန်းလာတဲ့တစ်လျှောက်မှာတော့ ဒီနှစ်သင်္ကြန်ကတော့ ပျင်းစရာကောင်းတယ်။ သင်္ကြန်ရောက်ပြီဆို အားလုံးက ပျော်ချင်ကြတယ်။ သင်္ကြန်တီးလုံး သင်္ကြန်သီချင်းတွေကြားရင် စိတ်တွေက ခါတိုင်းနဲ့မတူဘူး။ မြူးမြူးကြွကြွနဲ့ ပျော်ကြတာ"ဟု ပြောသည်။

ထို့အတူ သုဝဏ္ဏရပ်ကွက်မှ ရေပက်ခံကားဖြင့် လည်ပတ်သည့် ကိုဇော်မင်းက "မနက်ပိုင်းတုန်းကတော့ သင်္ကြန်က မစည်ဘူးဗျ၊ ခြောက်ကပ်ကပ်ကြီးဖြစ်နေတယ်။ ညနေပိုင်းတော့ သင်္ကြန်ရဲ့ အငွေ့အသက်လေး သက်ဝင်လှုပ်ရှားလာပြီး စည်ကားလာတယ်။ နောက်ရက်တွေတော့ ဒီထက်မက ပိုစည်မယ်လို့ ထင်တယ်"ဟု ဆိုသည်။

မြို့နယ်များတွင်လည်း မိသားစုအုန်းလက် ရေကစားမဏ္ဍပ်များတွင် ရေလောင်းရေပက်သူများ၊ ရေပက်ခံသူများဖြင့် စည်ကားလျက်ရှိသည့်အပြင် ရပ်ကွက်အတွင်းရှိ လမ်းများတွင်လည်း စတုဒိသာကျွေးမွေးခြင်းများဖြင့် စည်ကားလျက်ရှိသည်။ ယနေ့ကျရောက်သည့် မဟာသင်္ကြန်အကြိုနေ့တွင် ရန်ကုန်တိုင်းဒေသကြီးအတွင်း၌ နံနက်ပိုင်းတွင် ရေကစားသူ၊ ရေပက်ခံသူများ စည်ကားမှုနည်းခဲ့သော်လည်း ညနေ ၃ နာရီမှ စတင်ကာ ရေလောင်းရေပက်သူများ၊ ရေပက်ခံကားများဖြင့် စည်ကားလာပြီး သင်္ကြန်၏ အငွေ့အသက်များလည်း သက်ဝင်လှုပ်ရှားလာခဲ့သည်။

**သတင်း- မင်းသစ်၊ သန့်ဇင်ဝင်း**
**ဓာတ်ပုံ - ဇော်မင်းလတ်၊ ရဲထွဋ်**

# တန်ခူးလအတာသင်္ကြန်

**စန်းအောင်**

ကမ္ဘာ့နိုင်ငံအသီးသီးသည် ၎င်းတို့၏ ရိုးရာယဉ်ကျေးမှု ဓလေ့ထုံးစံများနှင့်အညီ နှစ်ဆန်းရက်များ(နှစ်သစ်ကူးရက်များ)ကို သတ်မှတ်ကြပြီး နှစ်သစ်ကူးပွဲတော်များကို ကျင်းပလေ့ရှိကြသည်။ မြန်မာနှစ်သစ်ကူးရက်မှာ တန်ခူးလအတွင်း ကျရောက်တတ်ပါသည်။ သင်္ကြန်အတက်ရက်ပြီး နောက်တစ်နေ့ (သင်္ကြန်ပြီးဆုံးသောရက်)ဖြစ်၏။ ၎င်းကို နှစ်ဆန်းတစ်ရက်နေ့ဟု ခေါ်ဝေါ်သည်။ မြန်မာနှစ်ဆန်းရက်သည် တန်ခူးလတွင် ကျရောက်သည်ဆိုသော်လည်း အခါခပ်သိမ်းမဟုတ်ကြောင်း။ ထို့ကြောင့် နှစ်သစ်မကူးမီ တန်ခူးလ၏ ရက်တို့ကို “နှောင်းရက်”၊ နှစ်သစ်ကူးပြီး တန်ခူးလ၏ ရက်တို့ကို “ဦးရက်” ဟု သတ်မှတ်ပြီး နှောင်းတန်ခူး၊ ဦးတန်ခူးဟု ခေါ်ဝေါ်ကြောင်း သိရသည်။ တန်ခူးလသည် အင်္ဂလိပ်လ April နှင့် တိုက်ဆိုင်သဖြင့် ဧပြီလ၏ ၁၃ ရက်မှ ၁၇ ရက်အတွင်း မြန်မာနှစ်ဆန်း ကျရောက်တတ်သည်ဟုလည်း သိရှိရသည်။ ယခုနှစ် နှစ်ဆန်းတစ်ရက်သည် ၂၀၁၇ ခုနှစ် ဧပြီလ ၁၇ ရက်နေ့ (တနင်္လာနေ့) ဖြစ်ပါသည်။ မြန်မာသက္ကရာဇ် နှစ်ဟောင်း ၁၃၇၈ ခုနှစ် ကုန်ဆုံးပြီး နှစ်သစ် ၁၃၇၉ ခုနှစ်သို့ ကူးပြောင်းရောက်ရှိတော့မည်ဖြစ်ပါသည်။

**တန်ခူးလ**

တန်ခူးလသည် ရာသီအားဖြင့် မိန်ရာသီမှ မိဿရာသီသို့ ကူးပြောင်းချိန်ဖြစ်သည်။ တန်ခူးလတွင် စိတြနက္ခတ်စန်းယှဉ်သည်။ ရာသီမှာ ဆိတ်ရာသီဟု အဓိပ္ပာယ်ရသော မိဿရာသီ လက်တင်ဘာသာအားဖြင့် အေးရီးစ် (Aries) ဖြစ်သည်။ ရာသီရုပ်မှာ ဆိတ်ထီး၊ သိုးထီးဖြစ်သည်။ နက္ခတ်သည် မြုံးသဏ္ဌာန်ရှိသော ရေဝတီနက္ခတ်ဖြစ်သည်။ တာရာမှာ ဥဗျိုင်း ရေငှက်တာရာဖြစ်သည်။ ရာသီပန်းများမှာ ကံ့ကော်ပန်း၊ သရဖီပန်း၊ ရင်ခတ်ပန်း၊ ပိတောက်ပန်းတို့ဖြစ်ကြပြီး ပိတောက်ပန်းကို သင်္ကြန်ပန်းအဖြစ် အမြတ်တနိုးတန်ဖိုးထားကြသည်။ သင်္ကေတပြုကြသည်။

ထန်းခူးသောလဟု ခေါ်တွင်ရာမှ တန်ခူးဖြစ်လာကြောင်း၊ သင်္ကြန်အတာကူးဖြစ်၍ တာကူးလဟုလည်းကောင်း၊ ပုဂံကျောက်စာများတွင် တန်ခူး ဟု ရေးကြောင်း၊ တန်ခူးလတွင် နေ့နာရီနှင့် ညနာရီညီမျှပြီး နာရီ ၃၀ စီရှိကြောင်း၊ နံနက် ၆ နာရီတွင် နေထွက်ပြီး ညနေ ၆ နာရီ နေဝင်ကြောင်း သိရသည်။

**မြန်မာတို့၏ တစ်နှစ်တာကာလသတ်မှတ်ပုံနှင့်သင်္ကြန်**

အတာသင်္ကြန် တစ်ကြိမ်မှ နောက်တစ်ကြိမ်ကာလသည် တစ်နှစ်အပိုင်းအခြား ကာလဖြစ်ကြောင်း၊ ကမ္ဘာကြီးသည် နေကိုဗဟိုပြု၍ လှည့်လည်သွားလာသည့်အခါ တစ်ပတ်မြောက်ကာလသည် တစ်နှစ်အပိုင်းအခြားကာလဖြစ်ကြောင်း၊ ယင်းအပိုင်းအခြားကာလသည် ၃၆၅ ရက် ၆ နာရီ ၁၂ မိနစ် ၃၇ စက္ကန့်ဖြစ်ကြောင်း၊ အနောက်နိုင်ငံ၏ တစ်နှစ်တာကာလအပိုင်းအခြား သတ်မှတ်ပုံနှင့် မတူကြောင်း၊ ကမ္ဘာကြီးသည် နေကိုဗဟိုပြု၍ မိဿရာသီမှစ၍ ပြိဿ၊ မေထုန်၊ ကရကဋ်၊ သိဟ်၊ ကန်၊ တူ၊ ဗြိစ္ဆာ၊ ဓနု၊ မကာရ၊ ကုမ်၊ မိန် ဟူသော ရာသီခွင်များသို့ အစဉ်လိုက်ကူးပြောင်းလှည့်လည်ရာ ၃၆၅ ရက် ၆ နာရီ ၁၂ မိနစ် ၃၇ စက္ကန့်ကြာမြင့်ကြောင်း၊ ၎င်းမှာ ကလိယုဂ် တစ်နှစ်လျှင်ရှိသော ကာလအပိုင်းအခြားဖြစ်ကြောင်း၊ ယင်းကဲ့သို့ လှည့်လည်ရာနေသွားလမ်း စက်ဝိုင်းတွင် ရာသီ ၁၂ ပိုင်း ပိုင်းခြား၍ ပဌမမိဿရာသီအစ သုည အံသာသည် အဿဝဏီနက္ခတ်နှင့် တနင်္ဂနွေရဝိ ဖုဋ္ဌပြိုဟ်ယှဉ်သည့်အချိန်တွင် အတာသင်္ကြန်ကျကြောင်း၊ အိန္ဒိယလူမျိုးတို့က ဤအချိန်အခါမှစ၍ နှစ်သစ်ဆန်းချိန်ဟု သတ်မှတ်ကြောင်း၊ မြန်မာတို့အနေဖြင့် သင်္ကြန်ကျချိန်ဖြစ်သော်လည်း နှစ်သစ်မကူးသေးကြောင်း၊ တနင်္ဂနွေရဝိမချ ဂြိုဟ်သွမ်း၊ မိဿရာသီအစ သုညအံသာသို့ ရောက်ရှိသည့် သင်္ကြန်တက်ချိန်မှသာ နှစ်သစ်ကူးချိန်ဟု သတ်မှတ်ကြောင်း၊ သင်္ကြန်ကျချိန်နှင့် တက်ချိန်တို့ တွက်ချက်လိုသော် လွန်ခဲ့သောနှစ်၏ သင်္ကြန်တက်ချိန်၏ နေ့ရက်၊ အချိန်များတွင် ၆ နာရီ ၁၂ မိနစ် ၃၇ စက္ကန့် (တစ်ခါတစ်ရံ ၃၆ စက္ကန့်) ထည့်ပေါင်းလျှင် နောက်နှစ်သင်္ကြန်တက်ချိန်ကိုရကြောင်း၊ အင်္ဂလိပ်ရက်ဖြင့် တွက်လိုသော် ဖေဖော်ဝါရီတွင် တစ်ရက်ပိုသောနှစ် (ရက်ထပ်နှစ်) နှင့် မြန်မာသက္ကရာဇ် အတာပြန်နှစ် (၃၆၆ ရက်ရှိသောနှစ်) များတွင် တစ်ရက်နုတ်ရကြောင်း၊ သင်္ကြန်ကျချိန်ကို တွက်လိုပါက သင်္ကြန်တက်ရက်အချိန် နာရီတွင် ၂ ရက် ၄ နာရီ ၄ မိနစ် ၄၀ စက္ကန့်နုတ်ရကြောင်း၊ သင်္ကြန်ကျရက်နှင့် သင်္ကြန်တက်ရက်အတွင်းရှိ ရက်များကို သင်္ကြန်အကြတ်ရက်ဟု သတ်မှတ်ကြောင်း၊ ဗေဒင်လောကတွင် သင်္ကြန်မည်သည် တနင်္ဂနွေရဝိဖုဋ္ဌ ဂြိုဟ်စင်ရာသီများသို့ ဝင်ချိန်ဖြစ်ကြောင်းစသည်တို့ကို မြန်မာ့စွယ်စုံကျမ်းတွင် လေ့လာတွေ့ရှိရပါသည်။

**သင်္ကြန်ဟူသောအယူအဆ**

သင်္ကြန်သည် သင်္ကန္တဟူသော ပါဠိပုဒ်မှလာသည့် သက္ကတရရစ်သံနှင့် သင်္ကြန်ဟူသော မြန်မာစကားဖြစ်ပေါ်လာခြင်းဖြစ်ပြီး သင်္ကန္တ၏ အနက်မှာ ကူးပြောင်းခြင်း၊ တစ်နေရာမှ တစ်နေရာသို့ ရောက်ရှိခြင်းဟူ၍ ဖြစ်သည်။ သင်္ကြန်ပွဲသည် ဟိန္ဒူအယူဝါဒမှ သက်ဆင်းခဲ့ခြင်းဖြစ်သည်ဟုလည်း ဆိုကြောင်း၊ ကမ္ဘာဦးကာလက သိကြားမင်းနှင့်ဗြဟ္မာမင်းတို့သည် ဗေဒင်ကိန်းခန်းတစ်ခုကို တစ်ဦးက ခုနစ်ခုနှင့် စားရသည်။ တစ်ဦးက ရှစ်ခုနှင့် စားရသည်စသဖြင့် အချင်းဖြစ်ပွား၍ လှူပြည်မှ ကဝိလမိုင်းဆရာထံ အဆုံးအဖြတ်ဝင်သည့်အခါ ဗြဟ္မာမင်းရှုံးသဖြင့် သိကြားမင်းက ဗြဟ္မာမင်း၏ ဦးခေါင်းကို ဖြတ်ခွင့်ရကြောင်း၊ သို့သော် ဗြဟ္မာကြီး၏ ဦးခေါင်းကိုဖြတ်ပြီးကာမှ သမုဒ္ဒရာတွင်းသို့ ပစ်ချပါက သမုဒ္ဒရာရေများ ခန်းခြောက်ကာ သတ္တဝါများ သေကျေပျက်စီးမည်ဖြစ်ကြောင်း၊ မြေပြင်ပေါ်သို့ ပစ်ချပါကလည်း မီးဟုန်းဟုန်းတောက်၍ သတ္တဝါများ မျိုးသုဉ်းမည်ဖြစ်ကြောင်း၊ သို့အတွက် သိကြားမင်းက နတ်သမီးခုနစ်ဖော်အား တစ်ပါးလျှင် တစ်ရက်ကျစီ ကိုင်ဆောင်စေကြောင်း၊ နတ်ပြည်၏ နတ်သက် တစ်ရက်သည် လူ့ပြည်၏ တစ်နှစ်တာအချိန်ကာလနှင့် တူညီနေသောကြောင့် နတ်သမီးတစ်ပါးမှ နောက်တစ်ပါးထံသို့ ဗြဟ္မာကြီး၏ ဦးခေါင်းလွှဲပြောင်းပေးအပ်ချိန်သည် တစ်နှစ်တာကုန်ဆုံးပြီး နှစ်သစ်သို့ ရောက်ရှိကြောင်း၊ နှစ်သစ်မင်္ဂလာအခါသမယတွင် အေးချမ်းမှုရရှိကြစေရန် သပြေခက်နှင့် ရေပက်ကစားကြရင်းမှ သင်္ကြန်ပွဲတော်ဖြစ်ပေါ်လာသည်ဟု ဆိုပါသည်။ ထို့အတူ ရှေးကဒေဝဒဟနှင့် ကပ္ပိလဝတ်တွင် သကျသာကီနွယ်ဝင်မင်းတို့ နှစ်သစ်ကူးပြောင်းချိန်ရောက်တိုင်း တစ်ခုသော ရေကန်အနီး မင်းခမ်းမင်းနားဖြင့် တဲကြီးများ ဆောက်လုပ်၍ ရေဖျန်းသဘင်ဆင်မြန်းခဲ့ကြရာမှ စတင်ခဲ့သည်ဟု ဆိုကြပါသည်။ ဤသည်မှ စ၍ မြန်မာဘုရင်များလက်ထက် အဆက်ဆက်တွင် ဘုရားငါးဆူ ပူဇော်ခြင်း၊ အမိအဖများကို ရည်မှန်းကန်တော့ခြင်း၊ ခေါင်းဆေးမင်္ဂလာပြုခြင်းနှင့် အတာပွဲတော်တည်ခြင်းတို့ဖြင့် နှစ်စဉ်သင်္ကြန်ပွဲတော်များကို နန်းတော်တွင်း၌ ခမ်းနားသိုက်မြိုက်စွာ ကျင်းပခဲ့ကြကြောင်း သိရသည်။



**သင်္ကြန်၊ သိကြားမင်းနှင့် သင်္ကြန်စာ**

သင်္ကြန်ဟူသော ဝေါဟာရနှင့်ပတ်သက်၍ ပုဂံခေတ် မြန်မာသက္ကရာဇ် ၆၅၃ ခုနှစ် (ခရစ်နှစ် ၁၂၉၁ ခုနှစ်)တွင် ရေးထိုးခဲ့သော စောလှဝန်းဘုရား ကျောက်စာ၌ အစောဆုံးတွေ့ရှိရသည်ဟု ဆိုသဖြင့် ပုဂံခေတ်ကတည်းက သင်္ကြန်ပွဲတော်ကျင်းပသည့် အစဉ်အလာရှိကြောင်း တွေ့ရပေသည်။ ထိုသို့ သင်္ကြန်ပွဲတော်ကျင်းပရာတွင် ဘုရင်မင်းမြတ်က သင်္ကြန်အမိန့်စာထုတ်ပြန်ကြောင်း၊ ဘုရင်နှင့်မိဖုရား ကိုယ်တိုင်ဆင်နွှဲကြောင်း၊ သင်္ကြန်ကျသည့်အချိန်အခါကို ပြည်သူများသိစေရန် ရွှေမောင်းနှင့် ဗဟိုစည်တီးခတ်ပေးကြောင်း၊ အဆိုပါ အချက်ပေးသံကြားသည်နှင့် တစ်ပြိုင်နက် သင်္ကြန်အမြောက်သံထွက်ပေါ်လာကြောင်း၊ သင်္ကြန်အမြောက်သံကို ကြားရလျှင် ပြည်သူအပေါင်းက ခုနစ်နေ့နံပန်းများ ထိုးစိုက်ထားသည့် အတာအိုးဖြင့် လူ့ပြည်သို့ ဆင်းသက်၍ “တစ်နှစ်ပြည့်ပြီဖြစ်ကြောင်း၊ ကုသိုလ်ကောင်းမှုပြုကြစေလိုကြောင်း” နှိုးဆော်ရန်လာသည့် သိကြားမင်းကိုကြိုဆိုကြကြောင်း သိရသည်။ လူ့ပြည်သို့ ဆင်းသက်လာသည့် သိကြားမင်းသည် ကောင်းမှုကုသိုလ်ပြုသူများကို ရွှေပုရပိုက်နှင့်ရေးမှတ်ပြီး မကောင်းမှုအကုသိုလ်ပြုသူများကို ခွေးသားရေပုရပိုက်တွင် ရေးမှတ်သွားသည်ဟုလည်း ရှေးလူကြီးများ ပြောသံကို မှတ်သားဖူးပါသည်။

သင်္ကြန်နှင့် သိကြားမင်းဒွန်တွဲနေသည်ကလည်း အမှန်ဖြစ်၏။ သိကြားမင်းသည် ယခုနှစ် လူ့ပြည်ဆင်းသက်ရာတွင် မည်သည်ကို ကိုင်ထားပြီး မည်သည်ကို စီးနင်း၍ ဆင်းသက်ကြောင်း အပါအဝင် အရေးအရာများကို ဖော်ပြထားသည့် သင်္ကြန်စာက ကျွန်ုပ်တို့အား အတိုင်းအတာတစ်ခုအထိ လွှမ်းမိုးထားပါသည်။ အချို့ ကျေးလက်ဒေသများတွင် သင်္ကြန်စာဖော်ပြချက်အတိုင်း စိုက်ပျိုးရေးကို ဆောင်ရွက်ကြသည်။ သီးနှံသိုလှောင်ကြသည်။ သင်္ကြန်ကာလတွင် မည်သည့်အရပ်သို့ မျက်နှာလှည့်၍ ခေါင်းလျှော်ရမည်ဆိုသည်ကအစ လိုက်နာကြသည်။

**၁၃၇၈ ခုနှစ် မဟာသင်္ကြန်**

ဇေယျတု-မြန်မာသက္ကရာဇ် ၁၃၇၈ ခုနှစ် နှောင်းတန်ခူးလပြည့်ကျော် ၃ ရက်၊ ခရစ်နှစ် ၂၀၁၇ ခုနှစ် ဧပြီလ ၁၄ ရက် သောကြာနေ့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ မြန်မာစံတော်ချိန် နံနက် စက်နာရီ ၄ နာရီ ၅၆ မိနစ် ၂၉ စက္ကန့်အချိန်တွင် မဟာသင်္ကြန်ကျပါသည်။ (၁၅-၄-၂၀၁၇) စနေနေ့သည် မဟာသင်္ကြန်အကြတ်ရက်ဖြစ်သည်။ (၁၆-၄-၂၀၁၇) တနင်္ဂနွေနေ့ မြန်မာစံတော်ချိန် နံနက်စက်နာရီ ၉ နာရီ ၁ မိနစ် ၁၀ စက္ကန့်အချိန်တွင် မဟာသင်္ကြန်တက်ပါသည်။ ထို့ကြောင့် မြန်မာသက္ကရာဇ် ၁၃၇၉ ခုနှစ် ဦးတန်ခူးလပြည့်ကျော် ၆ ရက် (၁၇-၄-၂၀၁၇) ရက် တနင်္လာနေ့သည် နှစ်ဆန်း ၁ ရက်နေ့ ဖြစ်ပါသည်။

**ချမ်းမြေ့ကြည်နူးနှစ်သစ်ကူး**

သင်္ကြန်ဟူသည် မြန်မာတို့ အမွှန်အမြတ်ထားရာ နှစ်သစ်ကူးမင်္ဂလာ တစ်ပါးဖြစ်သည်။ တစ်နှစ်တွင် တစ်ကြိမ်သာ ဆင်နွှဲရသော မဟာအတာသင်္ကြန်တွင် တစ်ဦးနှင့်တစ်ဦး အေးချမ်းရွှင်လန်းစေလိုသော ရည်ရွယ်ချက်ဖြင့် အတာရေပက်ဖျန်းကြ၏။ အတာရေတွင် “အေးမြကြည်လင်ခြင်း၊ အညစ်အကြေးများကို ဆေးကြောသန့်စင်စေနိုင်ခြင်း၊ ရေကိုသား၍ အကြားမထင်သကဲ့သို့ တစ်ဆက် တစ်စပ်တည်းရှိခြင်း” ဟူသည့် မင်္ဂလာနိမိတ်သုံးပါးရှိပါသည်။ ထို့ကြောင့် အတာရေ သဘင်ဆင်နွှဲခြင်းသည် လွန်စွာကျက်သရေ မင်္ဂလာရှိပေသည်။

သို့ဖြစ်၍ ချမ်းမြေ့ကြည်နူးနှစ်သစ်ကူးအခါသမယဝယ် မြန်မာနိုင်ငံသူ နိုင်ငံသားအပေါင်းတို့သည် လူသစ်စိတ်သစ်ဖြင့် ဘဝခရီးလမ်းကို နှလုံးစိတ်ဝမ်း အေးချမ်းစွာ လျှောက်လှမ်းပြီး အောင်မြင်မှုများစွာကို ထွေးပိုက်နိုင်ကြပါစေကြောင်း အတာရေစင်သွန်းလောင်း၍ ဆုမွန်ကောင်းတောင်းအပ်ပါသတည်း။ ။

## မဟာသင်္ကြန်

မြန်မာတို့ရဲ့ နှစ်သစ်ကူးမင်္ဂလာနဲ့
ကြည်နူးစရာ မဟာသင်္ကြန်။
သပြေခက်နဲ့ ရေပက်
ရိုးရာမပျက်တဲ့ သင်္ကြန်…။
ဂီတဗိမာန်နဲ့ သင်္ကြန်
အိပ်မက်စေတမန်နဲ့ သင်္ကြန်
မြူမှောင်ဝေကင်းနဲ့ သင်္ကြန်
ရှာပုံတော်မင်းသားကြီးနဲ့ သင်္ကြန်
တူးပို့တူးပို့ရေသဘင်ဒိုးနဲ့ သင်္ကြန်…။
မင်္ဂလာအတိနဲ့
အစဉ်အလာအသရေရှိတဲ့သင်္ကြန်။
မဟုတ်မဟတ်နဲ့
သရုပ်မပျက်စေနဲ့ သင်္ကြန်။
မူးယစ်ရမ်းကား
လမ်းမမှားစေနဲ့ သင်္ကြန်။
ကဲ ဒီသင်္ကြန်ရေ
ပိတောက်တွေဝေ မွှေးပါစေ…။
သဟာဆွေလည်း နွေးပါစေ…။
ဘယာတွေလည်း ဝေးပါစေ…။
အတာရေလည်း အေးပါစေ…။
နှစ်ဟောင်း နှစ်သစ်အပြောင်းမှာ
အတာရေစင် သံသာလောင်းလို့…
မင်္ဂလာနိမိတ်အပေါင်းနဲ့မဟာသင်္ကြန်… ။

အထဝိစိုး(မန္တလေး)

# မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း၊ ရေ၊ လေ)မိသားစုရေကစားမဏ္ဍပ်ဖွင့်ပွဲကျင်းပ

**နေပြည်တော် ဧပြီ ၁၃**

မြန်မာသက္ကရာဇ် ၁၃၇၈ ခုနှစ် မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း၊ ရေ၊ လေ)မိသားစု ရေကစားမဏ္ဍပ်ဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ဂေါက်ကွင်းရှိ မြက်ခင်းပြင်၌ ကျင်းပရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့က ရေကစားမဏ္ဍပ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးသည်။

ထို့နောက် ယိမ်းအဖွဲ့သမီးပျိုများက 'မြူမှောင်ဝေကင်း' သီချင်းဖြင့် ကပြဖျော်ဖြေကြရာ ဖွင့်ပွဲအခမ်းအနားတက်ရောက်လာကြသူများက ယိမ်းအဖွဲ့များအား သပြေခက်ဖြင့် အတာရေပက်ဖျန်းပေးသည်။

ယင်းနောက် အခမ်းအနားသို့ တက်ရောက်လာကြသူများကို သင်္ကြန်စတုဒိသာ အစားအစာများဖြင့် တည်ခင်းဧည့်ခံ၍ မြဝတီတေးဂီတအဖွဲ့နှင့်အတူ Melody World တေးသံရှင်များ၊ ယိမ်းအဖွဲ့များက သီဆိုကပြဖျော်ဖြေကြသည်။

ထို့အတူ ယနေ့ညနေပိုင်းတွင်လည်း ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့်ဇနီး ဒေါ်သန်းသန်းနွယ်တို့သည် ဇေယျာသီရိကုန်တိုက်အနီးရှိ ရေကစားမဏ္ဍပ်ဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်အားပေးသည်။ အလားတူ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများကလည်း နိုင်ငံတော်ကာကွယ်ရေးတက္ကသိုလ်ရှေ့ရှိ ရေကစားမဏ္ဍပ်၊ နေပြည်တော်တည်းခိုရေးစခန်းရှေ့ရှိ ရေကစားမဏ္ဍပ်၊ တပ်မတော် ဆေးရုံကြီးရှေ့ရှိရေကစားမဏ္ဍပ်၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) ဝင်းအတွင်းရှိ အိမ်ထောင်သည်လိုင်းအနီး ရေကစားမဏ္ဍပ်တို့ကို လှည့်လည်အားပေးခဲ့ကြသည်။

အဆိုပါရေကစားမဏ္ဍပ်များတွင် မဟာသင်္ကြန်အတက်နေ့အထိ စည်ကားသိုက်မြိုက်စွာ သင်္ကြန်ယိမ်းအကအဖွဲ့များ၊ အနုပညာရှင်များနှင့် တေးသံရှင်များက သီဆိုကပြဖျော်ဖြေသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



**မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း၊ ရေ၊ လေ)မိသားစု ရေကစားမဏ္ဍပ်ကို တွေ့ရစဉ်။**


**တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ယိမ်းအဖွဲ့များအား သပြေခက်ဖြင့် အတာရေ ပက်ဖျန်းပေးစဉ်။** (သတင်းစဉ်)

## ရခိုင်ပြည်နယ် မောင်တောဒေသအတွင်း၌ ရေကစားမဏ္ဍပ်များ ဖွင့်ပွဲကျင်းပ

**မောင်တော ဧပြီ ၁၃**

ရခိုင်ပြည်နယ် မောင်တောခရိုင်အတွင်း၌ မဟာသင်္ကြန်ပွဲတော်ရေကစားမဏ္ဍပ်ဖွင့်ပွဲများကို သင်္ကြန်အကြိုနေ့တွင် ကျင်းပခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ရခိုင်ပြည်နယ် မောင်တောခရိုင် ဘူးသီးတောင်မြို့နယ်၏ ရခိုင်ရိုးရာအတာသင်္ကြန် ဗဟိုမဏ္ဍပ်ဖွင့်ပွဲအခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် ကျင်းပရာ ဘူးသီးတောင်မြို့နယ် အုပ်ချုပ်ရေးမှူးက အမှာစကားပြောကြားပြီး ယိမ်းအဖွဲ့များ၏ ဖျော်ဖြေကပြမှုများနှင့်အတူ ဗဟိုမဏ္ဍပ်ကို ဖွင့်လှစ်ပေးခဲ့သည်။

ထို့နောက် တက်ရောက်လာကြသည့် စစ်ဘက် နယ်ဘက်မှ ဌာနဆိုင်ရာအကြီးအကဲများ၊ ခရိုင်/မြို့နယ်အဆင့် အုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များနှင့် မြို့မိမြို့ဖများက ယိမ်းအဖွဲ့ဝင်များအား အမွှေးနံ့သာရည်များ ပက်ဖျန်းပေးကြပြီးနောက် တစ်ဦးနှင့်တစ်ဦး သပြေခက်ဖြင့် ပျော်ရွှင်စွာရေပက်ခဲ့ကြသည်။

ယင်းနောက် ယိမ်းအဖွဲ့များက မဟာသင်္ကြန် ရိုးရာအကအလှများဖြင့် ဆက်လက်ဖျော်ဖြေခဲ့ကြသည်။

ဆက်လက်၍ ဘူးသီးတောင်တပ်နယ် ရွှေပိတောက် ရေကစားမဏ္ဍပ်နှင့် အမှတ်(၂) နယ်ခြားစောင့်ရဲတပ်ဖွဲ့ခွဲ ရေသဘင်မဏ္ဍပ်တို့ကို သက်ဆိုင်ရာတာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ကြပြီး မဟာသင်္ကြန်ပွဲတော်ကို ပျော်ရွှင်စွာဆင်နွှဲခဲ့ကြကြောင်း သိရသည်။

မောင်တောမြို့၏ ရခိုင်ရိုးရာသင်္ကြန်ပွဲတော် ဗဟိုမဏ္ဍပ်နှင့် ရိုးရာရေကစားမဏ္ဍပ်တို့ကို ဧပြီ ၁၇ ရက်တွင် စတင်ဖွင့်လှစ်မည်ဖြစ်ပြီး ရခိုင်နာမည်ကြီး တေးသံရှင်များ၊ ယိမ်းအကများဖြင့် ဖျော်ဖြေတင်ဆက်သွားမည်ဖြစ်ကြောင်း သင်္ကြန်ပွဲတော်ကျင်းပရေးဦးစီးကော်မတီမှ သိရသည်။ **(သတင်းနှင့် ဓာတ်ပုံ-ရာမညာ၊ တင်စိုး)**


**မန္တလေးမြို့တော် မဟာသင်္ကြန်ဖွင့်ပွဲတွင် ငွေငန်းယာဉ်ဖြင့် အလှပြဖျော်ဖြေစဉ်။**


**ရခိုင်ပြည်နယ် မောင်တောမြို့တွင် ပျော်ရွှင်စွာရေကစားနေကြသည်ကို တွေ့ရစဉ်။**

### ❋ မန္တလေးမြို့မှ

ယင်းကဲ့သို့ ပြောကြားရာတွင် ပူပြင်းသော နွေဦးအခါသမယမှာ တစ်ဦးကိုတစ်ဦး အေးချမ်းပါစေ ရည်ရွယ်ချက်ဖြင့် ရေစင်ဖြင့် ပက်ဖျန်းခြင်းသည် မြန်မာနိုင်ငံ၏ ယဉ်ကျေးမှုဖြစ်ကြောင်း၊ အခြားနိုင်ငံမှ ယဉ်ကျေးမှုများ ဝင်ရောက်လာသည့်အတွက် မေတ္တာတရားများ ယိုယွင်းလာသည်ကို တွေ့ရပြီး သရုပ်ပျက်ယဉ်ကျေးမှုများ ဝါးမျိုလာခြင်းကိုခံခဲ့ရကြောင်း၊ မြန်မာ့ရိုးရာ အတာသင်္ကြန်၏ အနှစ်သာရဖြစ်သော တစ်ဦးကိုတစ်ဦးမေတ္တာဖြင့် ရေစင်ပက်ဖျန်းကြဖို့ တိုက်တွန်းလိုကြောင်း၊ အတာရေသဘင်ပွဲတော်မှရရှိသည့် မေတ္တာတရားကို အခြေခံပြီး တစ်ဦးနှင့်တစ်ဦး လုံခြုံစိတ်ချစွာနေနိုင်ရေးနှင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် တတ်အားသရွေ့ ပါဝင်ဆောင်ရွက်ပေးရန် မေတ္တာရပ်ခံလိုပါကြောင်း ပြောကြားခဲ့သည်။

ထို့နောက်ဂီတအနုပညာရှင် မန္တလေးဂုဏ်ဆောင် မြို့မအသင်း နာယက ဦးရွှန်းမြိုင်၊ စာရေးဆရာ သတင်းစာဆရာ မောင်သစ်လွင်(လူထု)နှင့် မြို့မိမြို့ဖများဖြစ်ကြသော လွှတ်လပ်ရေးမော်ကွန်းဝင် ဒုတိယအဆင့် ဦးမင်းမောင်၊ မန္တလေးတက္ကသိုလ်မှ ပါမောက္ခချုပ် ဒေါက်တာသီတာဝင်း၊ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်မှ ပါမောက္ခချုပ် ဒေါ်ခင်ကြည်ပြာတို့က မန္တလေးမြို့တော် မဟာသင်္ကြန်မဏ္ဍပ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ပြီး မန်းစည်ပင်ယိမ်းအဖွဲ့နှင့် ကျောင်းသူယိမ်းအဖွဲ့ဝင် ၃၀၀ တို့က ကပြဖျော်ဖြေခဲ့ပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က ငွေဖလားနှင့်အတူ သပြေခက်ဖြင့် အတာရေစင် ပက်ဖျန်းပေးခဲ့ပြီး သင်္ကြန်ချစ်သူ ပြည်သူများလည်း လာရောက်အားပေးကြည့်ရှုခဲ့ကြသည်။

ဆက်လက်၍ မြို့မအလှပြယာဉ်မှ ဦးဆောင်ပြီး သံချပ်အဖွဲ့ဝင် အလှပြယာဉ်များက ဖြတ်သန်း ဂါရဝပြုနှုတ်ဆက်ကြပြီး ကျောက်ဆည်ဆင်အဖွဲ့နှင့် မန်းစည်ပင်ယိမ်းအကတို့က တစ်ပြိုင်တည်း ကပြဖျော်ဖြေခဲ့ကြရာ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့က ကျောက်ဆည်ဆင်အကအဖွဲ့နှင့် မန်းစည်ပင်ယိမ်းအဖွဲ့တို့အား ဆုငွေများ အသီးသီးချီးမြှင့်ခဲ့ကြသည်။

ထို့ပြင် ကျုံးတောင်ဘက်ရှိ ခရီးသွားမြှင့်တင်ရေး ဗဟိုမဏ္ဍပ်နှင့် လမ်းလျှောက်သင်္ကြန် မဏ္ဍပ်ဖွင့်ပွဲများကိုကျင်းပပြီး ယခုနှစ် အတာရေသဘင်ပွဲတော်ကြီးကို မန္တလေးမြို့တွင် ပျော်ရွှင်စွာ စတင်ဆင်နွှဲခဲ့ကြသည်။

**တင်မောင်၊ မင်းထက်အောင်(မန်းကိုယ်ပွား)**

# ပြည်တွင်းရေးရာ

**✱ ရှေ့ဖုံးမှ**

မြန်မာနိုင်ငံ၏ နေရာအနှံ့အပြားတွင် မဟာသင်္ကြန်ပွဲတော်များကို အသီးသီးကျင်းပလျက်ရှိပြီး နေပြည်တော်ကောင်စီနယ်မြေတွင် နေပြည်တော်မြို့တော်ဝန် မဟာသင်္ကြန်မဏ္ဍပ် ဖွင့်ပွဲအခမ်းအနားကို ယနေ့သင်္ကြန်အကြိုနေ့ ညနေပိုင်းတွင် ကျင်းပရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူနှင့် ဇနီး ဒေါက်တာရွှေလွှမ်းတို့ တက်ရောက်သည်။

ဖွင့်ပွဲအခမ်းအနားတွင် နေပြည်တော်ကောင်စီဥက္ကဋ္ဌမြို့တော်ဝန် ဒေါက်တာမျိုးအောင်က နှစ်သစ်ကူးနှုတ်ခွန်းဆက်စကား ပြောကြားသည်။

ထို့နောက် ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ၊ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်နှင့် မြို့တော်ဝန်ဒေါက်တာမျိုးအောင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး ယိမ်းအကအဖွဲ့များအား အတာရေဖြင့် ပက်ဖျန်းကြသည်။ ယင်းနောက် မြန်မာ့အသံ ခေတ်ပေါ်တေးဂီတအဖွဲ့နှင့်အတူ ဝန်ကြီးဌာနအသီးသီးမှ ယိမ်းအဖွဲ့များက မြူမှောင်ဝေကင်းသီချင်းဖြင့် ကပြဖျော်ဖြေကြသည်။

အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုရှေ့နေချုပ်၊ ငြိမ်းချမ်းရေးကော်မရှင်ဥက္ကဋ္ဌ၊ အဂတိတိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**(သတင်းစဉ်)**



ဒုတိယသမ္မတဦးဟင်နရီဗန်ထီးယူ၊ ဇနီးနှင့် တာဝန်ရှိသူများ နေပြည်တော်မြို့တော်ဝန် မဟာသင်္ကြန်မဏ္ဍပ် ဖွင့်ပွဲအခမ်းအနားတွင် ယိမ်းအဖွဲ့များ၏ ကပြဖျော်ဖြေမှုကို ကြည့်ရှုအားပေးကြစဉ်။ (သတင်းစဉ်)





ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် ပါရမီလမ်း ရန်ကုန်တက္ကသိုလ် လှိုင်ဂိတ်ပေါက်ဝအနီးရှိ အနောက်ပိုင်းခရိုင် ရေကစားမဏ္ဍပ်ကို ဧပြီ ၁၃ ရက်(သင်္ကြန်အကြိုနေ့) နံနက်ပိုင်းတွင် ဖွင့်လှစ်စဉ်။ (ခင်မောင်ဝင်း)



မဟာသင်္ကြန်အကြိုနေ့တွင် မဟာဗန္ဓုလပန်းခြံအတွင်း ရေကန်၌ ကလေးငယ်များ ပျော်ရွှင်စွာ ရေကစားနေကြစဉ်။ (ဇော်မင်းလတ်)



ရန်ကုန်မြို့ လသာမြို့နယ် (၁၉)လမ်းနှင့် အနော်ရထာလမ်းပေါ်ရှိ Sky Net ရေကစားမဏ္ဍပ်၌ ဧပြီ ၁၃ ရက် (သင်္ကြန်အကြိုနေ့) ညနေပိုင်းတွင် နိုင်ငံကျော်တေးသံရှင်များ၏ ဖျော်ဖြေမှုများ၊ ပျော်ရွှင်စွာ ရေကစားကြသူများနှင့် စည်ကားလျက်ရှိသည်ကို တွေ့ရစဉ်။ (ငွေအောင်)



[redacted]

ရခိုင်ပြည်နယ် မောင်တောခရိုင် ဘူးသီးတောင်မြို့နယ်၌ ဧပြီ ၁၃ ရက် (သင်္ကြန်အကြိုနေ့)က ရခိုင်ရိုးရာအတာသင်္ကြန်ဖွင့်ပွဲတွင် ယိမ်းအဖွဲ့များဖျော်ဖြေနေမှုကို တွေ့ရစဉ်။

(ဓာတ်ပုံ-ရာမည၊ တင်စိုး)

[redacted]



တာချီလိတ်ခရိုင် မဟာသင်္ကြန်ဗဟိုမဏ္ဍပ် ဖွင့်ပွဲကျင်းပစဉ်။ ဝေယံလင်း(ပြန်/ဆက်)



ရန်ကုန်တောင်ပိုင်းခရိုင် ဗဟိုမဏ္ဍပ် ဖွင့်ပွဲကျင်းပစဉ်။ သက်ခိုင်(သန်လျင်)

# ၁၃၇၉ ခုနှစ် မြန်မာ့ရိုးရာ မဟာသင်္ကြန်ပွဲ နိုင်ငံတစ်ဝန်း ပျော်ရွှင်စွာဆင်နွှဲ



စစ်ကိုင်းမြို့ အတာသင်္ကြန်ဗဟိုမဏ္ဍပ် ဖွင့်ပွဲကျင်းပစဉ်။ ခရိုင်(ပြန်/ဆက်)



မုံရွာမြို့ အတာသင်္ကြန်ဗဟိုမဏ္ဍပ် ဖွင့်ပွဲကျင်းပစဉ်။ ဝင်းဦး(ဖေယျာတိုင်း)



ဆေးတက္ကသိုလ်(မန္တလေး)မိသားစုသင်္ကြန်မဏ္ဍပ် ဖွင့်ပွဲကျင်းပစဉ်။ တင်မောင်(မန်းကိုယ်ပွား)



ပဲခူးမြို့ ဗဟိုရေကစားမဏ္ဍပ်ဖွင့်ပွဲ၌ ယိမ်းအဖွဲ့များ ဖျော်ဖြေကြစဉ်။ ခရိုင်(ပြန်/ဆက်)



မဘိမ်းမြို့ အတာသင်္ကြန်ဗဟိုမဏ္ဍပ်ဖွင့်ပွဲ၌ ယိမ်းအကများဖြင့် ဖျော်ဖြေကြစဉ်။ ထိန်လင်းဦး(ပြန်/ဆက်)



ထားဝယ်မြို့ မဟာသင်္ကြန်ဗဟိုမဏ္ဍပ်ဖွင့်ပွဲ၌ ယိမ်းအဖွဲ့များ ဖျော်ဖြေကြစဉ်။ တိုင်းဒေသကြီး(ပြန်/ဆက်)

# မိတ္ထီလာခရိုင် ဟံဇားတိုက်နယ် (၁၆) ခုတင်ဆံ့ ဆေးရုံဖွင့်လှစ် ငွေကုန်ကြေးကျနည်းပါးသည့် အရည်အသွေးပြည့် စောင့်ရှောက်မှုပေးနိုင်ရန် ကြိုးစားနေ

**မန္တလေး မေ ၁၃**

အစိုးရအနေဖြင့် ကျန်းမာရေးကဏ္ဍ အသုံးစရိတ်ကိုတိုးမြှင့်သွားမည်ဖြစ်ပြီး လူထု၏ ကိုယ်ပိုင်ငွေကြေးဖြင့် အနည်းငယ်သာစိုက်ထုတ်ရသော အရည်အသွေးပြည့်ဝသည့် ကျန်းမာရေးစောင့်ရှောက်မှုများကိုရရှိနိုင်ရန် ကြိုးစားဆောင်ရွက်နေကြောင်း မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်က ပြောကြားသည်။

မေ ၉ရက် နံနက်ပိုင်းက ကျင်းပသည့် မိတ္ထီလာခရိုင် သာစည်မြို့နယ်ရှိ ဟံဇားတိုက်နယ် (၁၆) ခုတင်ဆံ့ ဆေးရုံဖွင့်ပွဲတွင် ဝန်ကြီးချုပ်က ဒေသခံလူထုအား ယင်းကဲ့သို့ ပြောကြားခဲ့ခြင်းဖြစ်သည်။

"ရောဂါတစ်ခုဖြစ်လာရင် လူထုကိုယ်ပိုင်ငွေစိုက်ထုတ်မှုနည်းပါးအောင်၊ အစိုးရက အကုန်တာဝန်ယူနိုင်အောင် ကြိုးစားဆောင်ရွက်နေတယ်။ လက်ရှိမှာ ပြည်သူက ငွေစိုက်သုံးနေရဆဲပဲရှိသေးတယ်။ အဲဒါမျိုးမဖြစ်စေချင်ဘူး။ အရင်က ကျန်းမာရေးဘတ်ဂျက် တစ်ရာခိုင်နှုန်းသုံးတယ်။ အခု ၃ ဒသမ ၆၅ ရာခိုင်နှုန်းလောက် သုံးတယ်။ စရိတ်အနည်းဆုံးကုန်ကျတဲ့၊ အရည်အသွေးပြည့်ဝတဲ့ ကျန်းမာရေးစောင့်ရှောက်မှုကို ကမ္ဘာ့ရည်မှန်းချက်အတိုင်း အကောင်အထည်ဖော်မယ်။ ၂၀၂၀ ခုနှစ်ကျရင် နေရာမရွေး၊ ဒေသမရွေး၊ နိုင်ငံသားတိုင်းကျန်းမာရေးကို စရိတ်အနည်းဆုံးနဲ့ အရည်အသွေးပြည့်တဲ့ ကျန်းမာရေးစောင့်ရှောက်မှုရအောင် ကြိုးစားနေတယ်"ဟု ဝန်ကြီးချုပ်က ပြောကြားခဲ့သည်။

ထို့ပြင် ဝန်ကြီးချုပ်က ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအနေဖြင့် ကျန်းမာရေးအသိပညာပေးခြင်းများ၊ ရောဂါကြိုတင်ကာကွယ်ရေးလုပ်ငန်းများ၊ ကုသပေးခြင်းလုပ်ငန်းများ၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ဆောင်ရွက်ပြီး ကျန်းမာရေးနှင့် ဆက်စပ်သော ပညာရှင်များမွေးထုတ်ပေးခြင်း၊ ဆေးဝါးများ ထောက်ပံ့ခြင်း၊ အခြေခံအဆောက်အအုံများတိုးမြှင့်ခြင်းကို ကြိုးစားဆောင်ရွက်နေကြောင်းလည်း ထည့်သွင်းပြောကြားခဲ့သည်။

တိုက်နယ်ဆေးရုံသစ်အား တိုင်းဒေသကြီးလွှတ်တော် ဒုတိယဥက္ကဋ္ဌနှင့် ဝန်ကြီးများဖြစ်ကြသော ဒေါက်တာရဲလွင်၊ ဒေါက်တာစိုးသန်း၊ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်နှင့် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များက ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြပြီး ဝန်ကြီးချုပ်က ဆေးရုံဆိုင်းဘုတ်အား စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးခဲ့သည်။



အဆိုပါအခမ်းအနားတွင် တိုင်းဒေသကြီးလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဒေါက်တာခင်မောင်ဌေးကလည်း ဒေသခံများအား မိတ်ဆက် အမှာစကားပြောကြားခဲ့ပြီး ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ကုသရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် (စီမံ/ဘဏ္ဍာ) ဒေါက်တာမြတ်ဝဏ္ဏစိုးက တိုက်နယ်ဆေးရုံဖွင့်လှစ်ပေးရခြင်း ရည်ရွယ်ချက်ကိုလည်းကောင်း၊ ဒေသခံတစ်ဦးက ကျေးဇူးတင်ဝမ်းမြောက်စကားကိုလည်းကောင်း ပြောကြားကြပြီး အလှူရှင်မိသားစုများက ဆေးရုံသုံးပစ္စည်းများ၊ ငွေပဒေသာပင်များကို အသီးသီးလှူဒါန်းကြသည်။

"ဒီဆေးရုံကို ကျွန်တော်ရောက်မှ ပန္နက်စရိုက်တာ၊ တည်ဆောက်ရေးလုပ်ငန်းက ၂၀၁၅ နှစ်ကုန်လောက်မှာ ကန်ထရိုက်က မြို့နယ်ကို အပ်တယ်။ ဒီဆေးရုံမရှိခင် တခြားဘက်မှာ နေရာယူပြီး OPD ဖွင့်ပြီး လူနာတွေ ကြည့်ပေးတယ်။ ၂၀၁၆ ခုနှစ် မတ်လကတည်းကစပြီး အတွင်းလူနာတွေတင်ပြီး ကုသမှုပေးပါတယ်။ နောက်ပိုင်း လူနာအရေအတွက်တိုးလာပါတယ်။ ဖွင့်တာလည်းမသိသေးတာလည်းပါမှာပေါ့။ ဒီဆေးရုံဆောက်လိုက်တော့ ပတ်ဝန်းကျင်ရွာ သုံးဆယ်ကျော်လောက်က ဒေသခံတွေကို ကျန်းမာရေးစောင့်ရှောက်မှု ပေးနိုင်တော့မှာပါ"ဟု တိုက်နယ်ဆေးရုံတာဝန်ခံ ဒေါက်တာသိန်းမင်းဝင်းက ကျန်းမာရေးစောင့်ရှောက်မှုနှင့် ပတ်သက်၍ပြောသည်။

အဆိုပါတိုက်နယ်ဆေးရုံ မြေနေရာအား အဆောက်အအုံများတည်ဆောက်ခွင့်ရသော Royal Mya ကုမ္ပဏီက မြေဝယ်ယူလှူဒါန်းခဲ့ပြီး ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ဘဏ္ဍာငွေဖြင့် သန်း ၆၀၀ ကျခံပြီး ၂၀၁၅ ခုနှစ်တွင် စတင်တည်ဆောက်ခဲ့ကာ ၁၂၆ ပေ၊ ၈၉ ပေကျယ် ဆေးရုံအဆောက်အအုံနှင့် နှစ်ခန်းတွဲ၊ လေးခန်းတွဲ၊ သုံးခန်းတွဲအဆောက်အအုံများ၊ မော်ကျူလီခန်းနှင့် ပေလေးရာပတ်လည် အုတ်တံတိုင်းစသည်ဖြင့်ပါဝင်သည်။

၂၀၁၆ ခုနှစ်တွင် လူနာများကို စတင်လက်ခံကုသခြင်းများကို ဆောင်ရွက်ပေးပြီး ယခုကဲ့သို့ ဖွင့်လှစ်နိုင်ခြင်းဖြစ်ကာ ကုသရေးဦးစီးဌာနက ဆေးရုံခုတင်၊ ခွဲစိတ်ခန်းသုံးကိရိယာနှင့် စက်ပစ္စည်းများကိုလည်း ထပ်မံဖြည့်ဆည်းပေးခဲ့သည်။

ယနေ့ကာလတွင် သာစည်မြို့နယ်အနေဖြင့် ခုတင် (၅၀) ဆံ့ ဆေးရုံတစ်ရုံ၊ ၁၆ ခုတင်ဆံ့ တိုက်နယ်ဆေးရုံသုံးရုံ၊ ကျေးလက်ကျန်းမာရေးဌာန ခုနစ်ခုနှင့် ကျေးလက်ကျန်းမာရေးဌာနခွဲ ၃၇ ခုတို့ဖြင့် ဒေသခံမိဘပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**

❑

## ဝလေ့အတာ မမေ့သာ

သင်္ကြန်ဆို အတာကူးသည်တဲ့
နှစ်ဦးကို ကြိုဆိုချိန်ပေါ့
ပူရှိန်ပြင်းတဲ့ နွေမိန်အခါ။
ရှေးအခါသည် အတာရက်မှာလ
အေးပါစေ စေတနာဖက်လို့
မွှေးနံ့သာရည် သပြေညိုခက်နဲ့
ဖျန်းပက်ပါတဲ့
အစဉ်လာကောင်း။
ဝလေ့ဟောင်းကိုလ
မမေ့ကောင်းပါစဉ်အလာပေါ့
သည်အတာနှစ်ကိုကူးချိန်လည်း
ရွှေမြန်မာလူယဉ်ကျေးရယ်လို့
ရေအေးကြည်ရေစင်ကိုလ
ချစ်ကြင်နာ စေတနာပန်းတွေနဲ့
ကွယ်တို့ရေ
ဖျန်းပက်စေကြောင်း။ ။

နေဇာဝေ(ဥသာ)

# မြန်မာပြည်မိုဘိုင်းသုံးစွဲသူများ ပိုမိုတောင်းဆိုလာကြသည့် Dual Selfie Camera နည်းပညာသုံး F3 Plus

မြန်မာနိုင်ငံစမတ်ဖုန်းဈေးကွက်သည် မိုဘိုင်းအော်ပရေတာများရောက်ရှိလာခြင်းနှင့်အတူ ပိုမိုကြီးမားကျယ်ပြန့်လာခဲ့သလို စမတ်ဖုန်းသုံးစွဲသည့်ပမာဏမှာလည်း လက်ရှိလူဦးရေ၏ ထက်ဝက်ကျော်ထက်ပင် ပိုမိုများပြားသော ၄၅ သန်းဝန်းကျင်အထိ ရောက်ရှိလာခဲ့ကြောင်း Forbes ကပြုလုပ်သည့် အင်တာဗျူးတစ်ရပ်တွင်ဖော်ပြထားသည်။ ထို့အတူ တို့ထိစနစ်ဖြင့်အသုံးပြုနိုင်သော စမတ်ဖုန်း ဝယ်ယူအသုံးပြုကြသည့်ပမာဏမှာလည်း စုစုပေါင်းမိုဘိုင်းဖုန်း အသုံးပြုသူအားလုံး၏ ၆၀ ရာခိုင်နှုန်းမှ ၈၀ ရာခိုင်နှုန်းအကြားထိ ရောက်ရှိလာခဲ့ကြောင်းလည်း အဆိုပါသတင်းတွင်ဆက်လက်ဖော်ပြထားသည်။ ပုံမှန် မိုဘိုင်းဖုန်းတစ်လုံးထက် အဆင့်မြင့်မြင့်အသုံးပြုနိုင်သော စမတ်ဖုန်းအမျိုးအစားများကို ဝယ်ယူရွေးချယ်သည့် ပုံစံအမူအကျင့်မှာလည်း သုံးစွဲသူများအကြားတွင် ပိုမိုများပြားလာခဲ့သည်။

အထူးသဖြင့် စမတ်ဖုန်းတစ်လုံးရွေးချယ်မှုနှင့် ပတ်သက်လာလျှင် ယခင်ကကဲ့သို့ ဖုန်းပြောဆိုခြင်း၊ လိုင်းကောင်းခြင်းစသည့် အချက်များကိုသာ ရွေးချယ်ဝယ်ယူရုံမျှမက ကင်မရာပိုင်းကောင်းမွန်ခြင်း၊ Fingerprint စနစ်ပါဝင်ခြင်းတို့ကို အဓိကဦးစားပေးရွေးချယ်နေကြောင်း ဈေးကွက်အခြေအနေများအရ သိရသည်။ လက်ရှိဈေးကွက်တွင်လည်း အရည်အသွေးမြင့်မားသည့် ကင်မရာစနစ်နှင့် မြန်ဆန်တိကျသော Fingerprint (ခေါ်)လက်ဗွေစနစ်ဖြင့် ဖုန်းဖွင့်နိုင်သည့် စနစ်များပါဝင်သော စမတ်ဖုန်းများကို Samsung, Huawei, OPPO, Xiaomi, Vivo တို့လို ကုမ္ပဏီတွေက အပြိုင်အဆိုင် ထုတ်လုပ်နေကြပြီး ဈေးနှုန်းပိုင်းတွင်လည်း အများသူငါ တတ်နိုင်စေသော တန်ဖိုးသင့်စမတ်ဖုန်းများအပြင် ထူးခြားသာလွန်ကောင်းမွန်သော Feature လုပ်ဆောင်ချက်များပါဝင်သည့် အဆင့်မြင့် high-end ဖုန်းများကိုပါ ထုတ်လုပ်ပေးလျက်ရှိနေသည်။ ထို့အတွက်ကြောင့် ဝင်ငွေအခြေအနေပေါ်မူတည်ပြီး ကျပ်သုံးသိန်းအောက်ဖုန်းများကို သုံးစွဲသူများ ပိုမိုများပြားစွာရှိနေသလို သုံးသိန်းအထက် အဆင့်မြင့်ဖုန်းများကို ဝယ်ယူအသုံးပြုမှုမှာလည်း ယခင်ကထက် အရေအတွက်ပိုလာခဲ့ကြောင်း တွေ့ရှိနေရသည်။ ထိုကဲ့သို့စမတ်ဖုန်းများထဲတွင် ဝယ်ယူသုံးစွဲသူများက ပိုမိုတောင်းဆိုလာသည့် နည်းပညာတစ်ရပ်မှာ Dual Camera စနစ်ပင်ဖြစ်ပြီး ဖုန်းတစ်လုံးတွင် ကင်မရာနှစ်လုံးကို တပ်ဆင်ပေးထားခြင်းဖြစ်သည်။

ယခင်ကဈေးကွက်ထဲတွင် Dual Camera စနစ်ကို နောက်ကင်မရာပိုင်းအတွက်သာ အဓိကတပ်ဆင်အသုံးပြုနေကြသော်လည်း နောက်ပိုင်းတွင် Selfie Camera ဟုခေါ်ဆိုသော ရှေ့ဘက်ကင်မရာတွင်ပါ Dual Selfie Camera စနစ်ကို တပ်ဆင်အသုံးပြုလာကြောင်း တွေ့ရှိနေရသည်။



OPPO က အသစ်ထုတ်လုပ်လိုက်သော
Dual Selfie Camera နည်းပညာသုံး F3 Plus

စမတ်ဖုန်းတစ်လုံးနှင့်ပတ်သက်၍ သုံးစွဲသူများပိုမိုအသုံးပြုနေကြသည့်အချက်မှာ ဓာတ်ပုံရိုက်ယူသည့်စနစ်ဖြစ်ပြီး အသက်အရွယ်မရွေး ယခုကဲ့သို့ဖုန်းကင်မရာဖြင့် ဓာတ်ပုံရိုက်ယူခြင်းကို ပိုမိုအသုံးပြုလာကြသည်။ ယခုဖုန်းကင်မရာသုံးစွဲမှုများလူငယ်များအကြားတွင် ပိုမိုလုပ်ဆောင် အသုံးပြုနေကြသလို ၎င်းတို့ရိုက်ကူးထားသည့် ဓာတ်ပုံများကိုလည်း လူမှုကွန်ရက်များတွင် ပြန်လည်ဝေမျှတင်နေခြင်းကိုပါ ပိုမိုတွေ့ရှိလာရသည်။ mylio.com က ထုတ်ပြန်ထားသည့် အချက်အလက်များအရ ပြီးခဲ့သည့် ၂၀၁၆ ခုနှစ်တွင် ဒစ်ဂျစ်တယ်ဓာတ်ပုံရိုက်ကူးမှုမှာ ၁ ဒသမ ၁ ထရီလီယံအထိရှိခဲ့ပြီး အဆိုပါထဲမှ မိုဘိုင်းဖုန်းဖြင့် ဓာတ်ပုံရိုက်ယူသည့်အရေအတွက်မှာ သန်း ၉၀၀ ကျော်အထိရှိလာခဲ့သလို Telegraph ကထုတ်ပြန်သည့် သတင်းတွင်လည်း တစ်ကမ္ဘာလုံးမှ မိုဘိုင်းဖုန်းသုံးစွဲသူများတစ်နေ့ပျမ်းမျှ Selfie ရိုက်ကူးမှုမှာ တစ်သန်းအထိရှိနေကြောင်း သိရသည်။ ထို့ကြောင့်လည်းစမတ်ဖုန်းထုတ်လုပ်သူများက သုံးစွဲသူများ ပိုမိုနှစ်သက်သဘောကျသည့် Dual Selfie Camera စနစ်သုံးနည်းပညာများကို ၎င်းတို့၏ နောက်ဆုံးထုတ်စမတ်ဖုန်းများတွင် ထည့်သွင်းပေးလာကြသည်။

ယခုဈေးကွက်ထဲသို့ သိပ်မကြာခင်က ဝင်ရောက်လာခဲ့သည့် OPPO ၏ F3 Plus စမတ်ဖုန်းမှာလက်ရှိဈေးကွက်က ပိုမိုတောင်းဆိုနေကြသော Dual Selfie Camera စနစ်ကိုထည့်သွင်းပေးထားပြီး ထူးခြားမှုအဖြစ် ဒီဂရီ ၁၂၀ မြင်ကွင်းအကျယ်အထိ ရိုက်ယူနိုင်စေမည့် နည်းပညာကိုပါ ထည့်သွင်းပေးထားခြင်းကြောင့် လက်ရှိမိုဘိုင်းဖုန်းဈေးကွက်တွင် ရှေ့ဘက်ကင်မရာဖြင့် မြင်ကွင်းကျယ်များကို ရိုက်ယူနိုင်စေမည့် အဆင့်မြင့်စမတ်ဖုန်းတစ်လုံးဖြစ်လာခဲ့သည်။ ကင်မရာတစ်လုံးဖြင့် မိမိတစ်ယောက်တည်း၏ Selfie ပုံများကို အလေးထားရိုက်ယူနိုင်စေပြီး ကျန်ကင်မရာတစ်လုံးဖြင့် အဖွဲ့လိုက် Group Selfie ပုံများကို ရိုက်ယူနိုင်စေမည် ဖြစ်သည်။ ထို့အပြင် အဆိုပါ OPPO F3 Plus ဖုန်း၏နောက်ကင်မရာလည်း DSLR ကင်မရာများဖြင့် အရည်အသွေးမြင့်ဓာတ်ပုံများ ရိုက်ယူနိုင်သကဲ့သို့ ရုပ်ထွက်အရည်အသွေးမြင့်မားသည့် Sony IMX 398 sensor ကိုပါ အသုံးပြုပေးထားသည်။ ထူးခြားဆန်းသစ်သောကင်မရာစနစ်၊ မြန်ဆန်တိကျသော Fingerprint နည်းပညာများပါဝင်နေသော OPPO F3 Plus အဆင့်မြင့်စမတ်ဖုန်းမှာ မြန်မာပြည်ဈေးကွက်၏ မိုဘိုင်းဖုန်းခေတ်ရေစီးကြောင်းအတွက် ရွေးချယ်နိုင်စေမည့် ထုတ်ကုန်တစ်ခုဖြစ်လာကြောင်းနည်းပညာအမြင်ဖြင့် သုံးသပ်ရေးသားလိုက်ရပါသည်။ **(ကြေးမုံ)**

# YBS တွင် ပြေးဆွဲမည့် ဘတ်စ်ကားအစီး ၁၀၀၀ ဝယ်ယူရန် YUTONG ကုမ္ပဏီနှင့်စာချုပ်ချုပ်ဆို

**ရန်ကုန် မေ ၁၃**

YBS ယာဉ်လိုင်းများတွင် ထည့်သွင်းပြေးဆွဲရန်အတွက် ဘတ်စ်ကား အစီး ၁၀၀၀ ဝယ်ယူမှု တရုတ်နိုင်ငံ YUTONG ကုမ္ပဏီနှင့် စာချုပ်ချုပ်ဆိုမှုကို မေ ၁၁ ရက်က ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး မင်္ဂလာခန်းမ၌ ကျင်းပခဲ့သည်။



ရန်ကုန်တိုင်းဒေသကြီးအတွင်း ခရီးသည် ပို့ဆောင်ရေးကဏ္ဍတွင် ယာဉ်အစီးရေ လိုအပ်ချက်များရှိနေရာ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့နှင့် တရုတ်နိုင်ငံ အစိုးရအဖွဲ့တို့ နှစ်နိုင်ငံအစိုးရချင်း ချိတ်ဆက်ညှိနှိုင်းမှုဖြင့် ယာဉ်အစီးရေ ၁၀၀၀ ဝယ်ယူရန် ဆောင်ရွက်မှုအနေဖြင့် လာမည့် မေလကုန်တွင် ယာဉ်အသစ်များ ရောက်ရှိ ပြေးဆွဲနိုင်ရေးအတွက် ဆောင်ရွက်ခဲ့ခြင်း ဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေး ကြီးကြပ်ကွပ်ကဲမှုအာဏာပိုင်အဖွဲ့ အတွင်းရေးမှူး ဒေါက်တာမောင်အောင်က ပြောသည်။

"ဘတ်စ်ကားအစီး ၁၀၀၀ ဝယ်ဖို့ကို နည်းပညာ ကျွမ်းကျင်တဲ့အဖွဲ့တွေ၊ မော်တော်ယာဉ် နားလည်တတ်ကျွမ်းတဲ့ အဖွဲ့တွေနဲ့ ညှိနှိုင်းဆွေးနွေးပြီးတော့ စစ်ဆေးပြီးမှ ဝယ်ယူခဲ့တာပါ။ ဈေးနှုန်းနဲ့ အရည်အသွေးပိုင်း ညှိနှိုင်းမှုတွေလုပ်နေလို့ အနည်းငယ် နှောင့်နှေးသွားတာပါ။ ဒီက ရာသီဥတုနဲ့ ကားအဲကွန်းဖွင့်မယ့် အနေအထားတွေနဲ့ ကားသစ်တွေ အရည်အသွေးပိုင်းကို ညှိနှိုင်းခဲ့တာပါ။ မေလကုန်လောက် ရရှိပါမယ်"ဟု ၎င်းက ပြောသည်။

(ဝဝ၁)

# ကျေးရွာများသို့ အသိပညာပေးဟောပြောခြင်းနှင့် စာဖတ်ဝိုင်းဆွေးနွေးပွဲများပြုလုပ်

**ဘီးလင်း မေ ၁၃**

ဘီးလင်းမြို့နယ် အမျိုးသမီးရေးရာအဖွဲ့ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းနှင့် ကျန်းမာရေးဌာနတို့ ပူးပေါင်း၍ အသိပညာပေးဟောပြောခြင်း၊ စာဖတ်ဝိုင်းဆွေးနွေးပွဲများ ပြုလုပ်ပေးခြင်းကို မေ ၁၁ ရက်က ဘီးလင်းမြို့နယ် အနိုင်းပွန်ကျေးရွာ၌ ပြုလုပ်ခဲ့သည်။

အဆိုပါ အသိပညာပေးဟောပြောပွဲတွင် ဘီးလင်းမြို့နယ် အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်အိရွှေဇင်မောင်မောင်က အမျိုးသမီးငယ်များအား လူမှောင်ခို၊ လူကုန်ကူးမှုနှင့် အမျိုးသမီးငယ်များ ဘဝလုံခြုံရေးအတွက် အသိပညာပေး ဟောပြောခြင်း၊ ကျေးလက်ကျန်းမာရေးဆရာမက ပူပြင်းသော ရာသီဥတု၌ ဖြစ်တတ်သော ရောဂါများအကြောင်း၊ တီဘီရောဂါအကြောင်း၊ ကိုယ်ဝန်ဆောင် မိခင်များ ကျန်းမာရေးကောင်းမွန်စေရန် လိုက်နာရမည့် အချက်အလက်များကို အသိပညာပေး ဟောပြောခဲ့သည်။

ထို့နောက် စာဖတ်ဝိုင်းဆွေးနွေးပွဲကို ပြုလုပ်ခဲ့ပြီး တက်ရောက်လာကြသော ကျေးရွာသူ ကျေးရွာသားများနှင့် အသိပညာဗဟုသုတများ ဖလှယ်ခဲ့ကြပြီး သိရှိလိုသည့် အကြောင်းအရာ မေးမြန်းချက်များကို အပြန်အလှန်ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**ထူးနောင်(ဘီးလင်း)**



# အပူဒဏ်ကြောင့် ကျန်းမာရေး ပြဿနာများဆိုင်ရာ နှိုးဆော်ချက်

နွေရာသီတွင် ရာသီဥတုပူပြင်းမှုကြောင့် ချွေးထွက်လွန်ကာ ခန္ဓာကိုယ်အတွင်းရှိ ရေနှင့် ဓာတ်ဆားဓာတ်များဆုံးရှုံးမှု ပိုမိုများပြားတတ်ပါသည်။ ပြည်သူလူထုအနေဖြင့် အပူဒဏ်ကြောင့်ဖြစ်ပွားတတ်သော ကျန်းမာရေးပြဿနာများတွေ့ရှိပါက ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များကို သိရှိလိုက်နာနိုင်ပါရန် နှိုးဆော်အပ်ပါသည်။

အပူဒဏ်ကြောင့် ပင်ပန်းနွမ်းနယ်ခြင်း (Heat exhaustion) ခံစားရပါက အောက်ဖော်ပြပါ ရောဂါလက္ခဏာများ ပေါ်ပေါက်နိုင်ပါသည်။

- ပျို့ခြင်း (သို့) ဂနာမငြိမ်ဖြစ်ခြင်း
- ခေါင်းမူးနောက်ခြင်း
- ကြွက်သားများ ကြွက်တက်ခြင်းနှင့် အားပျော့ခြင်း
- မူးမိုက်ခြင်း
- ခေါင်းကိုက်ခြင်း
- နှုံးချည့်ခြင်း
- ရေဆာခြင်း
- ချွေးအလွန်အကျွံထွက်ခြင်း
- ခန္ဓာကိုယ်အပူချိန်မြင့်တက်ခြင်း

ရောဂါပိုမိုပြင်းထန်ဆိုးရွားလာ၍ အပူဒဏ်ကြောင့် သတိလစ်ခြင်း (Heat Stroke) ခံစားရပါက အောက်ဖော်ပြပါရောဂါလက္ခဏာများ ပေါ်ပေါက်နိုင်ပါသည်။

- အရေပြားပူ၍ခြောက်သွေ့ခြင်း (သို့) ချွေးအလွန်အကျွံထွက်ခြင်း
- စိတ်ရှုပ်ထွေးခြင်း
- သတိလစ်ခြင်း
- တက်ခြင်း
- ခန္ဓာကိုယ်အပူချိန် အလွန်အကျွံမြင့်တက်ခြင်း

အဆိုပါလက္ခဏာများခံစားရပါက ဦးစွာဆောင်ရွက်ရန်-

(၁) အရိပ်ရ၍အေးမြသော၊ လေဝင်လေထွက်ကောင်းသော နေရာသို့ ပြောင်းရွှေ့ထားပါ။
(၂) ရေနှင့်ဓာတ်ဆားရည်များကို တိုက်ကျွေးပါ။
(၃) ရေအေးပတ်တိုက်ပါ။ (နဖူး၊ လည်ပင်း၊ ချိုင်းကြားနှင့် ပေါင်ခြံတို့ကို ရေအေးပတ်ရွှဲရွှဲတိုက်ပေးခြင်းဖြင့် ခန္ဓာကိုယ်တွင် အပူချိန်အမြန်ကျစေပါသည်။)

**နီးစပ်ရာဆေးရုံ ဆေးခန်း၊ ကျန်းမာရေးဌာနများသို့ အမြန်ဆုံးပို့ပေးပါ။**

**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**

# နမ့်မန်း-ခုံငင်းချောင်းကူးတံတား ပြီးစီးမှုစစ်ဆေး

**သီပေါ မေ ၁၃**

ကျောက်မဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်အတွင်းဆောင်ရွက်မည့် အရှည်ပေ ၁၆၀ရှိ ငွေကျပ် သန်း ၁၆၀ အကုန် အကျခံတည်ဆောက်သည့် နမ့်မန်း-ခုံငင်းချောင်းကူးသစ်သားတံတား ဆောက်လုပ်ပြီးစီးမှုအခြေအနေကို ကျောက်မဲခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးမှူး ဦးမျိုးမင်းစိုးနှင့် တာဝန်ရှိသူများသည် မေ ၁၁ ရက်က ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

**စိုင်း(သီပေါ)**

# ပင်လယ်ပြင် ကမ်းနီးကမ်းဝေးငါးဖမ်းရေယာဉ်များအတွက် အသိပေးချက်ထုတ်ပြန်

မြန်မာ့ပင်လယ်ငါးလုပ်ငန်းရေပြင်အတွင်း ငါးဖမ်းလုပ်ငန်းလုပ်ကိုင်ဆောင်ရွက်နေသော ပြည်တွင်း/ပြည်ပ ကမ်းဝေးငါးဖမ်းရေယာဉ်များနှင့် ကမ်းနီးငါးဖမ်းရေယာဉ်များအနေဖြင့် မုတ်သုံရာသီအတွင်း ရာသီဥတုဆိုးရွားချိန်များတွင် လှိုင်းဒဏ်၊ လေဒဏ်များ ခိုလှုံနိုင်ရန်အတွက် အောက်ဖော်ပြပါတည်နေရာများ၌ ရာသီဥတုခိုလှုံနိုင်ကြောင်းကို (၁၀-၄-၂၀၁၇)ရက်နေ့စွဲပါ ညွှန်ကြားချက်အမှတ် (၃/၂၀၁၇)ဖြင့် ထုတ်ပြန်ပေးထားပြီးဖြစ်ပါသည်-

(က) ရခိုင်ပြည်နယ် စစ်တွေမြို့နယ် မင်းဂံချောင်းအတွင်း မြောက်လတ္တီတွဒ် ၂၀ ဒီဂရီ ၂၈ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၂ ဒီဂရီ ၅၈ မိနစ်၊
(ခ) ရခိုင်ပြည်နယ် ပေါက်တောမြို့နယ် ဖရုံဂါကျွန်း မြောက်လတ္တီတွဒ် ၂၀ ဒီဂရီ ၀၀ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၀၀ မိနစ်၊
(ဂ) ရခိုင်ပြည်နယ် ကျောက်ဖြူမြို့နယ် ငလပွေ့ချောင်း မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၂၄ မိနစ်၊ အရှေ့ လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၃၃ မိနစ်၊
(ဃ) ရခိုင်ပြည်နယ် သံတွဲမြို့နယ် ဆင်ခေါင်းဆိပ်ကမ်း မြောက်လတ္တီတွဒ် ၁၈ ဒီဂရီ ၃၁ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၁၃ မိနစ်၊
(င) ရခိုင်ပြည်နယ် သံတွဲမြို့နယ် သပြုချိုင် (ANDREW BAY) မြောက်လတ္တီတွဒ် ၁၈ ဒီဂရီ ၂၀ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၂၀ မိနစ်၊
(စ) ရခိုင်ပြည်နယ် တောင်ကုတ်မြို့နယ် သဘော်ဆိပ် မြောက်လတ္တီတွဒ် ၁၈ ဒီဂရီ ၁၅ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၁၃ မိနစ်၊
(ဆ) ရခိုင်ပြည်နယ် ဂွမြို့နယ် တင်းတောကျေးရွာအုပ်စု အမေ်ချိုင် မြောက်လတ္တီတွဒ် ၁၇ ဒီဂရီ ၃၇ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၃၄ မိနစ်၊
(ဇ) ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ် ဟိုင်းကြီးကျွန်း (HAINGYI ISLAND) မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၅၈ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၂၀ မိနစ်၊
(ဈ) ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ် ပြင်ခရိုင် ချောင်းဝကျေးရွာ မြောက်လတ္တီတွဒ် ၁၆ ဒီဂရီ ၀၀ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၂၄ ဒသမ ၄၀ မိနစ်၊
(ည) ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးမြို့နယ် ကဒုံကနီကျေးရွာ မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၄၈ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၁၆ မိနစ်၊
(ဋ) မွန်ပြည်နယ် ရေးမြို့နယ် ဝါးကျွန်း မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၁၁ ဒသမ ၃၀ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၇ ဒီဂရီ ၄၄ မိနစ်၊
(ဌ) တနင်္သာရီတိုင်းဒေသကြီး လောင်းလုံမြို့နယ် မောင်းမကန်ဘုတ်ကျွန်း (MIDDLE MOSCOS) မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၀၈ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၇ ဒီဂရီ ၄၈ မိနစ်၊
(ဍ) တနင်္သာရီတိုင်းဒေသကြီး လောင်းလုံမြို့နယ် လောင်းလုံဘုတ်ကျွန်း (SOUTH MOS COS) မြောက်လတ္တီတွဒ် ၁၃ ဒီဂရီ ၄၈ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၇ ဒီဂရီ ၅၄ မိနစ်၊
(ဎ) တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့နယ် တနင်္သာရီကျွန်း (TANINTHARYI ISLAND) မြောက်လတ္တီတွဒ် ၁၂ ဒီဂရီ ၃၄ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၇ ဒီဂရီ ၅၂ မိနစ်၊
(ဏ) တနင်္သာရီတိုင်းဒေသကြီး ကျွန်းစုမြို့နယ် ပြင်စဘုကျွန်း (PYIN SA BU ISLAND) အရှေ့ဘက်ရေပြင် မြောက်လတ္တီတွဒ် ၁၁ ဒီဂရီ ၄၅ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၈ ဒီဂရီ ၀၅ မိနစ်၊

ပြည်တွင်း/ပြည်ပ ကမ်းဝေးငါးဖမ်းရေယာဉ်များအား ရာသီဥတုခိုလှုံခွင့်ပြုနေရာ သတ်မှတ်ပေးထားခြင်းမှာ မုတ်သုံရာသီ ရာသီဥတုဆိုးရွားချိန်အတွင်း ငါးဖမ်းရေယာဉ်နှင့် ရေလုပ်သားများ အန္တရာယ်ကင်းရှင်းလုံခြုံစွာ ကျွန်းခိုရပ်နားနိုင်ရန်အတွက် သတ်မှတ်ပေးထားခြင်းဖြစ်ပြီး ရာသီဥတုခိုလှုံသည်ကို အကြောင်းပြု၍ ကမ်းနီးဒေသအတွင်း ငါး/ ပုစွန်ဖမ်းဆီးနေသည်ကို စစ်ဆေးတွေ့ရှိပါက ထိရောက်စွာ အရေးယူခြင်း ခံရမည်ဖြစ်ကြောင်း သိရသည်။

**ငါးလုပ်ငန်းဦးစီးဌာန**

# ပေါလ်ဝေါ်ကာကို လွမ်းဆွတ်နေကြောင်းထုတ်ဖော်ပြောကြားလာတဲ့ "The Fate of the Furious"အဖွဲ့သားများ



အက်ရှင်ဇာတ်လမ်းအမျိုးအစားဖြစ်တဲ့ ဟောလိဝုဒ်ရဲ့ နာမည်ကျော်ဇာတ်လမ်းတွဲရုပ်ရှင် "Fast and Furious"ရဲ့ ပင်တိုင်သရုပ်ဆောင်တစ်ဦးဖြစ်သူ ပေါလ်ဝေါ်ကာသေဆုံးခဲ့တဲ့အပေါ် ယနေ့ထက်တိုင် ရုပ်ရှင်အဖွဲ့သားတွေက မမေ့နိုင်ဘဲ သတိရလွမ်းဆွတ်နေကြဆဲဖြစ်တယ်လို့ စီအန်အန်ဒေ့ါကွန်းရဲ့ ဖော်ပြချက်တွေအရ သိရပါတယ်။

လာမယ့် သောကြာနေ့မှာ ယင်းဇာတ်လမ်းတွဲရုပ်ရှင်ရဲ့ နောက်ဆုံးသော ရုပ်ရှင်သစ် "The Fate of the Furious" ကို ရုံတင်ပြသတော့မှာဖြစ်ပြီး ရုပ်ရှင်သစ်ဟာ ပေါလ်ဝေါ်ကာပါဝင်ခြင်းမရှိတဲ့ ပထမဆုံးသောရုပ်ရှင်တစ်ကားဖြစ်လာမှာ ဖြစ်ပါတယ်။ ဒါ့ကြောင့် ရုပ်ရှင်ထုတ်လွှင့်ချိန်မှာ ပါဝင်နိုင်ခြင်းမရှိတော့တဲ့ လုပ်ဖော်ကိုင်ဖက်တစ်ဦးဖြစ်တဲ့ ပေါလ်ဝေါ်ကာကို ရုပ်ရှင်ဝိုင်းတော်သားတွေက အထူးသတိရမိနေကြတာဖြစ်ပါတယ်။

ပြီးခဲ့တဲ့ ၂၀၁၃ ခုနှစ်မှာဖြစ်ပွားခဲ့တဲ့ ယာဉ်တိုက်မှုတစ်ခုအတွင်း ပေါလ်ဝေါ်ကာကို ဆုံးရှုံးလိုက်ရတာဖြစ်ပါတယ်။ " Fast and Furious "ရုပ်ရှင်တွေမှာ ကားတွေကိုပြိုင်ဆိုင်မောင်းနှင်ရတာတွေ၊ ကားတွေကိုမောင်းနှင်ရင်း တိုက်ခိုက်ရတာတွေ အမြဲပါဝင်နေပေမယ့် ပေါလ်ဝေါ်ကာရဲ့ မတော်တဆမှုဟာတော့ ရိုက်ကွင်းပေါ်မှာ ဖြစ်ပွားခဲ့တာမဟုတ်ပါဘူး။ ဇာတ်လမ်းတွဲရုပ်ရှင်တွေရဲ့ သတ္တမမြောက်ရုပ်ရှင်ဖြစ်တဲ့ "Furious 7"ကို ရိုက်ကူးနေစဉ် ရိုက်ကူးရေးလုပ်ငန်းတွေအဆုံးသတ်ခါနီးကာလမှာ ပေါလ်ဝေါ်ကာဟာ ယာဉ်တိုက်မှုဖြစ်ခဲ့တာဖြစ်ပါတယ်။

" The Fate of the Furious "ရုပ်ရှင်စမ်းသပ်ပြသတဲ့ အခမ်းအနားကိုတက်ရောက်လာတဲ့ ပင်တိုင်ဇာတ်ဆောင်မင်းသားကြီး ဗင်ဒီဇယ်က သူကိုယ်တိုင်က ပတ်ဘလိုလို့ နာမည်ပြောင်ပေးထားတဲ့ သူ့ရဲ့အကောင်းဆုံးသောသူငယ်ချင်းကို ဆုံးရှုံးလိုက်ရတဲ့အချိန်ကစတင်ပြီး သူ့အတွက် ခက်ခဲခဲ့ကြောင်း အန်တာတိန်းမန့်တူနိုက်ထ်ကို ဖွင့်ဟပြောကြားခဲ့ပါတယ်။ ဒါ့အပြင် ဗင်ဒီဇယ်က ပေါလ်ဝေါ်ကာမပါဝင်တဲ့ ရိုက်ကူးရေးအခြေအနေဟာ သူ့အတွက်ဘယ်လိုသဘောဆောင်နေလဲလို့ မေးတဲ့မေးခွန်းတွေအပေါ် ဒီလိုမေးတာဟာမှားနေကြောင်းနဲ့ သူ့အတွက်တော့ ညီလေးတစ်ယောက်မရှိတော့တဲ့ ဘဝရဲ့အခြေအနေဟာဘယ်လိုလဲလို့ မေးမှသာ မှန်ကန်နိုင်လိမ့်မှာဖြစ်ကြောင်း ကော်ဖောနီပေါ်လျှောက်လှမ်းလာစဉ် ခံစားချက်တွေကို ထုတ်ဖော်ပြောကြားခဲ့ပါတယ်။

ပေါလ်ဝေါ်ကာကို အမှတ်တရရှိစေဖို့အတွက် ဗင်ဒီဇယ်က ပေါလ်သေဆုံးပြီးနောက်မွေးဖွားလာခဲ့တဲ့ သူ့ရဲ့သမီးလေးကို ပေါလ်ရဲ့အမည်ကိုအစွဲပြုကာ ပေါလ်လိုင်းလို့အမည်ပေးထားပြီး ဗင်ဒီဇယ်ရဲ့ သမီးလေးဟာ လတ်တလောမှာတော့ အသက် နှစ်နှစ်ခန့်ရှိပြီဖြစ်တယ်လို့ သိရပါတယ်။

"Fast and Furious"ရုပ်ရှင်တွေမှာ အတူပါဝင်သရုပ်ဆောင်နေကြ မင်းသားတစ်ဦးဖြစ်တဲ့ မိုက်ကယ်လ်ရော့ဒရီးဂွက်စ်ကလည်း ပေါလ်ဝေါ်ကာရဲ့ သေဆုံးမှုနဲ့ ရုပ်ရှင်သစ်မှာ သူ့ရဲ့ပျက်ကွက်မှုဟာ လတ်တလောမှာ ရုံတင်ခဲ့တဲ့ ရှစ်ကားမြောက်ရုပ်ရှင်ဖြစ်တဲ့ "The Fate of the Furious"ကို အခြားသောရုပ်ရှင်တွေထက် ပိုမိုမှောင်မိုက်စေခဲ့တာဖြစ်တယ်လို့လည်း ပြောကြားခဲ့တယ်လို့ သိရပါတယ်။

လော်ဒက်ခရစ်ကလည်း "နောက်ဆုံးသော ရုပ်ရှင်ဖြစ်တဲ့ The Fate of the Furious ဟာ ပေါလ်ဝေါ်ကာအတွက်ဖြစ်ပါတယ်။ ဒီရုပ်ရှင်ဟာ ပေါလ်ဝေါ်ကာကနေဖြစ်လာခဲ့တာလို့လည်း ပြောချင်ပါတယ်။ ဒါ့ကြောင့် သူ့ရဲ့ ကျော်ကြားမှုတွေကို ပိုမိုလာစေဖို့အတွက် ဒီရုပ်ရှင်သစ်ကို အတတ်နိုင်ဆုံးကောင်းမွန်အောင်ကြိုးစားရိုက်ကူးခဲ့ပါတယ်"လို့ ပြောကြားခဲ့ပါတယ်။

" The Fate of the Furious "ဟာ "Fast and Furious"ဇာတ်လမ်းတွဲရုပ်ရှင်တွေအတွက် နောက်ဆုံးသော ရုပ်ရှင်ဖြစ်လာမှာဖြစ်ပြီး လာမယ့် ဧပြီ ၁၄ ရက်မှာ အမေရိကန်နိုင်ငံတစ်ဝန်း စတင်ရုံတင်သွားမှာဖြစ်ကြောင်းလည်း သိရပါတယ်။



အေးပြည့် - စုစည်းသည်။

# အနုပညာရှင်များစွာက ကမ်ယောင်အေးကိုနောက်ဆုံးအနေနဲ့ လာရောက်နှုတ်ဆက်

ပြီးခဲ့တဲ့ ဧပြီ ၉ ရက်က ကွယ်လွန်သွားခဲ့ပြီဖြစ်တဲ့ တောင်ကိုရီးယား သရုပ်ဆောင်မင်းသမီးကြီး ကမ်ယောင်အေးရဲ့ အသုဘအခမ်းအနားကို ဧပြီ ၁၀ ရက်မှာ ပြုလုပ်ခဲ့ရာ အနုပညာအသိုင်းအဝိုင်းမှ လုပ်ဖော်ကိုင်ဖက်နာမည်ကျော်ကြယ်ပွင့်များစွာက သူ့ကို နောက်ဆုံးအကြိမ်လာရောက်တွေ့ဆုံကာ နှုတ်ဆက်ခဲ့ကြကြောင်း ဟန်စင်းနီးမားဒေ့ါကွန်းရဲ့ ဖော်ပြချက်တွေအရ သိရပါတယ်။

ကမ်ယောင်အေးဟာ ပန်းကရိကကင်ဆာကို ပြီးခဲ့တဲ့ ၂၀၁၂ ခုနှစ်အတွင်း စတင်ခံစားခဲ့ရတာဖြစ်ပြီး ခွဲစိတ်ကုသမှုတွေခံယူခဲ့ကာသူ့ရဲ့ကျန်းမာရေးအခြေအနေဟာ တိုးတက်လာဖို့ ယုံကြည်မျှော်လင့်ခဲ့ပေမယ့် ပြီးခဲ့တဲ့ နှစ်အတွင်း ရောဂါအခြေအနေဆိုးလာခဲ့တာကြောင့် ထပ်မံခွဲစိတ်မှုခံယူခဲ့ရပါတယ်။ ရိုက်ကူးရေးလုပ်ငန်းတွေကိုလည်း မစွန့်လွှတ်ချင်တဲ့ ကမ်ယောင်အေးဟာ ဆေးရုံနဲ့ ရိုက်ကွင်းကို လူးလားခေါက်ပြန်သွားလာနေရင်းက နောက်ဆုံးမှာ ရောဂါက သူ့ကိုအနိုင်ယူသွားခဲ့တာဖြစ်ပါတယ်။ ကွယ်လွန်ချိန်မှာ ကမ်ဟာ အသက် (၆၆)သာ ရှိပါသေးတယ်။

ကွယ်လွန်သွားပြီဖြစ်တဲ့ ကမ်ယောင်အေးရဲ့ အလောင်းကို ပြီးခဲ့တဲ့ ဧပြီ ၁၀ရက်မှာ အခေါင်းသွင်းခဲ့ရာ သူ့ရဲ့လုပ်ဖော်ကိုင်ဖက်အနုပညာရှင်များက နောက်ဆုံးအကြိမ်အဖြစ် လာရောက်နှုတ်ဆက်ဂါရဝပြုခဲ့ကြပါတယ်။ တောင်ကိုရီးယားနာမည်ကျော်သရုပ်ဆောင်တွေဖြစ်ကြတဲ့ ရှင်းဂို၊ နာမွန်ဟီး၊ ကမ်ဟေဂျာ၊ ယွန်းဂူဂျင်၊ လီဒေါင်ဂန်း၊ ဂျိုယွန်ဟီး၊ ရာမီရန်အပါအဝင် အခြားသောအနုပညာရှင်များစွာ တက်ရောက်ကာ နောက်ဆုံးအကြိမ် ဂါရဝပြုခဲ့ကြကြောင်း သိရပါတယ်။ အနုပညာလုပ်ငန်းအပေါ် ချစ်မြတ်နိုးသူတစ်ဦးဖြစ်ပြီး ခံယူချက်လည်းပြင်းထန်တဲ့ ကမ်ယောင်းအေးက ကင်ဆာရောဂါခံစားနေရကြောင်း သိခဲ့ရပြီးတဲ့နောက် သရုပ်ဆောင်လုပ်ငန်းအပေါ်မှာထားရှိတဲ့ သူ့ရဲ့ခံစားချက်တွေဟာ ပိုမိုပြင်းတန်လာခဲ့ကြောင်းနဲ့ သူ့ရဲ့အသက် (၇၀)အထိ သရုပ်ဆောင်တစ်ဦးအဖြစ် လှုပ်ရှားသွားဖို့ ရည်ရွယ်ချက်ထားရှိကြောင်းလည်း ထုတ်ဖော်ပြောကြားခဲ့ပေမယ့် လတ်တလောမှာတော့ ဆန္ဒတွေမပြည့်ဝနိုင်တော့တာဖြစ်ပါတယ်။

ရုပ်သံဇာတ်လမ်းတွဲပေါင်းများစွာနဲ့ ရုပ်ရှင်ဇာတ်ကားပေါင်းများစွာ ပါဝင်သရုပ်ဆောင်ခဲ့ပြီး သူ့ရဲ့သရုပ်ဆောင်အရည်အချင်းကြောင့် ပရိသတ်အများက အနုပညာရှင်ကောင်းတစ်ဦးအဖြစ် အမှတ်တရရှိနေခဲ့တဲ့ ကမ်ယောင်အေးရဲ့ အနုပညာသက်တမ်းတစ်လျှောက် အကျော်ကြားဆုံးသောဇာတ်ကားတွေကတော့ "Kill Me Heal Me"၊ "Moon that Embraces the Sun"၊ "Liar Game"၊ ']Doctors"၊ " The Attorney" နဲ့ "Confession of Murder"တို့ ဖြစ်ကြကြောင်းလည်း သိရပါတယ်။

ကမ်ယောင်အေး နောက်ဆုံးပါဝင်သရုပ်ဆောင်ခဲ့တဲ့ ဇာတ်လမ်းတွဲရုပ်ရှင်ကတော့ "The Gentlemen of Wolgyesu Tailor Shop"ဖြစ်ပြီး ပြီးခဲ့တဲ့ ၂၀၁၆ ခုနှစ် ဩဂုတ် ၂၇ ရက်က စတင်ရိုက်ကူးခဲ့တာဖြစ်ပါတယ်။ ယင်းရုပ်ရှင်ရဲ့ ရိုက်ကူးရေးလုပ်ငန်းတွေကိုတော့ ပြီးခဲ့တဲ့ ဖေဖော်ဝါရီ ၂၆ ရက်မှာ ပြီးဆုံးခဲ့ပါတယ်။ ရိုက်ကူးရေးလုပ်ဆောင်နေစဉ်အတွင်းမှာ ကမ်ယောင်အေးက သူ့ရဲ့ဝေဒနာအကြောင်းကို အခြားသောသူတွေကို အသိမပေးလိုဘဲ ရုပ်ရှင်အောင်မြင်စွာအဆုံးသတ်နိုင်ရေးကိုသာ အလေးထားကာ အတတ်နိုင်ဆုံး အကောင်းဆုံးပါဝင်သရုပ်ဆောင်ခဲ့ပါတယ်။

ဒီလိုအနုပညာလုပ်ငန်းအပေါ် စိတ်ရောကိုယ်ပါနှစ်မြှုပ်ကာ အကောင်းဆုံးလုပ်ဆောင်ခဲ့တဲ့ ကမ်ယောင်အေးကို လုပ်ဖော်ကိုင်ဖက်တွေကလည်း ချစ်ခင်လေးစားခဲ့ကြပြီး သူ့ရဲ့အသုဘအခမ်းအနားကို တက်ရောက်ဂါရဝပြုခဲ့ကြတာဖြစ်ပါတယ်။ ကမ်ယောင်အေးရဲ့ အလောင်းကိုတော့ ဘန်ဒန်းအမှတ်တရပန်းခြံမှာ မြေမြှုပ်မှာဖြစ်တယ်လို့လည်း သိရပါတယ်။

❖ ❖ ❖





ပင်လယ်ဓားပြကြီး ဂျက်စပဲရိုးအဖြစ် ပင်တိုင်သရုပ်ဆောင်ခဲ့သူ မင်းသားကြီး ဂျွန်နီဒပ်နဲ့ ပြီးခဲ့တဲ့နှစ်အတွင်း တရားဝင်ကွာရှင်းခဲ့တဲ့ မင်းသမီး အမ်ဘာဟတ့်ဒ်ဟာ လတ်တလောမှာ ကျန်းမာရေးအခြေအနေချွတ်ယွင်းခဲ့တာကြောင့် ရုတ်တရက် ဆေးရုံတက်ရောက်ကုသမှုခံယူခဲ့ရကြောင်း အေ့စ်ရှိုးဘစ်ဇ်ဒေ့ါကွန်းရဲ့ ဖော်ပြချက်တွေအရ သိရပါတယ်။

မကြာသေးမီက အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားပြည်နယ် ဘီဗာလီဟေးလ်မှာရှိတဲ့ ဟိုတယ်တစ်ခုမှာ ကျင်းပခဲ့တဲ့ လူ့အခွင့်အရေးလှုပ်ရှားမှုအခမ်းအနားတစ်ခုမှာ အမ်ဘာဟတ့်ဒ် တက်ရောက်ခဲ့ပေမယ့် အခမ်းအနားကျင်းပနေစဉ်အတွင်း ကျန်းမာရေးအခြေအနေ ရုတ်တရက်ဆိုးရွားလာခဲ့တာကြောင့် အခမ်းအနားမှ ထွက်ခွာကာ ဆေးရုံတက်ခဲ့ရတာဖြစ်တယ်လို့ သိရပါတယ်။

အဆိုပါအခမ်းအနားကို အမ်ဘာဟတ့်ဒ်က ညီမဖြစ်သူ ဝှိက်တနေနဲ့ အတူတက်ရောက်လာခဲ့တာဖြစ်ပြီး အခမ်းအနား မပြီးဆုံးမီထွက်ခွာခဲ့ရတဲ့ အမ်မာဟတ့်ဒ်ဟာ ဂုဏ်ပြုဆုကိုတောင်လက်ခံရယူနိုင်ခဲ့ခြင်းမရှိတော့ဘဲ ဟောလိဝုဒ်ရဲ့ နာမည်ကျော်မော်ဒယ်လ်တစ်ဦးဖြစ်သူ ကာရာဒဲလ်ဗင်းန်က ကိုယ်စားတက်ရောက်လက်ခံပေးခဲ့ရကြောင်း သိရပါတယ်။ အမ်ဘာဟတ့်ဒ်ခံစားနေရတဲ့ ရောဂါဝေဒနာအကြောင်းနဲ့ လက်ရှိကျန်းမာရေးအခြေအနေတွေကိုတော့ လတ်တလောအချိန်အထိ တစ်စုံတစ်ရာ မသိရှိရသေးပေမယ့် အမြန်ကျန်းမာလာစေဖို့ မျှော်လင့်ကြောင်း အေ့စ်ရှိုးဘစ်ဇ်ဒေ့ါကွန်းက ရေးသားဖော်ပြခဲ့ပါတယ်။

# Amoeba Culture ရဲ့ ပထမဆုံးသောအမျိုးသမီးတေးသံရှင်ဖြစ်ခွင့်ရတော့မယ့် ရယ်အွန်း



ယခုနှစ် နှစ်စပိုင်းမှာ အဖွဲ့ကိုတရားဝင်ဖျက်သိမ်းလိုက်ပြီဖြစ်ကြောင်း ကြေညာခဲ့တဲ့ တောင်ကိုရီးယားအမျိုးသမီးတေးဂီတအဖွဲ့"Wonder Girls"မှ အဖွဲ့ဝင်တစ်ဦးဖြစ်သူ ရယ်အွန်းဟာ မိခင်တေးဂီအဖွဲ့ဖျက်သိမ်းပြီးနောက် တစ်ကိုယ်တော်တေးသံရှင်တစ်ဦးအဖြစ် ဂီတခရီးဆက်ဖို့ ဆန္ဒရှိနေသူဖြစ်ပါတယ်။ လတ်တလောမှာတော့ သူဟာတောင်ကိုရီးယားရဲ့ အောင်မြင်တဲ့ တေးဂီတအေဂျင်စီတစ်ခုဖြစ်တဲ့ Amoeba Culture နဲ့ ပူးပေါင်းကာ တေးဂီတသစ်တွေကို ဖန်တီးဖို့ အခွင့်အရေးရခဲ့ပြီဖြစ်ပါတယ်။ ဒါ့ကြောင့် ရယ်အွန်းဟာ Amoeba Culture ရဲ့ ပထမဆုံးသော အမျိုးသမီးတေးသံရှင်တစ်ဦးဖြစ်လာမှာဖြစ်ကြောင်း အမ်ဝေ့ဗ်ဒေ့ါကွန်းရဲ့ ဖော်ပြချက်တွေအရ သိရပါတယ်။

ပြီးခဲ့တဲ့ ဧပြီ ၁၁ ရက်မှာ ရယ်အွန်းက သူ့ရဲ့လူမှုကွန်ရက်မီဒီယာတစ်ခုဖြစ်တဲ့ အင်စတာဂရမ်စာမျက်နှာပေါ်ကနေတစ်ဆင့် Amoeba Culture နဲ့ လက်တွဲလိုက်ပြီဖြစ်ကြောင်း ရေးသားဖော်ပြခဲ့တာဖြစ်ပါတယ်။

ရယ်အွန်းက "လတ်တလာမှာတော့ ကျွန်မအတွက် မိသားစုအသစ်တစ်ခုကို ပိုင်ဆိုင်နိုင်ခဲ့ပါပြီ။ နွေးထွေးတဲ့ ကြိုဆိုမှုအတွက်ကျေးဇူးပါ။ ကျွန်မအနေနဲ့လည်း Amoeba Culture ရဲ့ ပထမဆုံးသော အမျိုးသမီးတေးသံရှင်တစ်ဦးအဖြစ် အကောင်းဆုံးကြိုးစားသွားမှာပါ"လို့ ရေးသားဖော်ပြခဲ့ပါတယ်။

Amoeba Culture ကလည်း ရယ်အွန်းနဲ့ စာချုပ်ချုပ်ဆိုလိုက်ပြီဖြစ်ကြောင်း တစ်ရက်တည်းမှာပဲ တရားဝင်ထုတ်ဖော်ပြောကြားခဲ့တာဖြစ်ပါတယ်။ ပြီးခဲ့တဲ့ ၂၀၀၆ ခုနှစ်က စတင်တည်ထောင်ခဲ့တဲ့ Amoeba Culture ဟာ အောင်မြင်တဲ့ အမျိုးသားတေးသံရှင်တွေဖြစ်ကြတဲ့ " Dynamic Duo "ကဲ့သို့ ဂီတပညာရှင်တွေကို မွေးဖွားပေးခဲ့ပေမယ့် အမျိုးသမီးတေးသံရှင်တစ်ဦးနဲ့လက်တွဲခဲ့တာကတော့ ရယ်အွန်းဟာ ပထမဆုံးဖြစ်တယ်လို့လည်း သိရပါတယ်။



# ဥရောပလိဂ်သွင်းဂိုး ၁၀၀ ပြည့် သွင်းယူနိုင်တဲ့ ပထမဦးဆုံးကစားသမားဖြစ်လာတဲ့ စီရိုနယ်လ်ဒို

စီရိုနယ်လ်ဒိုဟာ ဘိုင်ယန်မြူးနစ်အသင်းနဲ့ ကစားခဲ့တဲ့ ကွာတားဖိုင်နယ်ပွဲစဉ်အတွင်း ပွဲကစားချိန် ၄၇ နဲ့ ၇၇ မိနစ်တို့မှာ သွင်းဂိုးနှစ်ဂိုးသွင်းယူနိုင်ခဲ့တဲ့အတွက် သူ့အတွက် ဥရောပလိဂ်သွင်းဂိုး ၁၀၀ ပြည့်မြောက်ခဲ့ပြီဖြစ်သလို ဥရောပလိဂ်သွင်းဂိုး ၁၀၀ ပြည့် သွင်းယူနိုင်ခဲ့တဲ့ ပထမဦးဆုံးကစားသမားဆိုတဲ့ မှတ်တမ်းတစ်ရပ်ကိုပါ ပိုင်ဆိုင်ခွင့်ရခဲ့သည်။

စီရိုနယ်လ်ဒိုဟာ ချန်ပီယံလိဂ် ပွဲစဉ်ခြောက်ပွဲဆက် နာရီဖြင့်တွက်ပါက ၁၁ နာရီကြာ ဂိုးပေါက်ပျောက်ခဲ့ပေမယ့် အခုပွဲမှာတော့ ရီးယဲလ်အတွက် အဖိုးတန်ချေပဂိုးနဲ့ အနိုင်ဂိုး နှစ်ဂိုးစလုံးကို တစ်ဦးတည်း သွင်းယူနိုင်ခဲ့တဲ့အတွက် ရီးယဲလ်ရဲ့ အကြိုဗိုလ်လုပွဲ အိပ်မက်ကိုလည်း အားကောင်းအောင် အထောက်အပံ့ပြုနိုင်ခဲ့သည်။

ဘိုင်ယန်ဂိုးသမားနျူအာက သူဟာ ကမ္ဘာ့ထိပ်တန်းဂိုးသမားဖြစ်တယ်ဆိုတာကို သက်သေပြနိုင်မယ့် ကာကွယ်မှုများစွာကို ပြုလုပ်နိုင်ခဲ့ပေမယ့် စီရိုနယ်လ်ဒိုရဲ့ ပါးနပ်တဲ့ အဆုံးသတ်ပိုင်းအရည်အသွေးတွေကြောင့် သွင်းဂိုးနှစ်ဂိုး ခွင့်ပြုခဲ့ရခြင်းဖြစ်သည်။ စီရိုနယ်လ်ဒိုဟာ ၂၀၀၃ ခုနှစ်မှာ မန်ယူကစားသမားဘဝ စတင်ခဲ့ပေမယ့် ဥရောပလိဂ်သွင်းဂိုးစတင်တဲ့ ခရီးကတော့ ၂၀၀၅ ခုနှစ် မန်ယူအသင်းနဲ့ ဒီဘရီဆန်အသင်းတို့ ယှဉ်ပြိုင်ခဲ့တဲ့ ပွဲစဉ်အတွင်း ပင်နယ်တီကန်ချက်နဲ့ ဥရောပလိဂ်သွင်းဂိုး စတင်ရရှိခဲ့ခြင်းဖြစ်သည်။ အဲဒီနောက် ၂၀၀၈ ခုနှစ် မန်ယူက လိုင်ယွန်အသင်းကို တစ်ဂို-ဂိုးမရှိနဲ့ အနိုင်ရတဲ့ပွဲစဉ်မှာ သူ့ရဲ့လိဂ်သွင်းဂိုး ၁၀ ဂိုးမြောက်အဖြစ် သွင်းယူနိုင်ခဲ့ပြန်သည်။ ၂၀၁၃-၂၀၁၄ ဘောလုံးရာသီကတော့ စီရိုနယ်လ်ဒိုအတွက် တကယ့်ကို အိပ်မက်ဆန်တဲ့ ရာသီဖြစ်ခဲ့ကာ တစ်ရာသီတည်း ချန်ပီယံလိဂ်သွင်းဂိုး ၁၇ ဂိုးအထိ သွင်းယူနိုင်ခဲ့သည်။ သို့သော် ရီးယဲလ်ရဲ့ အဓိကကစားသမားနှစ်ဦးဖြစ်တဲ့ ဂါရတ်ဘေးလ်နဲ့ စီရိုနယ်လ်ဒိုတို့နှစ်ဦး ဒဏ်ရာပြဿနာကြုံတွေ့နေရသဖြင့် ပွဲကျပ်နွှဲရမည့် ရီးယဲလ်အတွက် စိုးရိမ်နေရပြီဖြစ်ကြောင်း နည်းပြ ဇီဒန်း ပြောကြားချက်အရ သိရသည်။

**စီရိုနယ်လ်ဒိုရဲ့မှတ်မှတ်ထင်ထင် ဥရောပလိဂ်သွင်းဂိုးမှတ်တမ်း**

| သွင်းဂိုး အရေအတွက် ပြည့်မြောက်မှု | ကစားသည့်ပွဲ | ရက်စွဲ |
| --- | --- | --- |
| ၁ | မန်ယူ ၃-၀ ဒီဘရီဆန် | ၂၀၀၅ ခုနှစ် ဩဂုတ် ၉ ရက် |
| ၁၀ | မန်ယူ ၁-၀ လိုင်ယွန် | ၂၀၀၈ ခုနှစ် မတ် ၄ ရက် |
| ၁၅ | အာဆင်နယ် ၁-၃ မန်ယူ | ၂၀၀၉ ခုနှစ် မေ ၅ ရက် |
| ၂၅ | ရီးယဲလ် ၄-၀ အေဂျက်စ် | ၂၀၁၀ ခုနှစ် နိုဝင်ဘာ ၂၃ ရက် |
| ၅၀ | ဂါလာတာစာရေး ၃-၂ ရီးယဲလ် | ၂၀၁၃ ခုနှစ် ဧပြီ ၉ ရက် |
| ၇၅ | ရီးယဲလ် ၄-၀ လူဒိုဂိုးရက်စ် | ၂၀၁၄ ခုနှစ် ဒီဇင်ဘာ ၁၉ ရက် |
| ၁၀၀ | ဘိုင်ယန် ၁-၂ ရီးယဲလ် | ၂၀၁၇ ခုနှစ် ဧပြီ ၁၂ ရက် |

## ဒေါ့မွန်အသင်း လုံးဝ လျစ်လျူရှုခံလိုက်ရတယ်လို့ ခံစားရကြောင်း နည်းပြ တက်ရှယ်လ် ရှုမြင်

ဒေါ့မွန်အသင်း စီးနင်းလိုက်ပါလာတဲ့ ကားအနီး ဗုံးသုံးလုံး ဆင့်ပေါက်ကွဲမှု ဖြစ်စဉ်ဖြစ်ပွားပြီး ၂၄ နာရီ မပြည့်မီမှာပင် အဆိုပါပွဲစဉ်ကို ပြန်လည်ကစားခဲ့ရတဲ့အတွက် အလုံးစုံ လျစ်လျူရှုခံလိုက်ရတယ်လို့ ခံစားရကြောင်း ဒေါ့မွန်နည်းပြ တက်ရှယ်လ်၏ ပြောကြားချက်ကို ကိုးကားကာ ဘီဘီစီ သတင်းဌာနက ဖော်ပြသည်။ ဒေါ့မွန်အသင်းက ချန်ပီယံလိဂ်ပွဲစဉ်အဖြစ် မိုနာကိုအသင်းနဲ့ ယှဉ်ပြိုင်ဖို့ တည်းခိုတဲ့ ဟိုတယ်မှ ဆစ်ဂနယ်အီဒူးနားကွင်းသို့ လာရောက်တဲ့ ကားလမ်းဘေးတွင် ဗုံးပေါက်ကွဲမှု ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

ယခုလို ဖြစ်စဉ်ဖြစ်ပွားခဲ့တဲ့အတွက် ပွဲစဉ်ကို ရွှေ့ဆိုင်းခဲ့ရပြီးနောက် ၂၄ နာရီမပြည့်မီ ဂျာမန်စံတော်ချိန် ညနေ ၆ နာရီ ၄၅ မိနစ်တွင် ပြန်လည်ကစားရန် ယူအီးအက်ဖ်အေက သတ်မှတ်ခဲ့ခြင်းဖြစ်သည်။ တက်ရှယ်လ်က "ကျွန်တော်တို့ ယူအီးအက်ဖ်အေဆီက ဒီအချိန်ကစားဖို့ စာတစ်စောင် လက်ခံရရှိခဲ့ပါတယ်။ ဒါက ဆွစ်ဇာလန်ကနေ ကျွန်တော်တို့ အသင်းဆီ တိုက်ရိုက်ညွှန်ကြားချက်ဖြစ်ပါတယ်" ဟု ဒေါ့မွန်အသင်း သုံးဂိုး-နှစ်ဂိုးဖြင့် အရေးနိမ့်ခဲ့ရပြီးနောက် တက်ရှယ်လ်က အထက်ပါအတိုင်းပြောကြားခဲ့ခြင်းဖြစ်သည်။

တက်ရှယ်လ်ဆီမှ ယင်းမှတ်ချက်ထွက်ပေါ်လာပြီးနောက် ယူအီးအက်ဖ်အေက "ကလပ်အသင်းနဲ့ ညှိနှိုင်းဆွေးနွေးပြီး အလုံးစုံသဘောတူညီချက်ရရှိခဲ့ပြီးဖြစ်ပါတယ်။ ကျွန်တော်တို့ အားလုံးကို အသေအချာထိတွေ့ဆက်ဆံပြီး ဘယ်အသင်းကမှ ဒီအချိန်မကစားနိုင်ပါဘူးဆိုတဲ့ တုံ့ပြန်ချက်မျိုး မရရှိ ခဲ့ပါဘူး" ဟူသော စာသားပါ ထုတ်ပြန်ချက်တစ်စောင်ကို ကြေညာခဲ့သည်။

ယင်းနောက် တက်ရှယ်လ်က ကလပ်အသင်းပရိသတ်များအနေနဲ့ ပွဲစဉ်ကို ကြည့်ရှုချင်မှာပဲဆိုတဲ့ ဆန္ဒနဲ့ ပွဲစဉ်ကို ယှဉ်ပြိုင်ခဲ့ခြင်းဖြစ်ကြောင်း ဆိုခဲ့သည်။ ယင်းသို့သော ဗုံးပေါက်ကွဲမှုကြောင့် ဒေါ့မွန်နောက်ခံလူ မာ့ခ်ဘာထရန်မှာ ခါးရိုးကျိုးနှင့် လက်မောင်းဒဏ်ရာများရရှိခဲ့သည့်အတွက် ခွဲစိတ်ကုသမှု ခံယူခဲ့ရသည်။

ဂျာမနီရဲတပ်ဖွဲ့ဝင်များက အဆိုပါ တိုက်ခိုက်မှုဖြစ်စဉ်မှာ အစ္စလာမ္မစ်စစ်သွေးကြွများနဲ့ ဆက်စပ်သူများရဲ့ တိုက်ခိုက်မှုဖြစ်ကြောင်း မှတ်ချက်ပြုခဲ့သည်။ ဒေါ့မွန်ကွင်းလယ်လူ ဆာဟင်က အကြမ်းဖက်တိုက်ခိုက်မှုများကို မြင်တွေ့နေရသည်မှာ အလွန်စိတ်မချမ်းမြေ့ဖွယ်ကောင်းပြီး ပြန်ပြောစရာစကားလုံးပင် မရှိလောက်အောင် တုန်လှုပ်မိကြောင်း မျက်ရည်များကြားမှ ဖြေကြားခဲ့သလို တက်ရှယ်လ်ကမူ မိုနာကိုအသင်းနဲ့ပွဲစဉ်အတွက် ဘယ်ကစားသမား ကစားချင်စိတ်ရှိသလဲဆိုသည်ကို အရင်မေးမြန်းခဲ့ရကြောင်းလည်း ပြန်ပြောင်းပြောကြားခဲ့သည်။






## ဘိုင်ယန် ပြန်လာနိုင်ဦးမည်ဟု အန်စလော့တီ ယုံကြည်

ဘိုင်ယန်မြူးနစ်အသင်းက ရီးယဲလ်မက်ဒရစ်အသင်းကို အိမ်ကွင်းမှာပဲ နှစ်ဂိုး-တစ်ဂိုးနဲ့ အရေးနိမ့်ခဲ့သော်လည်း ဘိုင်ယန်ရဲ့ ချန်ပီယံလိဂ်မျှော်လင့်ချက်မသေဆုံးသေးကြောင်း ဘိုင်ယန်နည်းပြ အန်စလော့တီက မှတ်ချက်ပြုခဲ့သည်။ ဘိုင်ယန်အတွက် အဖွင့်ဂိုးကို ဗီဒယ်လ်က သွင်းယူပေးခဲ့ပြီးနောက် ဒုတိယပိုင်းတွင် စီရိုနယ်လ်ဒိုက ရီးယဲလ်အတွက် အဖိုးတန်ချေပဂိုးနဲ့ အနိုင်ဂိုးများကို သွင်းယူပေးခဲ့သည်။ အန်စလော့တီက သူရဲ့ အသင်းဟောင်း ရီးယဲလ်မှာ ယှဉ်ပြိုင်ရန် အလွန်ခက်ခဲတဲ့ အသင်းဖြစ်တယ်ဆိုတာကို လက်သင့်ခံသော်လည်း ဘိုင်ယန်ရဲ့ အကြိုဗိုလ်လုပွဲ တက်ရောက်ခွင့် အဆုံးသတ်သွားခဲ့ပြီဆိုသည့်အချက်ကိုမူ ပယ်ချခဲ့သည်။

ဘိုင်ယန်အသင်းမှာ ပထမပိုင်းတွင် ရီးယဲလ်မက်ဒရစ်အသင်းဘက်သို့ ကစားကွက်အသာစီးရယူကစားခဲ့သလို ဦးဆောင်ဂိုးကိုပါ သွင်းယူနိုင်ခဲ့သည်။ အန်စလော့တီက ဘိုင်ယန်မှာ ဘောလုံးပိုင်ဆိုင်မှု အသာစီးရယူခဲ့သော်လည်း ထိရောက်သည့်ထိုးဖောက်မှု နည်းပါးခဲ့သလို မာတီနက်ဇ်ထုတ်ပယ်ခံရပြီး ၁၀ ယောက်ကျန်အနေအထားမျိုးတွင် အနိုင်ရရှိရန်မလွယ်တော့ကြောင်း မှတ်ချက်ချခဲ့သည်။ ဘိုင်ယန်အသင်းသည် ပထမပိုင်းပြီးခါနီးတွင် ပင်နယ်တီကန်ခွင့်ရရှိခဲ့သေးပြီး ဗီဒယ်လ် လွဲချော်ခဲ့၍သာ ဒုတိယဦးဆောင်ဂိုး ရယူခွင့်ဆုံးရှုံးခဲ့ရသည်။ ဒုတိယပိုင်းတွင်မူ ရီးယဲလ်မက်ဒရစ်အသင်း ကစားပုံပိုကောင်းလာခဲ့ကာ ဘင်ဇီမာနဲ့ စီရိုနယ်လ်ဒိုတို့ အားပါတဲ့ ဂိုးပေါက်ခြိမ်းခြောက်မှု ငါးကြိမ်လောက်ကို ဘိုင်ယန်ဂိုးသမား နျူအာ ကာကွယ်နိုင်ခဲ့၍သာ ဘိုင်ယန်အသင်း သက်သာရာရခဲ့ခြင်းဖြစ်သည်။

ဘိုင်ယန်မှာ လာမယ့် ဧပြီ ၁၈ ရက်တွင် ရီးယဲလ်အသင်းရဲ့ အိမ်ကွင်း ဘာနေဗျူးတွင် ရီးယဲလ်ကို အဝေးကွင်းတွင် သွားရောက်ရင်ဆိုင်ရမည်ဖြစ်ပြီး ပြန်လည်အနိုင်ယူကစားနိုင်မယ်လို့ ယုံကြည်ထားခြင်းဖြစ်သည်။ ဘိုင်ယန်အသင်းခေါင်းဆောင် ဖိလစ်လမ်းကမူ စီရိုနယ်လ်ဒိုကို ပြစ်ဒဏ်နှစ်ကြိမ်ကျူးလွန်မိသဖြင့် မာတီနက်ဇ် ထုတ်ပယ်ခံခဲ့ရခြင်းက ရလဒ်ပိုင်းကို ပြောင်းလဲသွားစေတဲ့ အကြောင်းအရင်းတစ်ရပ်ဟု မှတ်ချက်ချခဲ့သည်။

မေလှဲ့သင်း - စုစည်းသည်

## ဒယ်လီအယ်လီကို ရီးယဲလ်ခေါ်ယူရန် ဂါရတ်ဘေးလ်တိုက်တွန်း



ဒယ်လီအယ်လီမှာ နောင်တစ်ချိန်တွင် တကယ်တောက်ပလာမည့် ကစားသမားဖြစ်သဖြင့် ရီးယဲလ်အနေဖြင့် အယ်လီကို ယခုလာမည့်နွေဈေးကွက်ဖွင့်လှစ်ချိန်အတွင်း ရရှိရန်ကြိုးပမ်းသင့်ကြောင်း ရီးယဲလ်အသင်းတိုက်စစ်မှူး ဂါရတ်ဘေးလ်က တိုက်တွန်းစကားဆိုလိုက်သည်။

ဘေးလ်သည် လွန်ခဲ့သော လေးနှစ်တာကာလက ကမ္ဘာ့စံချိန်တင်ပြောင်းရွှေ့ကြေးဖြစ်ခဲ့သော ပေါင် ၈၅ သန်းဖြင့် စပါးမှ ရီးယဲလ်သို့ ပြောင်းရွှေ့လာခဲ့သူဖြစ်သည်။ လူကာမိုဒရစ်နှင့် ဘေးလ်တို့ကဲ့သို့ စပါးအသင်းကြယ်ပွင့်ကစားသမားများ ရီးယဲလ်တွင် အောင်မြင်မှုများရရှိနေခြင်းကလည်း အယ်လီကို ရီးယဲလ်အမှန်တကယ်ဆွဲဆောင်နိုင်မည့် အကြောင်းတရားတစ်ရပ်လည်းဖြစ်ခဲ့သည်။

အယ်လီမှာ ယခုနှစ်ရာသီအတွင်း အကောင်းဆုံးပုံစံတစ်ရပ်ဖြင့် သွင်းဂိုး ၁၉ ဂိုး၊ ဂိုးဖန်တီးမှု ခြောက်ကြိမ်အထိ ပြုလုပ်ထားနိုင်ခဲ့သူဖြစ်ပြီး ဘေးလ်က အယ်လီကို ခေါ်ယူရန် ရီးယဲလ်ကို တိုက်တွန်းထားကြောင်း ဒါရိုဂိုးသတင်းဌာနက ဖော်ပြသည်။ ရီးယဲလ်၏ နွေဈေးကွက် အဓိက ကစားသမားနှစ်ဦးမှာ ဟာဇက်နှင့် အယ်လီတို့ဖြစ်ပြီး လာမည့် အက်ဖ်အေဖလားအကြိုဗိုလ်လုပွဲစဉ်တွင် သူတို့နှစ်ဦး ထိပ်တိုက်တွေ့ဆုံမှုကို ပရိသတ်များ ကြည့်ရှုကြရမည်ဖြစ်သည်။

# ယောမြို့ရှိ ကျောင်းကြီးရှင်ချစ်စေတီတော် ဗုဒ္ဓပူဇနိယပွဲတော် ကျင်းပ

**ကျောက်ထု ဧပြီ ၁၃**
မကွေးတိုင်းဒေသကြီး ဆောမြို့နယ် ကျောက်ထုမြို့ဒေသ ယောမြို့ရှိ ရှေးဟောင်းသမိုင်းဝင်ကျောင်းကြီးရှင်ချစ် စေတီတော်၏ ဗုဒ္ဓပူဇနိယပွဲတော်ကို ဧပြီ ၈ ရက်မှ ၁၂ ရက် အထိကျင်းပ၍ ဗုဒ္ဓရုပ်ပွားတော်များ ပူဇော်ခံလှည့်လည်ခြင်း၊ ဓမ္မသဘင်များ ဆင်ယင်ကျင်းပခြင်း၊ သံဃာတော် အပါး ၃၅၀ ကျော်တို့အား သံဃဒါန ဆွမ်းလောင်းလှူပွဲ ကျင်းပခြင်းတို့အပြင် ကြွရောက်လာကြသည့် ဧည့်ပရိသတ်များ အား စတုဒိသာကျွေးမွေးဧည့်ခံကြကာ ဇာတ်ပွဲ၊ ပျော်ရွှင်ပွဲ၊ အားကစားပွဲများ ထည့်သွင်းကျင်းပခြင်းတို့ဖြင့် စည်ကား စွာ ကျင်းပခဲ့သည်။

အဆိုပါ ကျောင်းကြီးရှင်ချစ်စေတီတော်သည် သီရိဓမ္မာ သောကမင်းကြီး တည်ထားကိုးကွယ်ခဲ့သည့် စေတီတစ် ဆူဖြစ်ကာ သက္ကရာဇ် ၄၅၃ ခုနှစ်တွင် အလောင်းစည်သူ မင်းက ပြန်လည်ပြုပြင်မွမ်းမံခဲ့ကြောင်းနှင့် ထိုကာလက ၅၃ ရွာပိုင် စေတီတော်အဖြစ် ကိုးကွယ်ပူဇော်ခဲ့ကြကြောင်း သိရသည်။

ကုန်းဘောင်မင်းဆက်ကာလက ယောမင်းကြီးဦးဘိုး လှိုင်ကို အကြောင်းပြု၍ ယောမြို့ကို လူသိများခဲ့သည်။ ယခုအခါ ယောမြို့မှာ ဂန့်ဂေါခရိုင် ဆောမြို့နယ် ကျောက်ထု မြို့ဒေသ ကျေးရွာတစ်ရွာအဖြစ်သာ တည်ရှိ၍ ကျေးရွာနေ ပြည်သူများသည် တောင်ယာအလုပ်ဖြင့် အသက်မွေး ဝမ်းကျောင်းကြလျက်ရှိရာ အဆိုပါဒေသထွက် မြန်မာ့ လှည်းလုပ်ငန်း၊ မြေအိုးလုပ်ငန်း၊ ပဲလှော်လုပ်ငန်းတို့မှာ နာမည်ကြီးဆဲဖြစ်သည်။

ဘုရားပွဲတော်လာ ပရိသတ်အား ယောမြို့နေပြည်သူ များက ထမင်း၊ မုန့်ဟင်းခါး၊ ကြာဇံသုပ် စသည်တို့အပါ အဝင် စတုဒိသာ နိဗ္ဗာန်ဈေးခင်းကာ ကျွေးမွေးလှူဒါန်းကြ သည့်အပြင် ကျောက်ထုမြို့ရှိ ရပ်ကွက်များနေ စေတနာရှင် များ၊ ပတ်ဝန်းကျင်ကျေးရွာများဖြစ်သည့် နတ်ရဲ၊ မြို့ပေါက် မင်းကြည့် စသည့်ကျေးရွာများမှ စေတနာရှင်များကလည်း နိဗ္ဗာန်ဈေးတည်ခင်း ကျွေးမွေးလှူဒါန်းကြကြောင်း သိရ သည်။

(၄၆၅)



# ငါးဖယ်ချောင်း ကျောင်းတော်ကြီးနှင့် ရှေးဟောင်းရုပ်ပွားတော်များကိုခရီးသွားဧည့်သည်များလေ့လာ



**ညောင်ရွှေ ဧပြီ ၁၃**
နွေရာသီ ရာသီဥတုသာယာချိန်တွင် တောင်ပေါ်ဒေသ သို့ ဘုရားဖူးသွားရောက်မှုများပြားလျက်ရှိသည်။ အများ စုမှာတောင်ကြီး၊ အင်းလေး၊ ပင်းတယ ဘုရားဖူးခရီးစဉ်ဟု ခေါ်ဆိုပြီး သဘာဝလိုဏ်ဂူများနှင့် ထင်ရှားသောနေရာ များကို လိုက်လံပို့ဆောင်ပေးကြသည်။ ထိုဘုရားဖူးခရီး စဉ်တွင် ပြည်တွင်းဘုရားဖူးများနှင့် နိုင်ငံတကာ ခရီး သွားများ အဓိကထား လည်ပတ်သည့်နေရာမှာ အင်းလေး ကန်ပင် ဖြစ်သည်။

အင်းလေးကန်သို့ စက်လှေများဖြင့် သွားရောက်လည် ပတ်ရပြီး အင်းအတွင်း အင်းသားများ၏ လုပ်ကိုင်ပုံ သဘာဝအလှအပများက မြင်သူတိုင်းကို ဆွဲဆောင်လျက်ရှိ သည်။ ဘုရားဖူးများမှာ တန်ခိုးကြီးဘုရားများဖြစ်သော အင်းလေးဖောင်တော်ဦးဘုရား၊ ရွာမရေပေါ်ဈေး၊ ငါးဖယ် ချောင်းကျောင်းတိုက် အလိုတော်ပေါက်ဘုရားများကိုသွား ရောက်ကြသည်။ လက်မှုလုပ်ငန်းများအနေဖြင့် ငွေထည် လုပ်ငန်း၊ ရက်ကန်းလုပ်ငန်းများကို လေ့လာကြသည်။

နိုင်ငံတကာခရီးသွားဧည့်သည်များမှာ ငါးဖယ်ချောင်း ကျောင်းတော်ကြီးမှ ရှေးဟောင်းရုပ်ပွားတော်များကို အဓိကလေ့လာကြသည်။ အချို့သော နိုင်ငံခြားသား ခရီးသွားဧည့်သည်များမှာ တရားထိုင်ခြင်းများကို ပြုလုပ် ကြသည်။ ငါးဖယ်ချောင်းကျောင်းတော်ကြီးသည် စိတ်ဝင် စားဖွယ်ရာ သစ်သားကျောင်းတော်ကြီးပင်ဖြစ်သည်။

ငါးဖယ်ချောင်း ကျောင်းတော်ကြီးမှာ ရှမ်းပြည်နယ် (တောင်ပိုင်း) ညောင်ရွှေမြို့နယ် ငါးဖယ်ချောင်းရွာဦးတွင် တည်ရှိသည်။ ကျောင်းတော်ကြီးကို ကောဇာသက္ကရာဇ် ၁၂၀၅ ခုနှစ်တွင် တည်ဆောက်ခဲ့ပြီး အင်းလေးရေပြင် တွင် တည်ဆောက်ထားသော ကျောင်းတော်ကြီးပင်ဖြစ် သည်။

ကျောင်းတော်ကြီးမှာ စိတ်ဝင်စားဖွယ်ရာ ရှေးဟောင်း ရုပ်ပွားတော်များစွာတည်ရှိပြီး အနုပညာလက်ရာမြောက် ရုပ်ပွားတော်များပင်ဖြစ်သည်။ ကျောင်းတော်အတွင်းတွင် ဘုံသုံးဆင့်ရှိ ကျောင်းဆောင်ရှစ်ဆောင်၊ ဘုံတစ်ဆင့်ရှိ ကျောင်းဆောင် နှစ်ဆောင်၊ လေသာ(လသာ) ဆောင်တစ် ဆောင်၊ ဘုရားစံကျောင်းတော် ၂၇ ဆောင်၊ ယွန်း ဘုရားကြီးခြောက်ဆူ၊ ကျောက်ဆင်းတု ၆၆ ဆူ၊ သုမေ ဓာရှင်ရသေ့ ဗျာဒိတ်ခံယူခန်းသုံးဆူ၊ ကျောင်းတိုင်ပေါင်း ၆၅၄ တိုင်၊ ရွှေချထားသောတိုင်ပေါင်း ၂၀၀၊ လှေကားငါးခု၊ ဘုရားဆောင်ခါးပန်းပြား အဆင်မပါပေအရှည် ၉၉ ပေ၊ အရှေ့၊ အနောက်ပေအရှည် ၁၀၀၊ တောင်မြောက်ပေ အရှည် ၁၂၀ ရှိသည်။

လက်ရှိကာလ အင်းလေးဒေသရောက် နိုင်ငံတကာခရီး သွားဧည့်သည်များမှာ တိုင်လုံးရေ ၆၅၄ တိုင်ဖြင့်တည် ဆောက်ထားသော ငါးဖယ်ချောင်းကျောင်းတော်ကြီးနှင့် ရှေးဟောင်းရုပ်ပွားတော်များကို အဓိကလေ့လာခဲ့ ကြောင်း သိရသည်။ **နွေနဒီ(မြစ်ငယ်)**

# မဟာသင်္ကြန်ပွဲတော်ကာလအတွင်း လားရှိုး၌ ယာဉ်အန္တရာယ်ကင်းရှင်းရေး လက်ကမ်းစာစောင်များဖြန့်ဝေ



**လားရှိုး ဧပြီ ၁၁**
မဟာသင်္ကြန်ပွဲတော်ကာလအတွင်း လားရှိုးမြို့၌ ယာဉ် အန္တရာယ်ကင်းဝေးနိုင်ရေးအတွက် အမှတ်(၂၀) ယာဉ် ထိန်းရဲ ဒုတပ်ဖွဲ့ခွဲမှူးရုံး (ရှမ်းပြည်နယ်မြောက်ပိုင်း) မှ ရဲအုပ် နေဝင်းလှိုင်ဦးစီး၍ အမျိုးသားယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များနှင့် အမျိုးသမီးယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များသည် ဧပြီ ၁၁ ရက် နံနက်ပိုင်းက လားရှိုးမြို့ အမှတ် ၈ ရပ်ကွက် မန်ဆူပလာဇာ ရှေ့တွင် အချက် ၁၀ ချက်ပါ ယာဉ်မောင်းသူများလိုက်နာ ရန်အချက်များနှင့် ၂၀၁၅ ခုနှစ် မော်တော်ယာဉ်ဥပဒေပါ ပြစ်မှုပြစ်ဒဏ်များဆိုင်ရာ လက်ကမ်းစာစောင် ၄၀၀ ကို ယာဉ်မောင်းသူများသို့ ဖြန့်ဝေပေးခဲ့ကြသည်။ **သီပေါကိုလတ်**

# မန္တလေးနှင့် တကောင်း ပြေးဆွဲနေသော ထင်းတင်မော်တော်များ လေမိုးအခြေအနေကြောင့် တန်ခူးလတစ်လလုံးနားမည်

**မန္တလေး ဧပြီ ၁၃**
တကောင်းနှင့် မန္တလေးကုန်စည်တင်ပို့မှုတွင် မော်တော် အများစုမှာ ထင်းကို အဓိကအားထား ပို့ဆောင်ကြသည်။ လေကျ (လေမုန်တိုင်းတိုက်ခတ်) သည့် တန်ခူးလများတွင် တစ်လလုံးနီးပါး မော်တော်များနားလေ့ရှိသည်။ မန္တလေးနှင့် အထက်ပိုင်းပြေးဆွဲနေသော ထင်းတင်မော်တော်များမှာ ကျွဲစွန်းဆိပ်နှင့် တောင်စက်ရိပ်၊ မြောက်စက်ရိပ်ရွာအနီးတွင် ဆိုက်ကပ်ကြသည်။

မော်တော်များမှာ အသွားတွင် ကုန်စည်မပါဘဲသွားလာပြီး အပြန်တွင် ထင်းကိုတင်ဆောင်လာကြသည်။ မော်တော်တစ် စင်းလျှင် ထင်းအတုံးအကြီးအသေးအလိုက် ဝင်ဆံ့မှုကွာခြား သွားသည်။ မော်တော်များတွင် မော်တော်အသေး၊ အလတ်၊ အကြီးအဖြစ် သုံးမျိုးသုံးစားရှိပြီး အများစုက မော်တော် အလတ်စားများကို အသုံးပြုကြသည်။ မော်တော်အလတ် တစ်စင်းလျှင် ထင်းတစ်တောင်တို တုံး ၃၀၀၀ ကျော်တင်ဆောင် ကြသည်။ တကောင်းနှင့် မန္တလေး အစုန်အဆန်ခရီးကို နှစ်ညအိပ်မောင်းနှင်ရသည်။ အင်ဂျင်ပါဝါပေါ်မူတည်ကာ နှေးခြင်းမြန်ခြင်းများ ကွာခြားသွားတတ်သည်။

မော်တော်အလတ်စားအနေဖြင့် ၃၃ ကောင်အင်ဂျင်တပ် ဆင်မောင်းနှင်ကြသည်။ အများစုမှာ ကိုယ်ပိုင်မော်တော် များဖြင့် သယ်ဆောင်ကာ တိုက်ရိုက်ရောင်းချကြသည်။

တကောင်းဘက်မှထင်းကို ကိုယ်ဝယ်တိုင်၊ ကိုယ်တိုင်တင် ဆောင်ပြီး မန္တလေးမြို့အနီး အုတ်ဖုတ်လုပ်ငန်းများသို့ ရောင်း ချကြသည်။ မော်တော်မောင်းနှင်သည့်လုပ်ငန်းကို ဘိုးဘွား လက်ထက်ကတည်းက အမွေဆက်ခံလုပ်ကိုင်ကြသည်က များသည်။

မော်တော်တစ်စင်းစာ ထင်းဝယ်ရန်အတွက် အနည်းဆုံးငွေ ကျပ် ၁၀ သိန်းကျော်အထိ ရင်းနှီးရသည်။ ထင်းတုံးများကို ရောင်းချရာတွင် ထင်းအရွယ်အစား လုံးပတ်ငါးလက်မခွဲ အထက်တစ်တုံးလျှင် ငွေကျပ် ၆၅၀ မှ ၇၀၀ အထိ ရောင်းချ ကြရသည်။ မန္တလေး၊ တကောင်း အစုန်အဆန် ဆီပီပါတစ် လုံးခွဲကျော်ကုန်ကျပြီး လောင်စာဆီဖိုး ငွေကျပ် ၂၀၀၀၀၀ ကျော် ကုန်ကျသည်။

မော်တော်များအနေဖြင့် ရာသီဥတုအခြေအနေပေါ် မူတည်ကာ သွားလာလုပ်ကိုင်ကြရသည်။ ရာသီဥတု သတင်းထုတ်ပြန်ချက်တွေကိုလည်း အလေးထားကြရသည်။ ဆောင်းရာသီတွင် အဓိကသယ်ယူပို့ဆောင်မှုများပြီး ကျန် ရာသီမှာ သွားလာမှုနည်းပါးသည်။ နွေရာသီတွင် ခေါက်ရေ နည်းပါးကြသည်။ တန်ခူးလတွင်လေကျမှု (လေမုန်တိုင်း တိုက်ခတ်မှု)များသည့်အတွက် တစ်လလုံးနီးပါး နားလေ့ရှိ ကြောင်း သိရသည်။

**တိမ်တမန်**



# သဘာဝဘေးအန္တရာယ်ဆိုင်ရာ အထောက်အကူပြု ကယ်ဆယ်ရေးပစ္စည်းများထောက်ပံ့



**အမ်း ဧပြီ ၁၃**
ရခိုင်ပြည်နယ် ကျောက်ဖြူခရိုင် အမ်းမြို့၌ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဦးစီးဌာနက သဘာဝဘေးအန္တရာယ်ဆိုင်ရာ အထောက်အကူပြု ကယ်ဆယ်ရေးပစ္စည်းများ၊ ထောက်ပံ့ပစ္စည်းများ ထောက်ပံ့ပေးအပ်ခြင်းကို ဧပြီ ၁၂ ရက် နံနက် ၉ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ပြုလုပ်ခဲ့သည်။

ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးကျော်မြင့်က သဘာဝဘေးအန္တရာယ်ဆိုင်ရာ အထောက်အကူပြု ကယ်ဆယ်ရေးပစ္စည်းများ ထောက်ပံ့ပေးအပ်ခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ကယ်ဆယ်ရေးပစ္စည်းများဖြစ်သော အသက်ကယ်(လှေ၊ အင်္ကျီ၊ ဘောကွင်း) များအား မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကိုကိုမြတ်၊ မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးအရာရှိ ဦးအောင်သန်းဌေးတို့က ကြက်ခြေနီအသင်းမှ တာဝန်ရှိသူများထံသို့ လွှဲပြောင်းပေးအပ်ခဲ့ကြသည်။

ဆက်လက်၍ မြို့နယ်အုပ်ချုပ်ရေးမှူးက ကယ်ဆယ်ရေးပစ္စည်းများအား သဘာဝဘေးအန္တရာယ်ကျရောက်လာပါက အမှန်တကယ်လိုအပ်သည့် ကျေးရွာအုပ်စုများထံသို့ ဆက်လက်ပို့ဆောင်သွားမည်ဖြစ်ကြောင်းနှင့် ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**



## ပဲခူးမြို့ ရွှေမော်ဓောစေတီတော်မြတ်ကြီး ဗုဒ္ဓပူဇနီယပွဲတော်၌ ဆွမ်းဆန်စိမ်းလောင်းလှူ

**ပဲခူး ဧပြီ ၁၃**
ပဲခူးမြို့ ရွှေမော်ဓောစေတီရင်ပြင်တော်နှင့် အနောက်မုခ်စောင်းတန်း၌ ဧပြီ ၁၁ ရက် ညနေ ၃ နာရီက ဆုတောင်းပြည့်ရွှေမော်ဓောစေတီတော်မြတ်ကြီး၏ ဗုဒ္ဓပူဇနီယပွဲတော် ဆွမ်းဆန်စိမ်းလောင်းလှူပွဲ ကျင်းပခဲ့သည်။

အဆိုပါ ဆွမ်းဆန်စိမ်းလောင်းလှူပွဲသို့ မြတ်စွာဘုရားအမှူးပြုသော ဩဝါဒါစရိယဆရာတော်ကြီးများနှင့် ပဲခူးမြို့ပေါ်ဂိုဏ်းပေါင်းစုံကျောင်းတိုက်အသီးသီးမှ ပင့်သံဃာအပါး ၅၀၀ ကြွရောက်တော်မူကြပြီး ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဝင်းသိန်းနှင့် ဝန်ကြီးများ၊ လွှတ်တော်ဥက္ကဋ္ဌ၊ တရားသူကြီးချုပ်၊ ဥပဒေချုပ်၊ စာရင်းစစ်ချုပ်၊ အစိုးရအဖွဲ့အတွင်းရေးမှူးနှင့် တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်ဌာနဆိုင်ရာများ၊ ဘာသာရေးနှင့် လူမှုရေးအသင်းအဖွဲ့များ၊ တပ်ရင်းတပ်ဖွဲ့များ၊ စေတနာရှင်အလှူရှင်များက ဆွမ်းဆန်စိမ်း၊ နဝကမ္မ၊ စာရေးတံမဲနှင့် လှူဖွယ်ပစ္စည်းများ စုစုပေါင်းတန်ဖိုးငွေကျပ် ၅၈၈ သိန်းကျော် လောင်းလှူပူဇော်ခဲ့ကြကြောင်း သိရသည်။ **တင်စိုး(ပဲခူး)**



## ဟိုတယ်ဆိုင်ရာ(ညှော်ကြို၊ အိပ်ခန်းဆောင်ထိန်းသိမ်းရေး) ဝန်ဆောင်မှုသင်တန်းဆင်း

**ထားဝယ် ဧပြီ ၁၃**
ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနမှ ကြီးကြပ်ဖွင့်လှစ်သော ဟိုတယ်ဆိုင်ရာ (ညှော်ကြို၊ အိပ်ခန်းဆောင် ထိန်းသိမ်းရေး) ဝန်ဆောင်မှုသင်တန်းအမှတ်စဉ် (၅) ထားဝယ် သင်တန်းဆင်းပွဲအခမ်းအနားကို ဧပြီ ၁၀ ရက် နံနက် ၉ နာရီက ထားဝယ်မြို့ Diamond Crown Hotel ခန်းမဆောင်၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ တနင်္သာရီတိုင်းဒေသကြီး သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီး ဦးမြင့်မောင်က အဖွင့်အမှာစကားပြောကြားပြီး တိုင်းဒေသကြီး ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးခိုင်ဝင်းက ဟိုတယ်နှင့် ခရီးသွားဝန်ကြီးဌာန၏ မျှော်မှန်းချက်နှင့်ရည်ညွှန်းချက်များ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ တနင်္သာရီတိုင်းဒေသကြီး သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီး ဦးမြင့်မောင်က ဟိုတယ်ဝန်ဆောင်မှုသင်တန်း (ညှော်ကြို) မှ ပထမဆုရရှိသော ဒေါ်ဖြူလဲ့စိုး၊ ဒုတိယဆု ဒေါ်အေးဆုမော်၊ တတိယဆု ဦးကျော်ဇေယျတို့အားလည်းကောင်း၊ တိုင်းဒေသကြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးမှူး ဒေါ်မိုင်အက်စတာက ဟိုတယ်ဝန်ဆောင်မှုသင်တန်း (အိပ်ခန်းဆောင်) မှ ပထမဆု ဒေါ်ဖွေးဖွေးစံပယ်၊ ဒုတိယဆု ဒေါ်အေးမြကြူ၊ တတိယဆု ဦးဇော်မိုးနှင့် ဒေါ်ငယ်ငယ်ချောတို့အား ဆုများအသီးသီးချီးမြှင့်ခဲ့ပြီး ဟိုတယ်ဝန်ဆောင်မှုသင်တန်းဆင်း လက်မှတ်ကို သင်တန်းသား ဦးရန်နိုင်ကျော်က လက်ခံရရှိ၍ သင်တန်းသူ၊ သင်တန်းသားများကိုယ်စား ဦးကိုကိုက ကျေးဇူးတင်စကားပြောကြားခဲ့သည်။

အခမ်းအနားသို့ တနင်္သာရီတိုင်းဒေသကြီး သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီး၊ တိုင်းဒေသကြီးဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ သင်တန်းသား/သူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။ **(ပြန်/ဆက်)**

## လေးမျက်နှာမြို့နယ် ကရင်ကြံတောစုကျေးရွာ၌ ဘက်စုံသုံးခန်းမဖွင့်

**လေးမျက်နှာ ဧပြီ ၁၃**
ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတခရိုင် လေးမျက်နှာမြို့နယ်တွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကမ္ဘာ့ဘဏ်၏ ကူညီထောက်ပံ့မှုဖြင့် လူထုဗဟိုပြုစီမံကိန်းကို ပူးပေါင်းအကောင်အထည်ဖော် ဆောင်ရွက်ခဲ့သည့် ပိန်းအင်းကျေးရွာအုပ်စု ကရင်ကြံတောစုကျေးရွာ ဘက်စုံသုံးခန်းမ ဖွင့်ပွဲအခမ်းအနားကို ဧပြီ ၁၁ ရက် နံနက် ၉ နာရီက ခန်းမရှေ့၌ ကျင်းပရာ လေးမျက်နှာမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဦးယဉ်မင်းဦးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် ဦးစီးအရာရှိ ဦးယဉ်မင်းဦးက လူထုဗဟိုပြုစီမံကိန်းတွင် ကျေးရွာလူထု၏ စည်းလုံးညီညွတ်မှုဖြင့် စီမံကိန်း (တတိယနှစ်စက်ဝန်း) လုပ်ငန်းများ အောင်မြင်ခဲ့ခြင်းနှင့်ပတ်သက်၍ ဝမ်းမြောက်ကြောင်းနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းများအတွက် လုပ်ငန်းအတွေ့အကြုံနှင့် အားနည်းချက်၊ အားသာချက်များအပေါ် သင်ခန်းစာယူ၍ စည်းလုံးညီညွတ်စွာဖြင့် မိမိကျေးရွာ၊မိမိဒေသဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများတွင် ဌာနဆိုင်ရာများ၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းကူညီဆောင်ရွက်ရေးတို့နှင့် ပတ်သက်၍ ရှင်းလင်းမှာကြားသည်။ ဒေသခံတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့သည်။

ကရင်ကြံတောစုကျေးရွာ ဘက်စုံသုံးခန်းမအား လူထုဗဟိုပြုစီမံကိန်းမှ ရန်ပုံငွေကျပ် ၆၇ သိန်းကျော်ဖြင့် ဆောက်လုပ်ခဲ့ခြင်းဖြစ်ပြီး အလျား ၃၆ ပေ၊ အနံ ၂၄ ပေ၊ အမြင့် ၁၂ ပေရှိ အုတ်ညှပ်သွပ်မိုး တစ်ထပ်အဆောက်အအုံဖြစ်ကြောင်း သိရသည်။

ကျေးရွာဘက်စုံသုံးခန်းမ တည်ဆောက်ဖွင့်လှစ်ပေးနိုင်ခဲ့ခြင်းဖြင့် ကျေးရွာနေပြည်သူများ၏ ဘာသာရေး၊ လူမှုရေးပွဲများ ကျင်းပခြင်း၊ ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများအတွက် ညှိနှိုင်းဆွေးနွေးခြင်း၊ အသိပညာဖြန့်ဝေခြင်း လုပ်ငန်းများကို ခန်းမ၌ စုရုပ်ပြုလုပ်၍ ဆောင်ရွက်နိုင်မည်ဖြစ်သည့်အပြင် စာကြည့်တိုက်လုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ဆက်လက် လုပ်ဆောင်သွားမည်ဖြစ်ကြောင်း ရပ်မိရပ်ဖတစ်ဦးက ပြောကြားသည်။ **မြို့နယ်(ပြန်/ဆက်)**

## မအူပင်ခရိုင်တွင် ပြစ်မှုကျူးလွန်သူများကို ဖမ်းဆီးနည်း သရုပ်ပြပြိုင်ပွဲကျင်းပ



**မအူပင် ဧပြီ ၁၃**
မြန်မာနိုင်ငံရဲတပ်ဖွဲ့ မအူပင်ခရိုင်ရဲတပ်ဖွဲ့မှ ကြီးမှူး၍ မြို့နယ်ရဲတပ်ဖွဲ့ဝင်များ၏ ဖမ်းဆီးနည်းသရုပ်ပြပြိုင်ပွဲကို ဧပြီ ၁၀ ရက် နံနက် ၉ နာရီက မအူပင်မြို့ ရဲရိပ်သာ၌ ကျင်းပသည်။

ရဲတပ်ဖွဲ့ဝင်များအနေဖြင့် ပြစ်မှုကျူးလွန်သူများကို ဖမ်းဆီးထိန်းသိမ်းရာတွင် အသာတကြည်ဖမ်းဆီးခံသူနှင့် ကြုံတွေ့ရသလို ပြန်လည်ခုခံရန်ပြုသူများနှင့် ကြုံဆုံသည့်အခါ မိမိသင်ကြားထားသည့် တရားခံဖမ်းဆီးနည်း အတတ်ပညာများကို လက်တွေ့အသုံးချပြီး ထိခိုက်မှုနည်းစေရန် စနစ်တကျ ဖမ်းဆီးနိုင်ရေး ရည်ရွယ်ကြောင်း သိရသည်။

အဆိုပါ သရုပ်ပြပြိုင်ပွဲသို့ မအူပင်ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးမျိုးအောင်နှင့် ခရိုင်အတွင်းရှိ မအူပင်၊ ပန်းတနော်၊ ညောင်တုန်း၊ ဓနုဖြူမြို့နယ်များမှ မြို့နယ်ရဲတပ်ဖွဲ့မှူးများတက်ရောက်အားပေးပြီး ဆုများ အသီးသီးချီးမြှင့်ခဲ့ကြောင်း သိရသည်။ **ခရိုင် (ပြန်/ဆက်)**

# ရမည်းသင်းမြို့၌ ဗဟိုမဏ္ဍပ်ဖွင့်ပွဲကျင်းပ



**ရမည်းသင်း ဧပြီ ၁၃**

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့တွင် ၂၀၁၇ ခုနှစ် မဟာသင်္ကြန်အကြိုနေ့ အမျိုးသားကြီးပွားတိုးတက်ရေး (ရွှေသတ္တုတူးဖော်ရေး) ကုမ္ပဏီ ဗဟိုမဏ္ဍပ်ဖွင့်ပွဲ အခမ်းအနားကို ယနေ့ နံနက် ၈ နာရီခွဲက ရန်ကုန်-မန္တလေးကားလမ်းဘေး အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းရှေ့တွင် ပြုလုပ်သည်။

အဆိုပါအခမ်းအနားသို့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးထွန်းထွန်းဝင်း၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးဇော်ဝင်းနှင့် ဦးအောင်မျိုးဦး၊ အမှတ်(၃) စစ်အခြေခံလေ့ကျင့်ရေးတပ်တပ်မှူး၊ ရမည်းသင်းခရိုင် စီမံခန့်ခွဲမှုကော်မတီ ခရိုင်အုပ်ချုပ်ရေးမှူး ဦးကျော်မင်းညိုနှင့် ခရိုင်အဆင့်ဌာနဆိုင်ရာများ၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထက်မြက်အောင်နှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ယိမ်းအကအလှ အဖွဲ့များ တက်ရောက်ကြသည်။

ရှေးဦးစွာ ရမည်းသင်းခရိုင် စီမံခန့်ခွဲမှုကော်မတီခရိုင် အုပ်ချုပ်ရေးမှူး ဦးကျော်မင်းညိုက မဟာသင်္ကြန် ဗဟိုမဏ္ဍပ်ဖွင့်ပွဲ အမှာစကားပြောကြားပြီး အမှတ်(၃) စစ်အခြေခံလေ့ကျင့်ရေးတပ် တပ်မှူး၊ ခရိုင်အုပ်ချုပ်ရေးမှူး၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်၊ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာ မြင့်မြင့်မော်နှင့်၊ အမျိုးသားကြီးပွားတိုးတက်ရေး (ရွှေသတ္တုတူးဖော်ရေး) ကုမ္ပဏီ ဒါရိုက်တာတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြကာ ယိမ်းအကပျိုမေများမှ မြန်န္တာ သီချင်းဖြင့် ကပြဖျော်ဖြေခဲ့ကြောင်း သိရသည်။ **(ဇော်ဝင်းအောင်)**

# မြန်မာ့ရိုးရာအတာသင်္ကြန်ရေကစားမဏ္ဍပ်ဖွင့်ပွဲ ရေကစားကြသူများဖြင့်စည်ကား



**မတ္တရာ ဧပြီ ၁၃**

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်ခရိုင် မတ္တရာ မြို့နယ်တွင် မြန်မာ့ရိုးရာအတာသင်္ကြန်ရေကစား မဏ္ဍပ် ဖွင့်ပွဲအခမ်းအနားကို ဧပြီလ ၁၃ ရက် မဟာ သင်္ကြန်အကြိုနေ့ နံနက် ၈ နာရီက ပြုလုပ်ရာ တိုင်း ဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးမောင်မောင် အေးက အဖွင့်အမှာစကား ပြောကြားခဲ့သည်။

အခမ်းအနားကို ပြည်သူ့လွှတ်တော်ကိုယ်စား လှယ် ဦးဇော်မင်းလွင်၊ တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ် ဦးမောင်မောင်အေးနှင့် ဦးမင်းမင်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစွမ်းထက်ဝေ၊ မြို့နယ်ရဲ တပ်ဖွဲ့မှူး ရဲမှူးခင်သိန်းနှင့် မြို့နယ်စည်ပင်သာယာ ရေးကော်မတီဥက္ကဋ္ဌ ဦးစန်းအောင်တို့က ရေကစား မဏ္ဍပ်အား ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးခဲ့သည်။ ယင်းနောက် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဖိတ် ကြားထားသောဧည့်သည်တော်များက တစ်ဦးနှင့် တစ်ဦး နံ့သာရည်များဖြင့် ပျော်ရွှင်စွာ ပက်ဖျန်းကြ သည်။

ဖွင့်ပွဲအပြီးတွင် ရေကစားမဏ္ဍပ်ဖွင့်ပွဲသို့ လာ ရောက်ကြည့်ရှုကြသည့် ပရိသတ်များအား ရေများ ပက်ဖျန်းပေးခဲ့ပြီး သင်္ကြန်မုန့်လက်ဆောင်းများ တိုက်ကျွေးခဲ့ကြောင်း သိရသည်။ မတ္တရာမြို့နယ် ၌ ရေကစားမဏ္ဍပ်များဖြင့် မကျင်းပခဲ့သည်မှာ ကြာပြီဖြစ်သည့်အတွက် ယခုနှစ်ရေကစားမဏ္ဍပ် များဖြင့် ကျင်းပခဲ့မှုကြောင့် မြို့နေလူထုက စိတ်ဝင် စားလျက်ရှိပြီး ရေကစားမဏ္ဍပ်တွင် ရေကစားကြသူ များ၊ ပျော်ရွှင်စွာ ကခုန်နေသူများဖြင့် စည်ကား လျက်ရှိကြောင်း သိရသည်။

**စိုးကျော်သူထွေး(မတ္တရာ)**

# မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော် နံ့သာသွေးပြိုင်ပွဲ အခမ်းအနားကျင်းပ



**ကျောက်ဖြူ ဧပြီ ၁၃**

၁၃၇၈ ခုနှစ် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော် နံ့သာသွေးပြိုင်ပွဲ အခမ်းအနားကို ကျောက်ဖြူခရိုင် ဦးဥတ္တမပန်းခြံ ဗဟိုရေကစားမဏ္ဍပ်၌ ဧပြီ ၁၃ ရက် နံနက် ၇ နာရီခွဲတွင် ကျင်းပခဲ့ပြီး နံ့သာသွေး ကျင်းပရေး ကော်မတီနာယက ဒေါ်တင်တင်အုန်း က အဖွင့်အမှာစကားပြောကြားရာ ယနေ့ဟာ ၁၃၇၈ ခုနှစ် တန်ခူးလဆန်း ၂ ရက်၊ သင်္ကြန်အကြိုနေ့ ဖြစ်တဲ့ အတွက် ရခိုင်မှာဆို အဖိတ်နေ့ ဖြစ်တာကြောင့် ရခိုင်ရိုးရာဓလေ့အရ မြို့တိုင်း၊ နယ်တိုင်းတွင် နံ့သာ၊ ကရမက်တို့ကိုသွေးကာ နံ့သာသွေး ပြိုင်ပွဲများကို အစဉ်အလာ မပျက် ကျင်းပလာခဲ့ကြရာ အမွှေး နံ့သာ၊ ကရမက်တို့ဖြင့် ဗုဒ္ဓရုပ်ပွား တော်အား သွန်းလောင်းပူဇော်ခဲ့ကြ ပါကြောင်း၊ ကြွင်းကျန်သော အမွှေး နံ့သာများဖြင့် ကျန်းမာစေရန် အချင်းချင်းပက်ဖျန်းရာမှ ရခိုင် သင်္ကြန်ပေါ်ပေါက်လာခြင်း ဖြစ်ပါ ကြောင်း ရခိုင်စာပေအထောက် အထားအရ သိရှိရပါကြောင်း၊ ရခိုင် စကားမှာ ဘုရားရေချိုး(ရေသပ္ပာယ်) ပြီးမှ အချင်းချင်းရေလောင်းကြခြင်း မှာ မြတ်စွာဘုရားကို အလေးထား သောမွန်မြတ်သော ဓလေ့တစ်ခုဖြစ် ကြောင်းမှတ်ယူရပါကြောင်း၊ ထို့ ကြောင့် ပြိုင်ပွဲဝင်များအနေဖြင့် အနိုင် အရှုံးကို အဓိကယှဉ်ပြိုင်ခြင်း မဟုတ် ဘဲ ဗုဒ္ဓရှင်တော်ကို နံ့သာရည်ဖြင့် ပက်ဖျန်းပူဇော်ကြရန်ဆိုသည့် ကောင်း မြတ်သော စိတ်ထားဖြင့်ယှဉ်ပြိုင်လျှင် ကောင်းမှုကုသိုလ် တိုးပွားလာစေ မည် ဖြစ်ကြောင်းပြောကြားခဲ့သည်။

နံ့သာသွေးပြိုင်ပွဲကို ဆက်လက် ကျင်းပခဲ့ရာ မြို့ပေါ်ရပ်ကွက်မှ အသင်း ၁၂ သင်း ဝင်ရောက် ယှဉ်ပြိုင်ခဲ့ရာ ပထမရရှိသော ကုလားပိုက်ဆိပ်ရပ်ကွက်အသင်း အား ကျောက်ဖြူခရိုင် အမျိုးသမီး ရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်မြသန္တာရဲတင့် က ဆုချီးမြှင့်ခဲ့ပြီး ဒုတိယဆုရရှိ သော စေတီတောင်ရပ်ကွက်အသင်း မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက် ရေးအသင်းဥက္ကဋ္ဌ ဒေါ်ကိုင်ဂျာက ချီးမြှင့်ခဲ့ကာ တတိယဆုရရှိသော သန်ပန်ချောင်းရပ်ကွက်အား နံ့သာ သွေး ကျင်းပရေးကော်မတီ နာယက ဒေါ်တင်တင်အုန်းက ချီးမြှင့်ခဲ့ရာ နှစ်သိမ့်ဆုရရှိသူများအား ဆုချီးမြှင့် ခဲ့ကြသည်။

ဆက်လက်၍ နံနက် ၁၁ နာရီတွင် အမွှေးနံ့သာရည်များဖြင့် အမျိုးသမီး ရေးရာအဖွဲ့၊ မိခင်နှင့်ကလေးစောင့် ရှောက်ရေးအသင်းအဖွဲ့များနှင့်ပထမ၊ ဒုတိယ၊ တတိယရရှိသောအသင်း များက ကျောက်ဖြူမြို့ ဂုံးချိန် ကျေးရွာရှိ အံ့ဖွယ်သာမောကုံ့ကော် တောဘုရားတွင် ဘုရားရေချိုး (ရေသပ္ပာယ်)ခဲ့ပြီး စုပေါင်းသန့်ရှင်း ရေးပြုလုပ်ခဲ့ကြကြောင်း သိရှိရ သည်။

**ဖြိုးဝေလင်း(ပြန်/ဆက်)**

# မဟာသင်္ကြန်ပွဲတော်မဏ္ဍပ်ဖွင့်ပွဲကျင်းပ

**စဉ့်ကိုင် ဧပြီ ၁၃**

ကျောက်ဆည်ခရိုင် စဉ့်ကိုင်မြို့နယ်၏ မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန် ပွဲတော် ဖွင့်ပွဲအခမ်းအနားကို ဧပြီ ၁၃ ရက် နံနက် ၉ နာရီက စဉ့်ကိုင်မြို့နယ် ရန်နိုင်ရပ်ကွက်ရှိ ရေသဘင်မဏ္ဍပ်၌ ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါဖွင့်ပွဲအခမ်းအနားသို့ ကျောက်ဆည်ခရိုင် အုပ်ချုပ်ရေးမှူး ဦးမြင့်နိုင် နှင့် တာဝန်ရှိသူများ၊ စဉ့်ကိုင်မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာများ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာကြည်မို့မို့လွင်၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များ၊ ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ ယိမ်းအကမယ် များ တက်ရာက်ကြသည်။

အခမ်းအနားတွင် စဉ့်ကိုင်မြို့နယ် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲ တော် ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမင်းဆွေက သင်္ကြန်နှုတ်ခွန်းဆက်အမှာစကားပြောကြားရာတွင် မဟာသင်္ကြန်ပွဲတော်ဟာ မြန်မာလူမျိုးတို့၏ တန်ဖိုးမဖြတ်နိုင်သော နှစ်သစ်ကူးပွဲတော်ဖြစ်ပါကြောင်း၊ ထို့အပြင် စဉ့်ကိုင်မြို့နယ်မှာ သင်္ကြန်ပွဲတော်ရေသဘင်မဏ္ဍပ်ကို မဆောင်ရွက် နိုင်တာ ၁၀ စုနှစ်တစ်စုကျော်ရှိသည့်အတွက် ယခုလိုအောင်မြင်စွာကျင်းပ နိုင်ခဲ့ပါကြောင်း၊ ယခုနှစ်သင်္ကြန်ပွဲတော်ကို သင်္ကြန်ယိမ်းအဖွဲ့ ၂၆ ဖွဲ့နှင့် အလှပြ ယာဉ်ငါးစီးတို့ဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ကြောင်း ပြောကြား သည်။

ယင်းနောက် ၂၀၁၇ ခုနှစ် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ရေသဘင် မဏ္ဍပ်အား ကျောက်ဆည်ခရိုင်အုပ်ချုပ်ရေးမှူး ဦးမြင့်နိုင်၊ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဒေါက်တာကြည်မို့မို့လွင်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စား လှယ်များဖြစ်ကြသည့် ဦးအောင်နိုင်လင်းနှင့် ဦးအောင်လှိုင်ဝင်း၊ မြို့နယ်အုပ်ချုပ်ရေး မှူး ဦးမင်းဆွေ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးရွှေခိုင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး သင်္ကြန်ယိမ်းအဖွဲ့များမှ မန်းတောင်ရိပ်ခိုသီချင်းဖြင့် သီဆိုဖျော်ဖြေ၍ ရေသဘင်မဏ္ဍပ်အား ဖွင့်လှစ်ပေးခဲ့ကြသည်။ အဆိုပါ ရေသဘင်မဏ္ဍပ်အား နေ့စဉ် နံနက်ပိုင်းနှင့် ညပိုင်းတို့တွင် အလှည့်ကျ ဖျော်ဖြေပေးမည်ဖြစ်ပြီး စတုဒိသာများဖြင့် နေ့စဉ်ကျွေးမွေးဧည့်ခံမည်ဖြစ် ကြောင်း သိရသည်။ **(ဝင်းဝင်းသန်း)**



# ရေဖြူမြို့၌ မြန်မာ့ရိုးရာယဉ်ကျေးမှုမဟာသင်္ကြန်ပွဲတော် ဖွင့်ပွဲကျင်းပ

**ရေဖြူ ဧပြီ ၁၃**

ရေဖြူမြို့နယ် မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော်ဖွင့်ပွဲအခမ်းအနားကို ဧပြီ ၁၃ ရက် (သင်္ကြန်အကြိုနေ့) နံနက် ၈ နာရီတွင် ရေဖြူမြို့နယ် မြန်မာ့ရိုးရာသင်္ကြန်ပွဲတော် ဗဟိုမဏ္ဍပ်၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော် ဗဟိုမဏ္ဍပ် ကို တနင်္သာရီတိုင်းဒေသကြီး လွှတ်တော်ဒုဥက္ကဋ္ဌ ဦးကြည်စိုး၊ တိုင်း ဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးလှထွေး၊ မြို့နယ်အုပ်ချုပ်ရေး မှူး ဦးလှဝင်းအောင်နှင့် ဇနီးဒေါ်မိုးမိုးလှိုင်နှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့သည်။

မန်းတောင်ရိပ်ခိုတေးသီချင်းဖြင့် သီဆိုပြီး အကအလှများဖြင့် ကပြ ဖျော်ဖြေလျက်ရှိသည့် ယိမ်းအဖွဲ့များအား နံ့သာရည်များဖြင့် ပက်ဖျန်း ပေးခဲ့ကြပြီး မြန်မာ့ရိုးရာသင်္ကြန်တေးသီချင်းများ၊ ယိမ်းအဖွဲ့များ၏ အကအလှများ၊ ခေတ်ပေါ်တေးသီချင်းများဖြင့် ကပြဖျော်ဖြေမှုများ ကို ကြည့်ရှုအားပေးခဲ့ကြကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



# ဆိပ်ဖြူမြို့ ယောချောင်းသင်္ကြန် အေးချမ်းပျော်ရွှင်စွာရေကစားနိုင်ရေး လုံခြုံရေးလုပ်ငန်းအသိပညာပေး



**ဆိပ်ဖြူ မေ ၁၃**
မကွေးတိုင်းဒေသကြီး ဆိပ်ဖြူမြို့နယ် ယောချောင်းအတွင်း ဒေသခံပြည်သူအများနှင့် နီးစပ်ရာမြို့များမှ ရေကစားသူများအတွက် သင်္ကြန်ကာလအတွင်း ပျော်ရွှင်စွာရေကစားနိုင်ရေးအတွက် ယောချောင်းသင်္ကြန် စည်ကားသိုက်မြိုက်ရေးလုပ်ငန်းများ၊ အေးချမ်းစွာရေကစားနိုင်ရေးအတွက် လုံခြုံရေးအသိပညာပေးလုပ်ငန်းများကို ဧပြီ ၁၂ ရက်က ဆောင်ရွက်ခဲ့သည်။

ဆိပ်ဖြူမြို့နယ် ယောချောင်းသင်္ကြန်သည်နှစ်စဉ် ဒေသခံများနှင့် နီးစပ်ရာမြို့နယ်များမှ ရေကစားသူများဖြင့် စည်ကားခဲ့ပြီး ယခုနှစ်တွင် ရေကစားသူများ အေးချမ်းပျော်ရွှင်စွာ ရေကစားနိုင်ရေးအတွက် မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများနှင့် မြို့နယ်စည်ပင်သာယာရေးကော်မတီမှ တာဝန်ရှိသူများက ကြီးကြပ်ဆောင်ရွက်လျက်ရှိသည်။

ရေကစားသူများ အေးချမ်းစွာရေကစားနိုင်ရေးအတွက် သင်္ကြန်ကာလအတွင်း မှုခင်းအန္တရာယ်များ မဖြစ်ပေါ်စေရေးအတွက် ဆိပ်ဖြူမြို့နယ်ရဲတပ်ဖွဲ့မြို့မစခန်းမှူး ဒုရဲမှူးမြင့်အောင်ထွန်းနှင့် နယ်ထိန်းတပ်ဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးရန်နိုင်မြင့်နှင့် အဖွဲ့ဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများသည် ယောချောင်းအတွင်းရောင်းချလျက်ရှိသည့် ဈေးဆိုင်များအား သင်္ကြန်ကာလအတွင်း မှုခင်းအန္တရာယ်ကြိုတင် ကာကွယ်ရေးလုပ်ငန်းများအား သင်္ကြန်ကာလမတိုင်မီ နေ့စဉ် လိုက်လံအသိပေးခြင်း၊ လုံခြုံရေးလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ **စိုးလင်းနိုင်(ပြန်/ဆက်)**

# အသံဆူညံအိတ်ဇောများအား လမ်းကြိတ်စက်ဖြင့် ဖျက်ဆီး



**ကျောက်ပန်းတောင်း မေ ၁၃**
မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ်တွင် ၁၃၇၈ ခုနှစ် မြန်မာ့ရိုးရာမဟာသင်္ကြန်မတိုင်မီ မြို့ပေါ်ရပ်ကွက်များ၊ လက်ဖက်ရည်ဆိုင်များနှင့် မော်တော်ဆိုင်ကယ်ပြုပြင်သည့်ဆိုင်များတွင် အဖွဲ့ပေါင်းစုံဖြင့် လှည့်လည်စစ်ဆေး သိမ်းဆည်းရရှိခဲ့သည့် အသံဆူညံအိတ်ဇောများအား ဖျက်ဆီးမှုကို ဧပြီ ၁၂ ရက် ညနေ ၄ နာရီခွဲက ဗိုလ်ချုပ်အောင်ဆန်း ကြေးရုပ်တုရှေ့ ရန်ကုန်-ပြည်-မန္တလေးလမ်းမကြီးပေါ်တွင် ပြုလုပ်ခဲ့ကြောင်း သိရသည်။

ကျောက်ပန်းတောင်းမြို့နယ်တွင် မဟာသင်္ကြန်ကာလရောက်တိုင်း အသံဆူညံစေသည့် အိတ်ဇောပြောင်းမော်တော်ဆိုင်ကယ်များ၊ ပါဝါအိတ်ဇောပြောင်းတပ်မော်တော်ဆိုင်ကယ်များကြောင့် သင်္ကြန်တွင်း အေးချမ်းပျော်ရွှင်စွာရေပက်ကစားကြသူများ၊ ရေပက်ခံကြသူများနှင့် ဘုရားကျောင်းကန်များတွင် ဥပုသ်သီတင်းဆောက်တည်လိုကြသူများအတွက် များစွာစိတ်အနှောင့်အယှက်ဖြစ်ပွားစေခဲ့ရာ ယခုနှစ်တွင် မြို့နယ်စီမံခန့်ခွဲမှုကော်မတီနှင့် မဟာသင်္ကြန်ပွဲတော်လုံခြုံရေးနှင့်စည်းကမ်းထိန်းသိမ်းရေးကော်မတီတို့၏ အစည်းအဝေးဆုံးဖြတ်ချက်ဖြင့် အသံဆူညံစေသည့်အိတ်ဇောများကိုအဖွဲ့ပေါင်းစုံဖြင့်စစ်ဆေးသိမ်းဆည်းခဲ့ကြောင်း သိရသည်။

အဆိုပါအဖွဲ့တွင် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးသိန်းဦးနှင့်တပ်ဖွဲ့ဝင်များ၊ ယာဉ်ထိန်းတပ်ဖွဲ့စုမှ ရဲအုပ်သျှန်အောင်နှင့် ယာဉ်ထိန်းတပ်ဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့၊ မြို့နယ်မီးသတ်တပ်ဖွဲ့၊ မြို့နယ်ယာဉ်စည်းကမ်းကြီးကြပ်မှုကော်မတီဝင်များ၊ သယ်ယူပို့ဆောင်ရေးနှင့် ကြီးကြပ်ညှိနှိုင်းမှုဌာနဝန်ထမ်းများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ လူငယ်ပရဟိတအဖွဲ့ဝင်များ ပူးပေါင်းပါဝင်ခဲ့ကြကြောင်း သိရသည်။

အဆိုပါ သိမ်းဆည်းရမိခဲ့သည့် အသံဆူညံအိတ်ဇောများ၊ ပါဝါပြောင်းများအား မြို့နယ်လမ်းဦးစီးဌာနပိုင်လမ်းကြိတ်စက်ဖြင့် ဖျက်စီးခဲ့ရာ စုစုပေါင်းအိတ်ဇော ၁၅၃ ခု ဖြစ်ကြောင်း သိရပြီး အဆိုပါဆောင်ရွက်မှုလုပ်ငန်းသို့ ကျောက်ပန်းတောင်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးအေးခိုင်၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးသိန်းဦးနှင့်မြို့နယ်မဟာသင်္ကြန်ပွဲတော်လုံခြုံရေးနှင့်စည်းကမ်းထိန်းသိမ်းရေးကော်မတီဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ လာရောက်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။
**ကိုနေ(ကျောက်ပန်းတောင်း)**

# ကော့သောင်းမြို့တွင် အသံကျယ်ပါဝါအိတ်ဇောများ ဖျက်ဆီး

**ကော့သောင်း မေ ၁၃**
ကော့သောင်းမြို့ လမ်းများပေါ် မောင်းနှင်သွားလာလျက်ရှိသည့် မော်တော်ဆိုင်ကယ်များတွင် မော်တော်ယာဉ်ဥပဒေနှင့်မညီညွတ်သည့် အသံကျယ်ပါဝါအိတ်ဇောများ တပ်ဆင်မောင်းနှင်လျက်ရှိသည့် မော်တော်ဆိုင်ကယ်များအား စစ်ဆေးအရေးယူဆောင်ရွက်မှုမှ ၂၀၁၆-၂၀၁၇ ခုနှစ်အတွင်း သိမ်းဆည်းထားသည့် အိတ်ဇော ၂၀၃ ခုအား လမ်းကြိတ်စက်ဖြင့်ဖျက်ဆီးခြင်း အစီအစဉ်တစ်ရပ် ဧပြီ ၁၂ ရက် နံနက်ပိုင်းက မြို့နယ်စည်ပင်သာယာရေးဦးစီးဌာနရုံးရှေ့ကွင်းပြင်၌ ပြုလုပ်သည်။

အဆိုပါ ဖျက်ဆီးမှုအစီအစဉ်အား ခရိုင်နှင့်မြို့နယ်အုပ်ချုပ်ရေးဦးစီးဌာန၊ ကော့သောင်းခရိုင်ရဲတပ်ဖွဲ့မှူးတို့၏ ဦးဆောင်မှုဖြင့် မြို့နယ်ရဲတပ်ဖွဲ့မှူးနှင့် ဌာနဆိုင်ရာများ၊ ရပ်/ကျေးအုပ်ချုပ်ရေးမှူးများ၊ မြို့ခံပြည်သူများ၊ သတင်းမီဒီယာများ လေ့လာကြည့်ရှုကြသည်။

ကော့သောင်းမြို့တွင် ယာဉ်စည်းကမ်းနှင့်မညီညွတ်ဘဲ မော်တော်ယာဉ်ဥပဒေများအား ဖောက်ဖျက်ကျူးလွန်၍ လူငယ်အများစုသည် မော်တော်ဆိုင်ကယ်များတွင် အသံကျယ်လောင်သည့် ပါဝါအိတ်ဇောများတပ်ဆင်ကာ အရှိန်မြင့်၍ အပြိုင်အဆိုင်မောင်းနှင်မှုကြောင့် ခရီးသွားပြည်သူများ စိတ်အနှောင့်အယှက်နှင့် ဘေးအန္တရာယ်များ ကြုံတွေ့ကြရသဖြင့် ကော့သောင်းမြို့နယ် အမှတ်(၇၅) ယာဉ်ထိန်းရဲတပ်ဖွဲ့စုမှ စစ်ဆေးအရေးယူကာ ယခုကဲ့သို့ ပညာပေးဆောင်ရွက်ခြင်းဖြစ်ပြီး မော်တော်ယာဉ်အင်္ဂါရပ်နှင့်မညီညွတ်သည့် ယာဉ်မောင်းနှင်သူများ၊ စည်းကမ်းမဲ့ယာဉ်မောင်းသူများ ၊ လိုင်စင်မဲ့ယာဉ်မောင်းနှင်သူများ၊ ပါဝါအိတ်ဇောတပ်မောင်းနှင်သူများအား မြန်မာ့ရိုးရာသင်္ကြန်ကာလအတွင်း အများပြည်သူ အန္တရာယ်ကင်းရှင်းရေးအတွက် စဉ်ဆက်မပြတ် အထူးကြပ်မတ် အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။
**ကျော်စိုး(ကော့သောင်း)**





# မင်းလှမြို့နယ်တွင် ၁၃၇၈ ခုနှစ် သင်္ကြန်မဏ္ဍပ်ဖွင့်ပွဲပြုလုပ်

**အထက်မင်းလှ မေ ၁၃**
သရက်ခရိုင် မင်းလှမြို့နယ် ဗဟိုသင်္ကြန်မဏ္ဍပ်တွင် ဧပြီ ၁၃ ရက် နံနက် ၇ နာရီက ၁၃၇၈ ခုနှစ် သင်္ကြန်မဏ္ဍပ်ဖွင့်ပွဲ ပြုလုပ်ခဲ့သည်။

အခမ်းအနားတွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် လွှတ်တော်ကိုယ်စားလှယ်များက ၁၃၇၈ ခုနှစ် သင်္ကြန်မဏ္ဍပ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့သည်။ မြို့ပေါ်ရပ်ကွက်များမှ သင်္ကြန်ယိမ်းအဖွဲ့များက မြနန္ဒာသီချင်းဖြင့် ကပြဖျော်ဖြေခဲ့ကြကာ အမွှေးနံ့သာရည်များဖြင့်ပက်ဖျန်း၍ သင်္ကြန်ဖွင့်ပွဲအခမ်းအနား ပြီးဆုံးခဲ့သည်။ မြို့နယ်ဗဟိုမဏ္ဍပ်တွင် နေ့စဉ် မြို့ပေါ်ယိမ်းအဖွဲ့များက ဖျော်ဖြေရေးအစီအစဉ်များဖြင့် ကပြဖျော်ဖြေသွားမည်ဖြစ်ကြောင်း သိရသည်။ **ကိုသက်(အထက်မင်းလှ)**

# မှုခင်းကြိုတင်ကာကွယ်ရေး တရားမဝင်ဆေးဝါးများ ရောင်းချမှုမရှိရန် ရှောင်တခင်စစ်ဆေး

**မဘိမ်း မေ ၁၃**
သင်္ကြန်ပွဲတော်ကာလတွင် မှုခင်းကြိုတင်ကာကွယ်ရေးလုပ်ငန်းဆောင်ရွက်မှုအနေဖြင့် ရှမ်းပြည်နယ်(မြောက်ပိုင်း) မိုးမိတ်ခရိုင် မဘိမ်းမြို့ မြို့ပေါ်ရပ်ကွက်များနှင့် မြို့မဈေးအတွင်း၌ ရောင်းချနေသော ဆေးဆိုင်များ၊ ကုန်စုံဆိုင်များတွင် တရားမဝင်ဆေးဝါးများ ရောင်းချခြင်းရှိ မရှိကို ဧပြီ ၁၂ ရက် နံနက်ပိုင်းက ရှောင်တခင်ဝင်ရောက်စစ်ဆေးခဲ့ကြောင်း သိရသည်။

မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးချစ်မင်းဦး၊ မြို့နယ်ဆရာဝန်ကြီး ဒေါက်တာကိုကိုနိုင်၊ မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးကျော်မင်းစိန်နှင့် ကော်မတီဝင်များ၊ မြို့နယ်ရဲတပ်ဖွဲ့ နယ်ထိန်းခေါင်းဆောင် ရဲအုပ်ရဲဇော်မြင့်နှင့် တာဝန်ရှိသူများပါဝင်သည့် ပူးပေါင်းအဖွဲ့က မြို့ပေါ်ရပ်ကွက်များနှင့် မြို့မဈေးအတွင်းရှိ ကုန်စုံဆိုင်များ၊ ဆေးဝါးအရောင်းဆိုင်များကို ရှောင်တခင်စစ်ဆေးခဲ့ခြင်းဖြစ်ကာ သင်္ကြန်ကာလအတွင်း မှုခင်းဖြစ်ပွားစေနိုင်သည့် မူးယစ်ဆေးဝါးများ၊ စိတ်ငြိမ်ဆေးဝါးများ၊ ထိန်းချုပ်ဆေးဝါးများနှင့် တံဆိပ်အမျိုးမျိုးတို့ဖြင့် တရားမဝင်ရောက်ရှိလာသည့် ကာမဆန္ဒနှိုးဆွစေသော ဆေးဝါးများအား ရောင်းချခြင်းမပြုရန် အသိပညာပေးခြင်း၊ သတိပေးခြင်းများ ပြုလုပ်ခဲ့ကြကြောင်း သိရသည်။ **ထိန်လင်းဦး(ပြန်/ဆက်)**

# မဟာသင်္ကြန်ကာလ ပြည်သူများသိရှိရန် မှုခင်းပညာပေးဟောပြောခြင်းများ ဆောင်ရွက်

**မလှိုင် မေ ၁၃**
မဟာသင်္ကြန်ကာလတွင် မှုခင်းများမဖြစ်ပွားစေရန် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများ သုံးစွဲမှုမရှိစေရေး၊ အများပြည်သူ ယာဉ်အန္တရာယ်ကင်းဝေးစေရေးအတွက် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးဟောပြောခြင်းကို ဧပြီ ၁၁ ရက် ညနေ ၄ နာရီက မလှိုင်မြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

ဟောပြောပွဲတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးငွေဒိုးက အသိပညာပေးဟောပြောပွဲ ပြုလုပ်ရခြင်းရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး ရပ်ကွက်၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများအနေဖြင့် မိမိတို့ကျေးရွာများတွင် ထပ်ဆင့်အသိပေးပြောကြားရန် မှာကြားခဲ့သည်။

ယင်းနောက် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးထွန်းဝေက မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများသုံးစွဲမှုမရှိစေရေး ပညာပေးဟောပြောခဲ့ပြီး မြို့မရဲစခန်းမှူး ဒု-ရဲမှူးသန်းထွန်းက မှုခင်းကျဆင်းရေးအတွက် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့် မှုခင်းပညာပေးဟောပြောခြင်းများကို ပရိုဂျက်တာဖြင့်ရှင်းလင်း ဟောပြောခဲ့သည်။

ပညာပေးဟောပြောပွဲသို့ မြို့နယ်အုပ်ချုပ်ရေးမှူး၊ ရပ်ကွက်၊ ကျေးရွာအုပ်စု ၅၆ အုပ်စုမှ ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် စာရေးဝန်ထမ်းများ၊ ရဲတပ်ဖွဲ့ဝင်များ စုစုပေါင်း ၈၅ ဦးတက်ရောက်ခဲ့ကြောင်း သိရသည်။
**အောင်ငွေး(မလှိုင်)**

# နွေစပါးအချိန်မီရိတ်သိမ်းမှု စက်ကိရိယာများဖြင့် အဆင်ပြေ

**ညောင်တုန်း ဧပြီ ၁၃**

ညောင်တုန်းမြို့နယ်တွင် နွေစပါးရိတ်သိမ်းရမည့်အချိန်တွင် နေပူရှိန်မြင့်မားလွန်းခြင်း၊ စပါးရိတ်လယ်ယာလုပ်သားများရှားပါးလာခြင်းများကြောင့် စပါးမကျွမ်းမီ အလျင်အမြန်ရိတ်သိမ်းရန်အခက်အခဲရှိခဲ့ကြသော်လည်း ယခုအခါတွင်မူစပါးရိတ်သိမ်းခြွေလှေ့စက်များဖြင့် အချိန်မီ ရိတ်သိမ်းနိုင်သဖြင့်များစွာအဆင်ပြေကြောင်း သိရသည်။

ညောင်တုန်းမြို့နယ် ညောင်တုန်းကျွန်းနှင့် စံကင်းကျွန်း ရေနက်ကွင်းများတွင် နွေစပါး ဧက ၄၅၀၀၀ ကျော်ခန့်ကို အောင်မြင်စွာ စိုက်ပျိုးနိုင်ခဲ့ရာ မြို့နယ်မြေစာရင်းဌာနနှင့် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနတို့က နွေစပါးစံကွက်များရိတ်သိမ်းခဲ့ကြရာ တစ်ဧကပျမ်းမျှ တင်း ၁၀၀ ကျော်ထွက်ရှိကြောင်း သိရသည်။

"နွေစပါးက ရေအဆင်ပြေရင်၊ စိုက်နည်းစနစ်မှန်ကန်ရင်၊ မြေဩဇာနှင့် ပေါင်းသတ်ဆေး စနစ်တကျ အသုံးပြုရင် တစ်ဧကပျမ်းမျှ စပါးတင်း ၁၀၀ ကျော် အသေအချာထွက်ရှိနိုင်ပါတယ်။ အရင်ကတော့ နွေစပါးရိတ်သိမ်းရမယ့် အချိန်မှာ နေပူရှိန်မြင့်မားလွန်းတာကြောင့် ဝင်းမှည့်ချိန်မှာ အလျင်အမြန် ရိတ်သိမ်းဖို့ အခက်အခဲဖြစ်ခဲ့ကြရပြီး အလေးအလွင့်များခဲ့ကြရတယ်။

အခုတော့ စပါးရိတ်သိမ်းခြွေလှေ့စက်တွေကို အသုံးပြုနိုင်တဲ့အတွက် အလွန်အဆင်ပြေသွားပါတယ်။ စက်ဝယ်ယူနိုင်တဲ့သူတွေရော ငှားရမ်းအသုံးပြုရတဲ့တောင်သူတွေပါ အကျိုးရှိပါတယ်။ နွေစပါးစိုက်ပျိုးရေးက ကုန်ကျစရိတ်များတဲ့အတွက် အမှန်တကယ်စိုက်ပျိုးနေတဲ့ တောင်သူတွေကို တကယ်စိုက်တဲ့ ဧကအလိုက် စိုက်ပျိုးစရိတ်ချေးငွေ တိုးမြှင့်ထုတ်ချေးပေးရင် ပိုအဆင်ပြေနိုင်ပါတယ်" ဟု ညောင်တုန်းမြို့နယ် ညောင်တုန်းကျွန်းတွင် နွေစပါးစိုက်ပျိုးသူ တောင်သူ ဦးသန်းဝင်းက ပြောသည်။

ညောင်တုန်းမြို့နယ် ညောင်တုန်းကျွန်းနှင့် စံကင်းကျွန်းရှိ လယ်မြေများတွင် ကုမ္ပဏီများနှင့် တောင်သူလယ်သမားများက နွေစပါးများတိုးချဲ့စိုက်ပျိုးလျက်ရှိကြရာ နွေစပါးရေရရှိရေးအတွက် ကောနေသော ရေသွယ်မြောင်းများ၊ ရေသွင်းမြောင်းများ၊ ချောင်းငယ်များ ရေစီးရေလာကောင်းမွန်ရေးအတွက် သက်ဆိုင်ရာကပြန်လည်တူးဖော်ပေးရန်လည်း ဒေသခံတောင်သူလယ်သမားများကလိုလားနေကြကြောင်း သိရသည်။

**နေလင်း(ညောင်တုန်း)**

## ကသာ၌တိုက်ကွမ်ဒိုသင်တန်းဆင်းပွဲကျင်းပ

**ကသာ ဧပြီ ၁၃**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် ကသာခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့ ပူးပေါင်းဖွင့်လှစ်သော နွေရာသီ တိုက်ကွမ်ဒိုသင်တန်းဆင်းပွဲ အခမ်းအနားကို ဧပြီ ၁၁ ရက် နံနက် ၈ နာရီက မီတာ ၄၀၀ အားကစားကွင်းရှေ့၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် ကသာမြို့နယ် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးဝင်းအောင်က သင်တန်းဆင်းအမှာစကား ပြောကြားပြီး ကသာခရိုင် အားကစားနှင့် ကာယပညာဦးစီးဌာန ကသာခရိုင်လက်ထောက် ညွှန်ကြားရေးမှူး ဦးကျော်ဆွေဝင်းက သင်တန်းဖွင့်လှစ်ရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် တိုက်ကွမ်ဒို သင်တန်းသားသင်တန်းသူများက တိုက်ကွမ်ဒိုကကွက်များအား သရုပ်ပြကစားခဲ့ကြသည်။ အခမ်းအနားအပြီးတွင် သင်တန်းနည်းပြများ၊ ဆရာများအား ဂါရဝလက်ဆောင်များပေးအပ်ခဲ့ပြီး သင်တန်းသား သင်တန်းသူများအား သင်တန်းဆင်းလက်မှတ်များ အသီးသီးပေးအပ်ခဲ့ကြောင်း သိရသည်။

အခမ်းအနားသို့ စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးညီညီထွန်း၊ ကသာခရိုင် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးတင်မောင်စိုး၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ သင်တန်းသား၊ သင်တန်းသူများနှင့် ဒေသခံ ပြည်သူများတက်ရောက်ခဲ့ကြကြောင်း သိရသည်။

**နိုင်လင်းထက်(ပြန်/ဆက်)**





## ကန့်ကြီးထောင့်မြို့နယ်အတွင်း ဆေးဆိုင်များ၌ စိတ်ကြွဆေးများရောင်းချမှုရှိ၊ မရှိကွင်းဆင်းစစ်ဆေး

**ကန့်ကြီးထောင့် ဧပြီ ၁၃**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ကန့်ကြီးထောင့်မြို့နယ်တွင် မြန်မာ့ရိုးရာအတာသင်္ကြန် အကြိုကာလ မြို့နယ်အတွင်းရှိ ဆေးအရောင်းဆိုင်များတွင် ကာမစိတ်ကြွဆေးများနှင့် တားမြစ်ဆေးများ ရောင်းချမှုရှိ-မရှိကို ဧပြီ ၁၂ ရက် နံနက်ပိုင်းက ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ဆေးအရောင်းဆိုင်များသို့ ကွင်းဆင်းစစ်ဆေးခြင်းကို ကန့်ကြီးထောင့်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒု-မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်မြတ်မိုးဦးဆောင်၍ မိတ်ဖက်ဌာနများဖြစ်သော မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မြို့နယ်စည်ပင်၊ စားသုံးသူရေးရာဦးစီးဌာန၊ ကျန်းမာရေးဦးစီးဌာန၊ မီးသတ်ဦးစီးဌာနတို့နှင့် ပူးပေါင်း၍ မြို့နယ်အတွင်းရှိ ဆေးအရောင်းဆိုင်များတွင် ကာမစိတ်ကြွဆေးပြားများရောင်းချမှု ရှိ၊ မရှိ၊ တရားမဝင်တားမြစ်ဆေးများ ရောင်းချမှု ရှိ၊ မရှိ၊ ဆေးဝါးရောင်းချခွင့်လိုင်စင် ရှိ၊ မရှိ၊ လိုင်စင်ပါ အချက်အလက်များနှင့် ရောင်းချမှု ရှိ၊ မရှိတို့ကို ကွင်းဆင်းစစ်ဆေးခဲ့ပြီး အဆိုပါ တရားမဝင်တားမြစ်ဆေးများကို ရောင်းချခြင်းမပြုကြရန် ဆေးဆိုင်ပိုင်ရှင်များနှင့် အသိပညာပေးဆွေးနွေးခဲ့ကြောင်း သိရသည်။

**နန်းထိုက်(ပြန်/ဆက်)**

# ငါးရစ်ငါးသန်ကာလ ငါးဖမ်းခြင်းပြုလုပ်ပါက ရေချိုငါးလုပ်ငန်းဥပဒေအရ အရေးယူမည်

**ပူတာအို ဧပြီ ၁၃**

ကချင်ပြည်နယ် ပူတာအိုခရိုင် ငါးလုပ်ငန်းဦးစီးဌာနအနေဖြင့် ငါးမျိုးပြုန်းတီးမှုမှ ကာကွယ်တားဆီးရန်နှင့် ရေချိုငါးလုပ်ငန်းရေပြင်များ ပျက်စီးခြင်းမှ ကာကွယ်စောင့်ရှောက်ရန်အတွက် ငါးရစ်ငါးသန်တက်ချိန်(ဥဥချိန်) ဧပြီ ၁ ရက်မှ ဇူလိုင် ၈ ရက်အထိ ငါးရစ်ငါးသန်များဖမ်းဆီးခြင်း၊ သတ်ဖြတ်ခြင်း၊ ဝယ်ယူရောင်းချခြင်း၊ သိုလှောင်ခြင်း၊ သယ်ယူပို့ဆောင်ခြင်းများမပြုလုပ်ကြရန်နှင့် လိုက်နာဆောင်ရွက်ခြင်းမရှိပါက ကချင်ပြည်နယ် ရေချိုငါးလုပ်ငန်းဥပဒေအရ ထိရောက်စွာအရေးယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

မိုးဦးကျရာသီတွင် ဥများဖြင့်ပြည့်နေသော ငါးမကြီးများနှင့် မျိုးရည်ပြည့်ဝနေသော ငါးထီးများသည် တန်ခူးလဆန်း ၁ ရက်နေ့မှ ဝါဆိုလပြည့်နေ့အထိ သဘာဝမြစ်၊ ချောင်း၊ အင်းအိုင်များတွင် သားပေါက်ရန် ကောင်းသည့်နေရာကိုရှာဖွေ၍ ငါးရစ်တက်လေ့ရှိပြီး အဆိုပါငါးရစ်များကို ဖမ်းယူသတ်ဖြတ်စားသောက်လိုက်မည်ဆိုပါက ငါးရစ်ငါးများ သေကျေပျက်စီးပြီး ငါးများပေါက်ပွားနိုင်မှုမရှိခြင်း၊ ပေါက်ပွားလာသော ငါးမှန်ငါးသန်များကို ဖမ်းဆီးစားသောက်မည်ဆိုပါကလည်း အရွယ်မရောက်သေးသော ငါးသားပေါက်များသေကျေပျက်စီး၍ ငါးမျိုးပြုန်းတီးခြင်းများဖြစ်ပေါ်စေကြောင်း သိရသည်။

အဆိုပါငါးရစ်ငါးသန်ကာလ သတိပေးတားမြစ်ချက်များကို ပူတာအိုခရိုင်အတွင်းရှိ မြို့နယ်များနှင့် ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးရုံးများသို့ ဖြန့်ဝေဆောင်ရွက်ထားပြီးဖြစ်ရာ ယင်းသတိပေးတားမြစ်ချက်ကို လိုက်နာဆောင်ရွက်ခြင်းမရှိဘဲ ငါးရစ်ငါးသန်ရာသီတွင် ငါးများကိုဖမ်းဆီးခြင်း၊ သတ်ဖြတ်ခြင်းများပြုလုပ်ပါက ကချင်ပြည်နယ် ရေချိုငါးလုပ်ငန်း 'ဥပဒေပုဒ်မ (၅၀)' အရ အရေးယူခြင်းခံရလျှင် ကျပ်သုံးသိန်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ နှစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေချမှတ်ခြင်းခံရမည်ဖြစ်ကြောင်း ပူတာအိုခရိုင် ငါးလုပ်ငန်းဦးစီးဌာနထံမှ သိရသည်။

**ဖုန်ကန်(ပူတာအို)**

## စည်းကမ်းပျက်မော်တော်ယာဉ်နှင့် မော်တော်ဆိုင်ကယ်များစစ်ဆေး

**မိုးကောင်း ဧပြီ ၁၃**

ကချင်ပြည်နယ် မိုးကောင်းမြို့နယ်အတွင်း ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း စနစ်တကျရှိစေရေးနှင့် မဟာသင်္ကြန်ကာလအတွင်း ယာဉ်မတော်တဆမှု အန္တရာယ်ကင်းဝေးရေးအတွက် အမှတ် (၁၀၁) ယာဉ်ထိန်းရဲတပ်ဖွဲ့စု၊ မိုးကောင်းမြို့ ယာဉ်ထိန်းရဲတပ်ဖွဲ့စိတ်မှ ရဲအုပ်ဇေမျိုးဝင်းနှင့် တပ်ဖွဲ့ဝင်များသည် တာဝန်ရှိသူများနှင့် ပူးပေါင်းကာ ဧပြီ ၁၂ရက် နံနက် ၉ နာရီက စည်းကမ်းဖောက်ဖျက်မော်တော်ယာဉ်နှင့် မော်တော်ဆိုင်ကယ်များအား ရှောင်တခင်စစ်ဆေးဆောင်ရွက်ခြင်းကို မိုးကောင်းမြို့ဈေးကုန်းရပ်ကွက်ရှိ ပြည်ထောင်စုလမ်းမကြီး မီးပွိုင့်လမ်းဆုံတွင် ကွင်းဆင်းဆောင်ရွက်ခဲ့သည်။

ထိုသို့ ဆောင်ရွက်ရာတွင် ပူးပေါင်းစစ်ဆေးရေးအဖွဲ့ဝင်များက စည်းကမ်းမဲ့မောင်းနှင်သည့် မော်တော်ဆိုင်ကယ်များ၊ ဆိုင်ကယ်စီးဦးထုပ်မဆောင်းသည့် မော်တော်ဆိုင်ကယ်များ၊ လူနှစ်ဦးထက်ပိုမိုစီးနင်းမောင်းနှင်သည့် မော်တော်ဆိုင်ကယ်များ၊ မီးနီမီးပွိုင့်အားဖြတ်သန်းမောင်းနှင်သည့် မော်တော်ယာဉ်များ၊ စည်းကမ်းဖောက်ဖျက်မော်တော်ယာဉ်များအားရှောင်တခင်စစ်ဆေးကာ စည်းကမ်းဖောက်ဖျက်မော်တော်ဆိုင်ကယ် ၂၈ စီးအား မော်တော်ယာဉ်ဥပဒေများအရ အရေးယူဆောင်ရွက်ခဲ့သည်။

**သူရိန်စိုး(ကချင်မြေ)**

## ထုတ်ကုန်လုံခြုံစိတ်ချရမှုဆိုင်ရာ ကွင်းဆင်းစစ်ဆေး

**မင်းဘူး ဧပြီ ၁၃**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် မင်းဘူးမြို့ အမှတ်(၂)ရပ်ကွက်အတွင်းရောင်းချနေသော ဈေးဆိုင်များ၊ အစားအသောက်ထုတ်လုပ်၊ ဖြန့်ဖြူးရောင်းချသူများအား ထုတ်ကုန်လုံခြုံစိတ်ချရမှု ရှိ-မရှိနှင့် အားကစားနှင့်ကျန်းမာရေးဝန်ကြီးဌာနမှ တားမြစ်ထားသော စားသုံးရန်မသင့်သည့် အစားအစာများ၊ ကုန်ပစ္စည်းများ ရောင်းချမှုရှိ၊ မရှိကို ဧပြီ ၁၀ ရက် နံနက်ပိုင်းက စားသုံးသူရေးရာဦးစီးဌာနမှ မြို့နယ်တာဝန်ခံနှင့် သက်ဆိုင်ရာ ဌာနဆိုင်ရာတာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ စစ်ဆေးဆောင်ရွက်ရာတွင် မင်းဘူးမြို့ စားသုံးသူရေးရာဦးစီးဌာနမှ မြို့နယ်တာဝန်ခံဦးမြင့်ကြည်၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန စည်ပင်သာယာရေးအဖွဲ့၊ မီးသတ်တပ်ဖွဲ့၊ ကျန်းမာရေးဦးစီးဌာန၊ ပြန်/ဆက်ဦးစီးဌာနနှင့် အမှတ် (၂) ရပ်ကွက်အုပ်ချုပ်ရေးမှူးတို့လိုက်ပါကာ အစားအသောက်ထုတ်လုပ်၊ ဖြန့်ဖြူးရောင်းချသူများအား သတ်မှတ်စည်းကမ်းများနှင့် အညီရောင်းချခြင်း ရှိ-မရှိ စစ်ဆေးဆောင်ရွက်ပြီး ထုတ်ကုန်လုပ်ငန်းများ ဆောင်ရွက်ရာတွင် မီးဘေးအန္တရာယ်ကင်းရှင်းစွာ ဆောင်ရွက်ခြင်း ရှိ-မရှိတို့ကို တစ်ပါတည်းစစ်ဆေးဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ဖိုးပြည့်**

## မဟာသင်္ကြန်ကာလအတွင်း မှုခင်းနှင့် မူးယစ်ဆေးဝါးအန္တရာယ် လိုက်နာကြရန် လက်ကမ်းစာစောင်များဖြန့်ဝေ

**တာပွန် ဧပြီ ၁၃**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် နတ်တလင်းမြို့နယ် တာပွန်မြို့နယ်မြေရဲစခန်း နယ်ထိန်းခေါင်းဆောင် ဒု-ရဲအုပ်အေးဝင်းနှင့် တပ်ဖွဲ့ဝင်များ၊ သုံးရပ်ကွက်အုပ်ချုပ်ရေးမှူးများမှ ဧပြီ ၁၂ ရက် နံနက် ၇ နာရီခွဲက မဟာသင်္ကြန်ကာလအတွင်း ပြည်သူများယာဉ်မတော်တဆကြောင့် ထိခိုက်နစ်နာမှုမရှိစေရေး၊ ယာဉ်အန္တရာယ်မဖြစ်ပွားစေရေး၊ မှုခင်းများမဖြစ်ပွားစေရေးနှင့် မူးယစ်ဆေးဝါးအန္တရာယ်တို့အား သိရှိလိုက်နာဆောင်ရွက်ကြရန် သတိပေးနှိုးဆော်သော လက်ကမ်းစာစောင်များကို ပြည်သူများ သွားလာရာလမ်းဆုံများနှင့် စည်ပင်သာယာဈေးအတွင်း လိုက်လံဖြန့်ဝေပေးခဲ့ကြသည်။

**ဝ၇၁**



***တောင်ကိုရီးယားတေးဂီတတွေ ဒေသတွင်းမှာသာမက အာရှဒေသကိုပါ စတင်ထိုးဖောက်လာချိန်ကတည်းက နာမည်ကျော်အမျိုးသားတေးဂီတအဖွဲ့ SS501 ရဲ့ အဖွဲ့ဝင်တစ်ဦးအဖြစ်ကျော်ကြားခဲ့ပြီး ပရိသတ်တွေရဲ့အားပေးမှုကို အခိုင်အမာရရှိထားခဲ့တဲ့ ကမ်ဟွန်ဂျွန်းဟာ နောက်ပိုင်း သရုပ်ဆောင်နယ်ပယ်အတွင်း စတင်ခြေချလာခဲ့ချိန်မှာလည်း သူ့ရဲ့ဇာတ်လမ်းတွဲရုပ်ရှင်ဟာ အာရှတစ်ခွင်အထူးကျော်ကြားခဲ့တာကြောင့် အဆိုတော်တစ်ဦးအဖြစ်သာမက သရုပ်ဆောင်တစ်ဦးအဖြစ်ပါ ထိပ်တန်းမှာ ရပ်တည်နေနိုင်ခဲ့ပါတယ်။ ဒါပေမယ့် ပြီးခဲ့တဲ့ နှစ်နှစ်ကျော်သုံးနှစ်တာအတွင်းမှာတော့ ကမ်ဟွန်ဂျွန်းရဲ့ဘဝအလှည့်အပြောင်းဟာ ပေါ်ပေါက်လာခဲ့ပြီး လူမှုရေးပြဿနာတွေဆက်တိုက်ပေါ်ထွက်ခဲ့ကာ ရွှေရောင်အတိတ်တွေကို ဖုံးအုပ်စေမယ့်အရိပ်မည်းတွေ စွန်းထင်းခဲ့ပါတယ်။ ခါးသီးတဲ့ဖြစ်ရပ်တွေက ရှောင်ထွက်ခဲ့ပေမယ့် အကြိမ်ကြိမ်ပြဿနာတွေနဲ့ ထပ်မံရင်ဆိုင်ရချိန်မှာတော့ သူ့ရဲ့အနုပညာခရီးလမ်းဟာ ရှေ့ဆက်ဖို့အခက်အခဲတွေရှိလာနိုင်မယ့်အခြေအနေမျိုးကြုံနေရကာ ဆယ်စုနှစ်နဲ့ချီကာ ကြိုးစားတည်ဆောက်လာခဲ့ရတဲ့ ကြယ်ပွင့်တစ်ဦးရဲ့ဘဝဟာလည်း နှစ်နှစ်ကျော်ကာလအတွင်း ဆက်တိုက်ဆိုသလို အစွန်းအထင်းတွေဗရပွဖြစ်ခဲ့ရတာကြောင့် သူ့ကို တောင်ကိုရီးယားမီဒီယာတစ်ခုဖြစ်တဲ့ ဟန်စင်းနီးမားဒေ့ါကွန်းက ကျရှုံးမှုအတွက် အတောင်ပံမလိုသူရယ်လို့ တင်စားရေးသားခဲ့ပါတယ်။***



### ငယ်ဘဝ

ကမ်ဟွန်ဂျွန်းကို ၁၉၈၆ ခုနှစ် ဇွန် ၆ ရက်မှာ တောင်ကိုရီးယားနိုင်ငံ ဆိုးလ်မှာ မွေးဖွားခဲ့တာဖြစ်ပြီး ငယ်စဉ်ကတည်းက ပညာရေးနဲ့ပတ်သက်ပြီး ထူးချွန်ခဲ့သူလည်းဖြစ်ပါတယ်။ အတန်းထဲမှာ ပထမနဲ့ ဒုတိယနေရာတွေမှာသာ ရပ်တည်ခဲ့ပြီး ထူးချွန်ဆုတွေအနေနဲ့လည်း သင်္ချာ၊ ပန်းချီပညာနဲ့ပတ်သက်တဲ့ ဆုများစွာကို ဆွတ်ခူးနိုင်ခဲ့ပါတယ်။ ကျောင်းမှာ ဂီတပညာနဲ့စတင်သိကျွမ်းခဲ့ကာ ဘေ့စ်ဂစ်တာကို တီးခွင့်ရခဲ့တဲ့အချိန်ကစလို့ ကမ်ဟာ အနုပညာရှင်တစ်ဦးဖြစ်ဖို့ အိပ်မက်တွေ စတင်ပေါ်ပေါက်လာခဲ့ပါတယ်။ ဒ့ါကြောင့် ကမ်ဟာ ငယ်ဘဝကတည်းက အနုပညာရှင်တစ်ဦးဖြစ်လိုတဲ့ ဆန္ဒတွေရှိနေတာဖြစ်တယ်လို့ ဆိုနိုင်ပါတယ်။ နောက်ပိုင်းမှာ ကမ်ဟွန်ဂျွန်းဟာ တေးဂီတနဲ့ပတ်သက်တဲ့ ပညာရပ်တွေကို လေ့လာသင်ယူနိုင်ဖို့အတွက် ကျောင်းမှထွက်ခဲ့ကာ ဂီတာတီးခြင်း၊ သီချင်းဆိုခြင်းစတဲ့ပညာရပ်တွေကို လေ့လာခဲ့ပါတယ်။ မထင်မရှားတေးဂီတအဖွဲ့များစွာမှာ ပါဝင်လှုပ်ရှားခဲ့ဖူးပြီး နောက်ပိုင်းမှာ“SS501”တေးဂီတအဖွဲ့ကိုတည်ထောင်ကာ ခေါင်းဆောင်အဖြစ် ဂီတလှုပ်ရှားမှုတွေကိုစတင်ခဲ့ပါတယ်။ “SS501”အောင်မြင်မှုတွေရလာခဲ့ပြီးတဲ့နောက်မှာတော့ ကမ်ဟွန်ဂျွန်းဟာ အတန်းပညာကို ဆက်လက်သင်ယူခဲ့ကာ ၂၀၀၆ ခုနှစ်မှာ အထက်တန်းအောင်မြင်ခဲ့ပါတယ်။ ၂၀၁၁ ခုနှစ်မှာ ချန်းဝန်းတက္ကသိုလ်မှာ စင်တင်ထုတ်လုပ်မှု၊ စီမံခန့်ခွဲမှုဘာသာရပ်ကို လေ့လာခဲ့ပါတယ်။ ၂၀၁၂ ခုနှစ် ဖေဖော်ဝါရီလအတွင်းမှာတော့ ကွန်ဂျူးဆက်သွယ်ရေးအနုပညာတက္ကသိုလ်မှာ အသုံးချဂီတပညာရပ်ကိုလေ့လာဖို့ စာရင်းပေးသွင်းခဲ့တယ်လို့ သိရပါတယ်။

### အနုပညာခရီးအစ


ဂီတခရီးအစပိုင်းမှာ အဖွဲ့ဝင်ငါးဦးပါဝင်တဲ့ တေးဂီတအဖွဲ့မှာ အငယ်ဆုံးသော အဖွဲ့ဝင်တစ်ဦးအဖြစ် ပါဝင်ဖို့ဖြစ်ပါတယ်။ ပြီးခဲ့တဲ့ ၂၀၀၁ ခုနှစ်နဲ့ ၂၀၀၂ ခုနှစ်အတွင်း မိသားစုစားသောက်ဆိုင်လုပ်ငန်းမှာ စားပွဲထိုးအဖြစ် ဝင်ရောက်လုပ်ကိုင်နေစဉ်မှာ စတင်တည်ထောင်ကာစ ဖျော်ဖြေရေးအေဂျင်စီတစ်ခုရဲ့ ဥက္ကဋ္ဌဖြစ်သူနဲ့ ကမ်ဟာ တွေ့ဆုံမိတ်ဆက်ခွင့်ရခဲ့ပါတယ်။ အဲဒီနောက် လေ့ကျင့်ရေးလုပ်ဆောင်နေစဉ်ကာလအတွင်း သူပါဝင်လှုပ်ရှားနေတဲ့ တေးဂီတအဖွဲ့ကို Hallyu စီမံကိန်းရဲ့ တစ်စိတ်တစ်ပိုင်းအဖြစ် တရုတ်နိုင်ငံမှာ စတင်မိတ်ဆက်ဖို့ စီစဉ်ခဲ့ချိန်မှာတော့ သဘောမတူခဲ့တဲ့အတွက် အေဂျင်စီရဲ့ ကမ်းလှမ်းမှုကို ငြင်းပယ်ခဲ့ကာ တေးဂီတအဖွဲ့ကိုလည်း ဖျက်သိမ်းခဲ့ပါတယ်။ အဲဒီနောက် ကမ်ဟွန်ဂျွန်းဟာ ဒီအက်စ်ပီမီဒီယာနဲ့ အသံသွင်းလုပ်ငန်းတွေ လုပ်ဆောင်ခဲ့ကာ “SS501”ရဲ့ ခေါင်းဆောင်တစ်ဦး ဖြစ်ခွင့်ရလာခဲ့ပါတယ်။

### ထိပ်တန်းတေးသံရှင်တစ်ဦးဘဝ

ကမ်ဟွန်ဂျွန်းဟာ“SS501” ရဲ့ အဖွဲ့ခေါင်းဆောင်အဖြစ် သူ့ရဲ့ ပထမဆုံးသော တေးအယ်လ်ဘမ် “Warning”ကို ပြီးခဲ့တဲ့ ၂၀၀၅ ခုနှစ် ဇွန် ၈ ရက်မှာ စတင်ထုတ်လွှင့်ခဲ့ပြီး တေးအယ်လ်ဘမ်ရဲ့အောင်မြင်မှုနဲ့အတူ နိုင်ငံကျော် အနုပညာရှင်တစ်ဦး ဖြစ်လာခဲ့ပါတယ်။ ပထမဆုံးသော တေးအယ်လ်ဘမ် ထွက်ရှိပြီးတဲ့နောက် ငါးလခန့်အကြာမှာ ဒုတိယမြောက်မီနီတေးအယ်လ်ဘမ်သစ် “Snow Prince”ကိုထွက်ရှိခဲ့တာကြောင့် ၂၀၀၅ ခုနှစ် တစ်နှစ်ထည်းမှာပဲ တေးအယ်လ်ဘမ်နှစ်ခုကို ထုတ်လုပ်နိုင်ခဲ့တာဖြစ်ပါတယ်။ အဲဒီနောက် ဂျပန်ဗားရှင်းနဲ့ တေးအယ်လ်ဘမ် “Kokoro”ကို ထုတ်လုပ်ခဲ့ပြီး နောက်ထပ် တေးအယ်လ်ဘမ်တွေကိုလည်း ဖန်တီးနိုင်ခဲ့ပါတယ်။ ဒီလို ဂျပန်နိုင်ငံမှာ အောင်မြင်မှုရလာခဲ့တဲ့ “SS501” ဟာ ၂၀၀၈ ခုနှစ်မှာ ဂျပန်နိုင်ငံက ချီးမြှင့်တဲ့ Japan Gold Disc ဆုကို ရရှိခဲ့ပြီး အဆိုပါဆုကို ရရှိခဲ့တဲ့ ပထမဆုံးသော တောင်ကိုရီးယားအနုပညာရှင်တွေဖြစ်လာခဲ့ကြပါတယ်။

### အာရှရဲ့အသည်းကျော် သရုပ်ဆောင်ကမ်

ကမ်ဟွန်ဂျွန်းဟာ ၂၀၀၈ ခုနှစ်အတွင်းမှာပဲ “Boys Over Flowers” (F4) ဇာတ်လမ်းတွဲရုပ်ရှင်မှာ ဒုတိယဇာတ်ဆောင်မင်းသားအဖြစ် ပါဝင်ခဲ့ပါတယ်။ ယင်းရုပ်ရှင်မှာ ယွန်းဂျီဟို အဖြစ်ပါဝင်ခဲ့တဲ့ ကမ်ဟွန်ဂျွန်းကို မြန်မာရုပ်ရှင်ချစ်ပရိသတ်တွေကလည်း ဂျီဟိုအဖြစ်သာ ယနေ့တိုင်အမှတ်ရနေကြဆဲဖြစ်ပါတယ်။ ယွန်းဂျီဟိုဇာတ်ကောင်အတွက် ကမ်ဟွန်ဂျွန်းဟာ ၂၀၀၉ ခုနှစ် Seoul International Drama Awards ဆုပေးပွဲမှာ အကောင်းဆုံးသရုပ်ဆောင်ဆုကို သိမ်းပိုက်နိုင်ခဲ့ပြီး (၄၅)ကြိမ်မြောက် Baeksang Arts Awards ဆုပေးပွဲမှာတော့ အကျော်ကြားဆုံးသရုပ်ဆောင်ဆုကို ဆွတ်ခူးနိုင်ခဲ့တာကြောင့် ကမ်အတွက် သရုပ်ဆောင်နယ်ပယ်အတွင်းဆက်လက်ရပ်တည်ဖို့ အခွင့်အရေးတွေရခဲ့ပါတယ်။ ဒ့ါအပြင် “Playful Kiss” ဇာတ်လမ်းတွဲရုပ်ရှင်မှာ အဓိကသရုပ်ဆောင်အဖြစ် ပါဝင်ခွင့်ရခဲ့ပြီး ယင်းရုပ်ရှင်ကို ဒေသတွင်းမှာသာမက တရုတ်နိုင်ငံမှာပါပြသခဲ့ရာ အထူးအောင်မြင်ခဲ့တဲ့အတွက် ဘီဘီစီသတင်းဌာနမှ ကမ်နဲ့ အင်တာဗျူးတစ်ခုပြုလုပ်ခဲ့သည်အထိ အောင်မြင်လာခဲ့ပါတယ်။




တောင်ကိုရီးယားနိုင်ငံရဲ့ လွတ်လပ်ရေးအတွက် ကြိုးပမ်းပုံတစ်စိတ်တစ်ဒေသကို ခြယ်မှုန်းထားတဲ့ “Inspiring Generation”ရုပ်ရှင်မှာ ယခင်ပါဝင်နေကျဇာတ်ဆောင်တွေနဲ့မတူဘဲ ဇာတ်ကြမ်းသရုပ်ဆောင် အက်ရှင်မင်းသားအဖြစ် ပါဝင်ခဲ့တဲ့ ကမ်ဟာ အနုအရွတွေမှာသာသရုပ်ဆောင်နိုင်သူမဟုတ်ဘဲ ခပ်ကြမ်းကြမ်းဇာတ်ရုပ်ကိုလည်း ပိုင်နိုင်စွာသရုပ်ဆောင်နိုင်ကြောင်း ပြသနိုင်ခဲ့ပါတယ်။ တစ်ချိန်တည်းမှာပဲ အာရှဒေသတွင်း နယ်လှည့်ဖျော်ဖြေပွဲတွေ ပြုလုပ်ခဲ့ပြီး ဥရောပအထိပါ ဖျော်ဖြေပွဲတွေ သွားရောက်ကျင်းပခဲ့ပါတယ်။

### အကျပြင်းတဲ့ဘဝတစ်ခုရဲ့အစဖြစ်တဲ့ တရားရင်ဆိုင်ရမှုတွေ

၂၀၁၄ ခုနှစ်ကတော့ ကမ်ရဲ့ ကံကြမ္မာအလှည့်အပြောင်းကို စတင်စေခဲ့တဲ့ နှစ်တစ်နှစ်ဖြစ်ခဲ့ပါတယ်။ အဲဒီနှစ်အတွင်းမှာပဲ မိသားစုအမည် ချိုင်လို့ ထုတ်ဖော်လာတဲ့အမျိုးသမီးတစ်ဦးက သူဟာ ကမ်ဟွန်ဂျွန်းရဲ့ချစ်သူဖြစ်ကြောင်းနဲ့ ကမ်က သူ့ကို ကိုယ်ထိလက်ရောက်စော်ကားမှုတွေပြုခဲ့ကြောင်း ဖွင့်ဟတိုင်ကြားခဲ့တာကြောင့် တရားရင်ဆိုင်ခဲ့ရပါတယ်။ ရဲတွေကလည်း ကမ်ကို စုံစမ်းစစ်ဆေးမှုတွေပြုခဲ့ပြီး ဒဏ်ငွေဝမ်သန်း ၅၀ ပေးဆောင်ဖို့ တရားရုံးက အမိန့်ချမှတ်ခဲ့ပြီးနောက် စုံစမ်းတာတွေလည်း ရပ်ဆိုင်းသွားခဲ့ပါတယ်။ နောက်ပိုင်းမှာလည်း ကမ်ဟာ တရားစွဲဆိုခံရမှုနဲ့ နောက်တစ်ကြိမ်ထပ်မံတွေ့ကြုံခဲ့ရပါတယ်။ ဒီတစ်ကြိမ်မှာတော့ ကမ်ဟွန်ဂျွန်းကို ချိုင်က ကိုယ်ဝန်ရစေခြင်း၊ စော်ကားခဲ့ခြင်းနဲ့ ကိုယ်ဝန်ပျက်ကျစေရန် ခြယ်လှယ်ခဲ့ခြင်းစတဲ့ စွပ်စွဲချက်တွေနဲ့ တရားစွဲခဲ့တာဖြစ်ပြီး ဝမ်သန်း ၁၆၀၀ကို လျော်ကြေးအဖြစ် တောင်းဆိုခဲ့ပါတယ်။ ချိုင်နဲ့ ကမ်ဟွန်ဂျွန်းတို့ဟာ ပထမအကြိမ်တရားရင်ဆိုင်မှုအပြီးမှာ ပြန်လည်လက်တွဲခဲ့တာဖြစ်ပြီး ချိုင်က ကမ်ရဲ့ ရင်သွေးလေးကို လွယ်ခဲ့ရကြောင်း ထုတ်ဖော်ပြောကြားခဲ့ကာ ကလေးရဲ့ ဒီအန်အေကို စစ်ဆေးကြည့်ရာမှာလည်း ကမ်ရဲ့ကလေးဖြစ်ကြောင်း ပေါ်ထွက်ခဲ့တာကြောင့် ကမ်ဟွန်ဂျွန်ရဲ့ ပုံရိပ်အပေါ် အစွန်းအထင်းဖြစ်စေခဲ့ပါတယ်။ ဒ့ါအပြင် အမှုနဲ့ပတ်သက်ပြီး ရုံးချိန်းတစ်ကြိမ်ပြီးတိုင်း ပေါ်ထွက်လာခဲ့တဲ့သတင်းတွေဟာ ကမ်ဟွန်ဂျွန်းအတွက် မကောင်းသတင်းတွေကို ပိုစေခဲ့တာဖြစ်ပါတယ်။

### ဘဝသစ်ကိုရှေ့ဆက်ဖို့ဆုံးဖြတ်ရင်း စစ်မှုထမ်းခဲ့ရတဲ့ဘဝ

ဒုတိယအကြိမ်တရားရင်ဆိုင်နေရစဉ် ကမ်ဟာ စစ်မှုထမ်းခဲ့တာ ဖြစ်ပါတယ်။ စစ်မှုထမ်းကာလအတွင်း တရားရင်ဆိုင်ဖို့အတွက် လာရောက်ခဲ့တာတွေရှိခဲ့တာကြောင့် မီဒီယာစာမျက်နှာပေါ်မှာ ကမ်ကိုတစ်ခါတစ်ရံမြင်တွေ့ခဲ့ရသည်မှအပ ပြဿနာတစ်စုံတစ်ရာထပ်မံပေါ်ထွက်လာခဲ့တာမရှိခဲ့ပါဘူး။ ဒီလိုနဲ့ စစ်မှုထမ်းကာလပြီးဆုံးပြီးနောက် နေအိမ်ပြန်လာတဲ့ကမ်ကို သူ့ရဲ့ ပရိသတ်တွေက လာရောက်ကြိုဆိုခဲ့ကြပြီး ကမ်ကိုကြိုဆိုခဲ့တဲ့ ပရိသတ် ၁၅၀၀ ခန့်ရှိခဲ့ကြောင်းနဲ့ ကမ်ကပရိသတ်တွေနဲ့တွေ့ဆုံစဉ် သူဟာ ဒုတိယအကြိမ်ဘဝသစ်ကို စတင်သွားတော့မှာဖြစ်ကြောင်း ပြောကြားခဲ့ပါတယ်။

### စိန်ခေါ်မှုအသစ်နဲ့ အလိမ်အညာစကားများ

ဒုတိယဘဝကိုစတင်လိုတဲ့ကမ်ဟာ ဘဝသစ်မှာလည်း ကံမကောင်းဘူးလို့ ဆိုရမှာပါပဲ။ ပြီးခဲ့တဲ့ မတ်လအတွင်း အရက်သောက်ပြီး ကားမောင်းခဲ့တဲ့အတွက် ကမ်ရဲ့ ကားမောင်းလိုင်စင်ဆိုင်းငံ့ခံခဲ့ရပါတယ်။ ကားမောင်းလာရင်းက မီးပွိုင့်မှာ မီးစိမ်းတာကိုစောင့်ဆိုင်းရင်း ယာဉ်မောင်းထိုင်ခုံပေါ်မှာပဲ အိပ်ပျော်နေတဲ့ ကမ်ဟွန်ဂျွန်းကို စစ်ဆေးခဲ့ရာ အရက်သောက်ထားတာကို တွေ့ခဲ့ရပါတယ်။ ကမ်ဟွန်ဂျွန်းရဲ့ အေဂျင်စီဖြစ်တဲ့ ကီးအိစ်ထိထ် အန်တာတိန်းမန့်က ကမ်ကိုကာကွယ်ဖို့အတွက် ကမ်ဟာ ကားကိုမောင်းနှင် ခဲ့ခြင်းမရှိကြောင်းနဲ့ ကားကိုနေရာရွှေ့ပေးစဉ် ဒီလိုအဖြစ်အပျက်နဲ့ ကြုံခဲ့ရတာဖြစ်ကြောင်း မီဒီယာတွေကိုပြောကြားခဲ့ပါတယ်။ ဒီတော့မှ ဆင်သေကို ဆိတ်သားရေနဲ့ ဖုံးမရသလို အမှန်တရားတစ်ခုက ဘွင်းဘွင်းကြီးပေါ်ထွက် လာပါတော့တယ်။ ကမ် ကားမောင်းလာတာကို မှတ်တမ်းတင်ထားတဲ့ စီစီတီဗီ ပေါ်ထွက်ခဲ့တာကြောင့် အေဂျင်စီအနေနဲ့ အလိမ်အညာစကားဆိုခဲ့မိတဲ့အတွက် ကမ်ရဲ့ ပုံရိပ်ကို ထပ်မံထိခိုက်စေခဲ့ပြန်ပါတယ်။

ညစ်ပေတဲ့အတိတ်တွေရှိခဲ့ပေမယ့် ကမ်ဟာ လှပတဲ့နှလုံးသားတစ်စုံကို ပိုင်ဆိုင်ထားသူဆိုတာကိုဖော်ပြနေတဲ့ အချက်လည်း ရှိနေပါတယ်။ ကမ်ဟွန်ဂျွန်းဟာ ပရဟိတလုပ်ရတာကို စိတ်ဝင်စားပြီး အလှူအတန်းလည်း ရက်ရောသူဖြစ်ပါတယ်။ ပညာသင်ထောက်ပံ့ကြေးတွေပေးအပ်ခဲ့တဲ့အပြင် အရေးပေါ်လိုအပ်နေသူတွေအတွက် ဝမ်သန်းရာနဲ့ချီကာ လှူဒါန်းခဲ့ပြီး အမည်မဖော်ဘဲလှူဒါန်းခဲ့မှုတွေလည်း ရှိခဲ့ပါတယ်။ လာမယ့် မေ ၂၉ ရက်မှာတော့ ကမ်ဟွန်ဂျွန်းဟာ သူ့ရဲ့ပရိသတ်တွေနဲ့တွေ့ဆုံပွဲကို ကျင်းပဖို့ စီစဉ်ထားခဲ့ပါတယ်။ ပထမအဖြစ်အပျက်မှာ ကြံ့ကြံ့ခံနိုင်ခဲ့တဲ့ ကမ်ဟာ စစ်မှုထမ်းပြီးနောက် တကယ်ပဲပြောင်းလဲဖို့ ဆန္ဒရှိနေသူလား၊ အခက်အခဲတွေကို ရင်ဆိုင်ဖို့ ပိုမိုရင့်ကျက်လာခဲ့ပြီလား၊ အနုပညာလောကအတွင်းဆက်လက်ရပ်တည်ဖို့ အင်အားတွေရှိနေသေးတာလား၊ ပရိသတ်တွေကကော သူ့ကို လက်ခံသေးလားစတဲ့မေးခွန်းတွေများစွာကို လာမယ့်တွေ့ဆုံပွဲက အဆုံးအဖြတ်ပေးသွားမှာဖြစ်ပါတယ်။ ဒါပေမယ့် တောင်ကိုရီးယားမီဒီယာတစ်ခုဖြစ်တဲ့ ဟန်စင်းနီးမားဒေ့ါကွန်းကတော့ အဆိုပါတွေ့ဆုံပွဲဟာ ပျက်သွားနိုင်ဖွယ်ရှိကြောင်း ဝေဖန်ခဲ့ဖူးတာကြောင့် ကမ်ရဲ့အနုပညာခရီးရှေ့ဆက်ဖို့ အရေးကြီးတဲ့ တစ်စိတ်တစ်ပိုင်းဖြစ်နေတဲ့ မေ ၂၉ ရက် တွေ့ဆုံပွဲဖြစ်မြောက်ဖို့ကို စောင့်ဆိုင်းရင်း ပရိသတ်တွေနဲ့အတူ ထပ်တူရင်ခုန်မိနေပါကြောင်း. . . ။

# ကစားသမားများကြားထဲက အနုပညာရှင်

ရှိုင်ယန်ဟေဒင်




ယနေ့မော်ဒန်ဘောလုံးလောကမှာ ဘောလုံးရဲ့ရသဆိုတာလည်း ပြောင်းလဲသွားခဲ့ပြီး ကစားသမားတစ်ဦးရဲ့ အစွမ်းအစဆိုတာ အရှိန်အဟုန်နဲ့ အင်အားတို့သာ ဖြစ်တယ်လို့ ယူဆနေချိန် မိုနာကိုအသင်းရဲ့မော်ကွင်းလယ်ဖန်တီးရှင် ဘာနာဒိုဆေးလ်ဗားဟာ လမ်းကြောင်းတစ်ခုပေါ်မှာ သီခြားရပ်တည်နေတဲ့ ကစားသမားဖြစ်နေပါတယ်။ မိုနာကိုအသင်း ချန်ပီယံလိဂ်ကွာတားဖိုင်နယ်အထိ ရောက်ရှိခဲ့တဲ့ ခရီးလမ်းနဲ့အတူ အရင်ကနာမည်သိပ်မထွက်တဲ့ ကစားသမားတွေဟာ နေ့ခင်းညချင်းဆိုသလို အားလုံးရဲ့အာရုံကို ဖမ်းစားနိုင်တဲ့ ကစားသမားအနေအထားကို ပြောင်းလဲသွားပါပြီ။

လတ်တလောမှာတော့ မက်ပီဟာ အားလုံးရဲ့ နှုတ်ဖျားကြားရေပန်းစားနေတဲ့ ကစားသမားဖြစ်နေပြီး ဘာကာယိုကို၊ လီမာတို့ကိုလည်း ပရီမီယာလိဂ် ထိပ်တန်းအသင်းကြီးတွေက အလိုရှိနေကြကာ ဘယ်နောက်ခံလူ မန်ဒီဟာလည်း လူပြောများတဲ့ ကစားသမားပါ။ ဒီလိုကျော်ကြားနေတဲ့ မိုနာကို ကစားသမားများကြား နောက်ထပ်ပေါ်လွင်ထင်ရှားစွာ ရပ်တည်နေတဲ့ ကစားသမားတစ်ဦးကတော့ ဘာနာဒိုဆေးလ်ဗားဖြစ်ပြီး ဘာဖြစ်လို့ သူဒီလိုအနေအထားရောက်ရှိနေသလဲဆိုတာကို တစ်ချက်လောက်ပြန်ကြည့်ကြရအောင်ပါ။

ပေါ်တူဂီလက်ရွေးစင် ဘာနာဒိုဆေးလ်ဗားဟာ ယခုနှစ်ဘောလုံးရာသီအတွင်း ပြိုင်ပွဲစုံ ၄၃ ပွဲမှာ သွင်းဂိုးရှစ်ဂိုး၊ ဂိုးဖန်တီးမှု ရှစ်ကြိမ်ပြုလုပ်ထားနိုင်ခဲ့သူဖြစ်ကာ ဒီကိန်းဂဏန်း အချက်အလက်တွေက သူ့ရဲ့စွမ်းဆောင်ရည်ကို လုံလောက်အောင် ဖော်ပြပေးနိုင်တဲ့ အကြောင်းတရားတွေတော့ မဟုတ်ပါဘူး။ ဆေးလ်ဗားဟာ ပြီးခဲ့တဲ့နှစ် ပြင်သစ်မြေမှာ ကျင်းပတဲ့ ယူရိုဖလားပြိုင်ပွဲ ဒဏ်ရာပြဿနာကြောင့် ပါဝင်နိုင်ခြင်းမရှိခဲ့တဲ့အတွက် ပေါ်တူဂီအသင်းနဲ့အတူ ယူရိုဖလားကိုင်မြှောက်ခွင့်ပါ ဆုံးရှုံးခဲ့ပါတယ်။

ဒါပေမယ့် ဆေးလ်ဗားရဲ့ ကံဆိုးမှုတွေဟာ ဂျာဒင်ရဲ့ မိုနာကိုအသင်းတောက်ပြောင်လာမှုနဲ့အတူ အဆုံးသတ်သွားခဲ့ရပါတယ်။ ဆေးလ်ဗားနဲ့ အံအဝင်ဆုံးကစားကွက်က ၄-၂-၂-၂ ဖြစ်ပြီး ဖယ်လ်ကာအိုနဲ့ မက်ပီတို့အတွက် ကွင်းလယ်ဖန်တီးရှင်နေရာကနေ အကောင်းဆုံးဝန်းရံ ကစားပေးထားနိုင်သူဖြစ်ပါတယ်။

ဘင်ဖီကာ လူငယ်အကယ်အကယ်ဒမီကျောင်းထွက် ဆေးလ်ဗားဟာ သူပါတဲ့ ပွဲတိုင်းမှာ ပရိသတ်တွေက သူဘာလုပ်ပြဦးမလဲဆိုတာ စောင့်ကြည့်ချင်စရာကောင်းလောက်အောင် ရသဆန်စွာ အနုပညာမြောက် ကစားနိုင်တဲ့သူဖြစ်ပါတယ်။ ဆေးလ်ဗားရဲ့ ကစားဟန်ဟာ ဒီဘက်ခေတ်ကစားသမားတွေထဲမှာ အတော်လေးရှားပါးသွားပြီဖြစ်ပြီး ပီအက်စ်ဂျီကွင်းလယ်လူ ပက်ထရောနဲ့ ရှက်တာဒိုးနက်ခ်တောင်ပံကစားသမား ဆာနာတို့လောက်သာ ဆေးလ်ဗားလို ကစားနိုင်တာ တွေ့ရပါတော့တယ်။ ပေါ်တူဂီကွင်းလယ်ဖန်တီးရှင်ဆေးလ်ဗားဟာ ညက်ညောတဲ့ ကစာဟန်ကို ပိုင်ဆိုင်ထား သူဖြစ်တဲ့အတွက် ကစားသမားများကြား အနုပညာရှင်တစ်ဦးဝင်ရောက်ကစားနေတယ်လို့ ထင်မြင်ချက်ထွက်လာစေတာဖြစ်ပါတယ်။

ဆေးလ်ဗားရဲ့ အခြားကစားသမားများနဲ့မတူ တမူထူးခြားတဲ့ အရည်အသွေး သုံးရပ်က တောက်ပမှု၊ အနုပညာရှင်ဆန်မှုနဲ့ အလှတရားဖန်တီးနိုင်မှု တို့ဖြစ်ပါတယ်။ ပက်ထရောလိုပဲ သူဟာ ပြိုင်ဘက်နဲ့ရင်ဆိုင်တဲ့အခါ ခွန်အားနဲ့ အရှိန်အဟုန်သုံးပြီး ပျားပန်းခတ်လှုပ်ရှားနေတာမျိုးမဟုတ်ဘဲ ပြိုင်ဘက်ဘေးမှာ ဘဲလေးကချေသည်တစ်ဦးလာရောက်ကပြနေသလို ညက်ညက်ညောညော၊ အတို့အထိ၊ ဝှေ့ကာဝိုက်ကာနဲ့ ဘောလုံးလမ်းကြောင်းကို ဖန်တီးပုံဖော်နိုင်သူဖြစ်ပါတယ်။ ဆေးလ်ဗားရဲ့ ယခုလို အောင်မြင်မှု လမ်းကြောင်းအစကို ဆွဲခေါ်ပေးခဲ့သူကတော့ ဆေးလ်ဗားကို မိုနာကိုအသင်းဆီ အရောက်ခေါ်လာခဲ့သူ မိုနာကို ဘောလုံးဒါရိုက်တာဟောင်း ဆောင်ရွက်ခဲ့တဲ့ ကန်ပို့စ်ဖြစ်ပါတယ်။

မိုနာကိုအသင်းဟာ ၂၀၁၄ခုနှစ် နွေဈေးကွက်မှာ ဆေးလ်ဗားကို အငှားနဲ့ ခေါ်ယူခဲ့တဲ့အချိန်မှာ ဘယ်သူကမှ အများကြီးမျှော်လင့်ချက်မထားခဲ့ကြပါဘူး။ သူဟာ အဲဒီအချိန်တုန်းက ကွင်းလယ်အဖျက် ကစားသမားတစ်ဦးအနေနဲ့သာ ကစားခဲ့ရတဲ့အတွက် အဲဒီနှစ်ဘောလုံးရာသီဝက်မှာ ပုံစံကောင်းတစ်ရပ်လည်း မရရှိခဲ့ပါဘူး။ ဒါကြောင့်လည်း မိုနာကိုအသင်းက ဝယ်ယူဖို့ အချိန်အတော်ကြာ လက်တွန့်နေခဲ့ပေမယ့် ၂၀၁၅ခုနှစ်ဇန်နဝါရီဈေးကွက်အတွင်းမှာတော့ ယူရို၁၅ဒသမ၇၅သန်းနဲ့အပြီးသတ်ဝယ်ယူခဲ့ပါတယ်။ နောက်ပိုင်းမှာတော့ သူ့ကို ကွင်းလယ်ဖန်တီးရှင်နေရာကနေ ကစားဖို့ ဂျာဒင်က ရဲရဲဝံ့ဝံ့ဆုံးဖြတ်ခဲ့သလို ဆေးလ်ဗားဟာ ဥရောပအသင်းကြီးများရဲ့ အလိုရှိခံရဆုံး ကစားသမားဖြစ်လာပြီး သူ့တန်ကြေးဟာလည်း ယူရိုသန်း၈၀လောက်တက်လာခဲ့ပါတယ်။

ယခုနှစ်နွေဈေးကွက်မှာတော့ ဘိုင်ယန်ရဲ့ အလိုရှိဆုံးကစားသမားစာရင်းမှာ ရောက်ရှိနေပြီး သူ့ရဲ့ နာမည်ဂုဏ်သတင်းကျော်စောဖို့အတွက် နောက်ထပ်ခြေလှမ်းတစ်ရပ်အဖြစ် ဘိုင်ယန်ကို ပြောင်းရွှေ့ဖို့ စဉ်းစားနေတယ်လို့လည်း သိရပါတယ်။ ဘိုင်ယန်ဘက်က ဆေးလ်ဗားကို ခေါ်ယူမယ်ဆိုတဲ့ သတင်းကို အတည်မပြုခဲ့ပေမယ့် ဒီလို အနုပညာဆန်တဲ့ ဘောလုံးသမားတစ်ဦးကို လက်မှတ်ထိုးခေါ်ယူနိုင်ဖို့ ဥရောပအသင်းကြီးတွေက ခြေချင်းလိမ်အောင် ချိတ်ဆက်နေတယ်ဆိုတာပါပဲ။ ကဲ ဒီတော့ အနုပညာဆန်တဲ့ ကစားဟန်ပိုင်ရှင် ဘာနာဒိုဆေးလ်ဗား ဘယ်ရောက်မလဲဆိုတာ စောင့်ကြည့်ရင်းနဲ့. . .॥ ॥

## ပင်နယ်တီပေးဖို့ ဒိုင်ဖြစ်သူက ခန့်မှန်းလုပ်ဆောင်ခဲ့တာဖြစ်ကြောင်း ခရိတ်ရှိတ်စပီးယားစွပ်စွဲ





လက်စတာနည်းပြ ခရိတ်ရှိတ်စပီးယားက အက်သလက်တီကို အသင်းဘက်သို့ ပေးခဲ့ရသော ပင်နယ်တီပြစ်ဒဏ်မှာဒိုင်ဖြစ်သူ ခန့်မှန်းလုပ်ဆောင်ခဲ့တာဖြစ်ကြောင်း စွပ်စွဲပြောကြားလိုက်သည်။ လက်စတာအသင်းမှာ အက်သလက်တီကို အသင်းဘက်ကို ပွဲချိန် ၂၈ မိနစ်တွင် ပင်နယ်တီခွင့်ရပြီး ယင်းပြစ်ဒဏ်ဘောကို ဂရစ်ဇ်မန်းက ဂိုးအဖြစ်ပြောင်းလဲကာ တစ်လုံးတည်းသော သွင်းဂိုးဖြင့်ပင် လက်စတာ ရှုံးနိမ့်ခဲ့ရသည်။

ဂျိုးနက်စ်အဲရစ်ဆင်က အက်စလက်တိုက်စစ်မှူး ဂရစ်ဇ်မန်းကို ပြစ်ဒဏ်ကျူးလွန်ခဲ့သဖြင့် ဒိုင်ဖြစ် သူက အက်သလက်တီကို အသင်းကို ပင်နယ်တီခွင့်ပြုပေးခဲ့သည်။ တကယ်တမ်းတွင် အဆိုပါ ပြစ်ဒဏ်မှာပင်နယ်တီဧရိယာပြင်ပတွင်သာ ကျူးလွန်ခဲ့ခြင်းဖြစ်သဖြင့် လက်စတာအသင်းနစ်နာခဲ့ရသည်။ ရှိတ်စပီးယားက ဒိုင်ရဲ့ ဆုံးဖြတ်ချက်မှာ အလွန်စိတ်ပျက်စရာဖြစ်ပြီး ပင်နယ်တီဧရိယာပြင်ပတွင် ကျူးလွန်သော ပြစ်ဒဏ်ဖြစ်သဖြင့် အလွတ်တည်ကန်ဘောသာ ပေးရမည်ဖြစ်ကြောင်း ဆိုခဲ့သည်။

လက်စတာဂိုးသမားကပ်စ်ပါရှမိုက်ကယ်ကလည်း ဒိုင်ရဲ့ ဆုံးဖြတ်ချက်မှာ မှားယွင်းခဲ့တဲ့အတွက် မိမိတို့အသင်းများစွာ နစ်နာခဲ့ရကြောင်း တုံ့ပြန်ခဲ့သည်။ သို့သော် လက်စတာအသင်းမှာ အက်သလက်တီကိုအသင်းကို အဝေးကွင်းတွင် တစ်ဂိုး-ဂိုးမရှိဖြင့်သာ အရေးနိမ့်ခဲ့သဖြင့် အကြိုဗိုလ်လုပွဲတက်ရောက်ခွင့် မျှော်လင့်နိုင်ဆဲပင်ဖြစ်သည်။ လက်စတာအသင်းက ၁၆သင်း ရှုံးထွက်ပွဲစဉ်ကလည်း ဆီဗီလာအသင်းကို အဝေးကွင်းတွင် နှစ်ဂိုး-တစ်ဂိုးဖြင့် အရေးနိမ့်ခဲ့သော်လည်း ဒုတိယအကျော့တွင် ပြန်လည်အနိုင်ယူကာ ကွာတားအဆင့်သို့ တက်ရောက်လာခဲ့ခြင်းဖြစ်သည်။

**မေလှဲ့သင်း**

## အိုးထရက်ဖို့ဒ်သို့ပြန်လာဦးမယ့် ရှဝိန်းစတိုင်ဂါ

ချီကာဂိုဖိုင်းယားအသင်းကို ပြောင်းရွှေ့သွားတဲ့ မန်ယူကွင်းလယ် လူဟောင်း ရှဝိန်းစတိုင်ဂါဟာ မန်ယူအသင်းဖော်တွေကို နှုတ်ဆက်ဖို့အတွက် မန်ယူအသင်းရဲ့ အိုးထရက်ဖို့ဒ်ကွင်းသို့ တကျော့ပြန်လာဦးမယ်လို့ သိရသည်။ အသက်(၃၂)နှစ်အရွယ် ရှဝိန်းစတိုင်ဂါနဲ့ ချီကာဂိုဖိုင်းယား အသင်းတို့ကြား လျင်လျင်မြန်မြန် သဘောတူညီချက်ရရှိသွားခဲ့တဲ့အတွက် အသင်းဖော်တွေကို နှုတ်ဆက်ဖို့ ပျက်ကွက်ခဲ့တာကြောင့် ယခုလိုပြန်လာဖို့ စီစဉ်ခဲ့တာဖြစ်သည်။ အမေရိကားကို သွားဖို့ သူ စီစဉ်နေတဲ့အချိန်မှာ မန်ယူအသင်းကလည်း မစ်ဒယ်ဘရော့အသင်းနဲ့ ကစားရမယ့် ပွဲအတွက် ပြင်ဆင်နေတာကြောင့် သီးသန့်နှုတ်ဆက်ခဲ့မှု မပြုနိုင်ခဲ့ခြင်းဖြစ်သည်။ ယခုအခါ အမေရိကန်မေဂျာလိဂ်ပွဲစဉ် ရေးဆွဲထားမှု အနေအထားအရ သူ့အနေနဲ့ အားလပ်ရက်ရရှိမှာဖြစ်တဲ့အတွက် အိုးထရက်ဖို့ဒ်တစ်ကျော့ပြန်ခရီးကို စတင်တော့မှာဖြစ်သည်။ **မေလှဲ့သင်း**

## ရီးယဲလ်နဲ့ ချိတ်ဆက်နေတဲ့ ဒီဂီယာကို မော်ရင်ဟိုသတိပေးလိုက်ပြီ

မန်ယူဂိုးသမား ဒီဂီယာက လတ်တလောတွင် တင်ပါးဒဏ်ရာရရှိ နေသည်ဆိုသော်လည်း တကယ်တမ်းတွင် ရီးယဲလ်အသင်းနဲ့ ချိတ်ဆက်မှုများပိုမိုအရှိန်မြှင့်လုပ်ဆောင်နေသဖြင့် မန်ယူအသင်းနည်းပြမော်ရင်ဟိုက သတိပေးစကားပြောကြားခဲ့ရသည်။ ဒီဂီယာမှာ ဝက်စ်ဘရွန်းနဲ့ အဲဗာတန်အသင်းတို့ကို ရင်ဆိုင်တဲ့ ပွဲစဉ်များတွင် အမှားကျူးလွန်ခဲ့သေးပြီး ဆန်းဒါးလန်းနဲ့ပွဲစဉ်တွင် ဒဏ်ရာပြဿနာကြောင့် ပါဝင်နိုင်ခြင်းမရှိခဲ့ပေ။ သို့သော်မော်ရင်ဟိုက အပြောင်းအရွှေ့ကိစ္စရပ်များအပေါ် သူ့အနေနဲ့ စိတ်ဝင်စားမှုမရှိသလို ထင်မြင်ချက်လည်း ပေးမှာမဟုတ်ကြောင်း ဆိုခဲ့သော်လည်း "အခုဆို ပွဲစဉ်တိုင်းပွဲစဉ်တိုင်း အရေးကြီးနေပြီး ဒါဟာ နောင်လာမယ့် ဘောလုံးရာသီအတွက် မဖြစ်မနေ နိုင်ပွဲရှာရမယ့် အခြေအနေဖြစ်ပါတယ်။ ကစားသမားတွေဆိုတာ သူတို့ပိုကောင်းမယ်ထင်တဲ့ နေရာကို ပြောင်းရွှေ့ပေမယ့် ကိုယ်အခု လုပ်ဆောင်နေတဲ့ အလုပ်အပေါ် ပိုအာရုံစိုက်သင့်ပါတယ်" ဟု ပြောကြားခဲ့သည်။ **မေလှဲ့သင်း**

# ခေတ်အဆက်ဆက် စာဆိုတို့ချစ်သော ခါသင်္ကြန်

**မြန်ဝင်းဆောင်**

လူမျိုးတိုင်းတွင် နှစ်ဟောင်းကုန်၍ နှစ်သစ်ကိုင်ငံ့လင့်ကြိုဆိုကြသည်။ အဟောင်း အဟောင်းတို့သည် ချုပ်ငြိမ်းကွယ်ပျောက် အသစ်အသစ်တို့က အစားထိုးနေရာယူစမြဲ။

သင်္ကြန်ဟူသောစကားသည် ပါဠိဘာသာ 'သင်္ကန္တ'၊ သက္ကတဘာသာ 'သင်္ကြန္တ' မှ ဆင်းသက်လာသောစကားဖြစ်၍ 'ကူးပြောင်းခြင်း' ဟူ၍အနက်ရသည်။ နှစ်ဟောင်းမှ နှစ်သစ်သို့ ကူးပြောင်းခြင်းသဘောကို 'သင်္ကြန်' ဟူသောစကားက ဖော်ညွှန်းသည်။

'နှစ်သစ်ကူးတဲ့တန်ခူးအခါမှာ၊ ဒါနကတဝေဝေ၊ ရေတွေကတရွှဲရွှဲ၊ ပျော်ပွဲကတဝင့်ဝင့်၊ အရွယ်သင့်အရွယ်ငယ်၊ မြန်မာတွေ ထယ်ကြတော့' ဟူ၍ စာဆိုဆရာဇော်ဂျီက 'တစ်ခုသောသင်္ကြန်ခါ' ကို ရေးဖွဲ့သည်။ နှစ်ဟောင်းမှအညစ်အကြေးများကို ဆေးကြောသန့်စင်စေသည်။

ဝန်းကျင်၌ ပန်းပိတောက်တွေက ကြိုင်ကြိုင်သင်းနေပြီ။ နှစ်ဟောင်းကုန်ပျောက်၍ နှစ်သစ်သို့ရောက်တော့မည်ဆိုသည့် လက္ခဏာကို ပြသသည်။ နှစ်ဟောင်းမှ အကုသိုလ်အညစ်အကြေးကို ကြည်လင်အေးမြသော 'ခါသင်္ကြန်ရေ' ဖြင့် ဆေးကြောသန့်စင်စေသည်။ နှစ်သစ်ကို လူသစ်၊ စိတ်သစ်၊ မနောသစ်တို့ဖြင့် သီလဘာဝနာပွားများစေသည်။

'လတန်ခူးပေမို့၊ အလှထူးပါဘိ၊ မြမြဖူးရယ်တဲ့ ခိုင်ရွှေညာ၊ တကယ်တမ်းသာဖြင့်၊ ဘယ်ပန်းသော် စံမမီဘု၊ နန္ဒမူဖန်ဂူထိပ်မှာလ၊ ပစ္စေကာချွေးတော်သိပ်ရတယ်၊ အေးရိပ်ဆာယာ'

'တစ်နှစ်တွင်သည်တစ်လ၊ တစ်လတွင်တစ်ရက်တည်း၊ ခက်ခဲတဲ့ရက် ဗုဒ္ဓါ၊ ပွင့်ရှာကြစုံမြိုင်တွင်း၊ မြူမင်းလွှန်ထန်၊ ကြူသင်းတာချိန်ယံမှာတော့၊ ရွှေဝတ်ဆံငုံတံညှောက်ကယ်နှင့်၊ ခါသင်္ကြန်၊ ဂိမှာန်ရောက်ပြန်တော့၊ သိန်သရေ ထိန်ဝေတောက်တဲ့ပြင်၊ လမ်းတစ်လျှောက်သင်းတာမို့၊ ဆန်းသလောက်မလင်းနိုင်ဘု၊ ပန်းပိတောက်မင်း'

**စာဆိုဦးကြော့**

ခါသင်္ကြန်ရောက်တိုင်း၊ ပန်းပိတောက်ကိုမြင်ရတိုင်း စာဆိုဦးကြော့ကို ပြေး၍သတိရမိသည်။ သူ့ကဗျာတေးသံကို နှုတ်ထက်ရွရွ ရွတ်ဆိုမိသည်။ ကြက်သီးများထလောက်အောင် ပီတိဖြာမိသည်။ ခါသင်္ကြန်အလှကို စာဆိုတို့က စာဖွဲ့ပြရအောင် ခါသင်္ကြန်ဝန်းကျင်၊ ခါသင်္ကြန်အလှက စွဲတသသဖြစ်ကြရသည်။

'မြတ်သင်္ကြန်ခေါ် ၊ စံပွဲတော်မို့၊ ကံ့ကော်မှုန်နံ့စုံ အသန့်မှာ၊ ထုံပျံ့ဝတ်ရွှေ၊ ညက်ပစေလို့၊ သရေငယ်ဆောင်သည်၊ ရွှေရောင်ပိတောက်ကယ်က၊ မင်းမူလေ့။'

**ဘိုးသူတော်-ဦးမင်း**

'တန်ခူးမိဿ၊ စိတြလနှင့် ယှဉ်ပြိုင်ထွန်း၊ ရင်ခတ်ကံ့ကော်၊ ထုံသင်းဖော်၊ ပွဲတော်အတာဆန်း'



**ကင်းဝန်မင်းကြီး**

'နွေခါမိုးငယ်၊ ရာသီမိဿ၊ ဂိမှာန်မို့၊ စိတြကြယ်၊ တိမ်မိုးလယ်မှာ၊ စံပယ်ကွန့်ကာ၊ တိမ်ဗွေချာဝယ်၊ ဒေသတစ်လှမ်း၊ လှည့်လည်မြန်းလို့၊ နှစ်ဆန်းငယ်သင်္ကြန်၊ သစ်သစ်သာဖန်တော့တယ်'

**မဟာအတုလမင်းကြီး**

'ကံ့ကော်ရင်ခတ်၊ ပင်တိုင်းပွင့်လျက်၊ ပွင့်ဝတ်ဝေဝေ၊ တောင်လေသုတ်ဖြူး၊ လတန်ခူးမို့၊ မြူးထူးပျော်ရွှင်၊ တာသဘင်ဝယ်၊ ဆင်ယင်တုပ၊ ရရရွှတည့်'

**စာဆို-ဦးအောင်ကြီး**

'အသွင်မြတ်ပါဘိ၊ ရင်ခတ်ကယ်၊ ရွှေမာလာတို့ ဗွေချာမှာ ရနံ့သင်းပါလို့၊ ဟေမဝါစုံမြိုင်တွင်းမှာ၊ ဆင်းဖန်ဖန်ဝါ၊ နွေဂိမှာန် မိဿစန်းဟာမို့ ဝေထိန်လျှံ စိတြဆန်းပြန်တော့၊ နနလလ်းမေယုဗွေအာကာ၊ တာရာကရောင်စုံမြူး၊ နှစ်သင်္ကြန်ကူးခတ်ဆော်စီမံ၍၊ လျှာဒါန်ညောင်ရေပန်းတွေနဲ့၊ ရေဖျန်းကိုစီခံကြ'

**စာဆို-ဦးကြော့**

မဟာသင်္ကြန်ဝယ် မြန်မာတို့သည် ယဉ်ကျေးသိမ်မွေ့စွာဖြင့် ရေကစားကြသည်။ သပြေခက်ဖြင့် ရေပက်သည်။ မေတ္တာစေတနာပြည့်ဝစွာဖြင့် တစ်ဦးကတစ်ဦးကို မေတ္တာပို့ ဆုတောင်းပေးကြသည်။ 'ဒါနကတဝေဝေ၊ ရေတွေကတရွှဲရွှဲ' ရေပက်ဖျန်းကစားရင်းက အလှူဒါနပြုကြသည်။ သက်ကြီးရွယ်အိုတို့ကို ရေချိုးသန့်စင်ပေးသည်။ ခေါင်းလျှော်ရေချိုးပေးသည်။ သက်ကြီးပူဇော်သည်။ အပြစ်ဟူသမျှကို ဝန်ချတောင်းပန်သည့် မြန်မာတို့၏ မြန်မာမှုကိုပြသသည်။

'ဆယ်နှစ်လီ ဒွါဒရမှာ၊ ခါမိဿရာသီ၊ ယင်းအစဦးချီသည်၊ လတွင်မည်တန်ခူး၊ စိတြကြယ်ပြောင်ငယ်၊ ညဥ့်သန်းခေါင်ကျခါမှမြူး၊ နေ့နှင့်ညနာရီမှာ၊ သုံးဆယ့်ဆီမကျူး၊ နှစ်လုံးညီတစ်ပါဒကူးလို့၊ နှစ်သစ်ဦးတစ်ခါ၊ ပန်းကံ့ကော်ရွှေရင်ခတ်ကယ်တို့၊ ဖူးပွင့်ချပ်စီလို့သာဖြာ၊ တည့်သုံးဖဝါး ရိပ်ဆာယာမှာ၊ တူမကွာ မောင်မယ်နဲ့လို့၊ မြတ်သည့်ပွဲသင်္ကြန်တော်၊ တီးခြိမ့်ခြိမ့်ကြော်၊ ထီးကမ္ဗရိပ်ပျော်ဝယ်၊ ခေါင်းလျှော်တော်မူထင့်လေး'

**စလေဦးပုည**

အတာသင်္ကြန်သည် မြန်မာ့ပြက္ခဒိန်လတွင် ပထမလဖြစ်သည်။ တန်ခူးလကို ပုဂံခေတ်ကျောက်စာတွင် 'တန်ခူးလ' ဟူ၍ ရေးထိုးသည်။ 'တန်'မှာ ပါဠိဘာသာ 'တာလ'မှလာ၍ 'ထန်း'ဟု အနက်ရသည်။ ထန်းသီးများဆွတ်ခူးသောလ၊ ထန်းခူးလကိုဆိုလိုသည်။ အင်းဝခေတ်သို့ရောက်သောအခါ တန်ခူးလဟူ၍ ဝိသဇ္ဇနီထည့်ရေးသားသည်။

တောင်ငူခေတ်၊ ညောင်ရမ်းခေတ်သို့ရောက်သောအခါ တန်ခူးလဟု ရေးမှတ်ကြပြီး နောက်ပိုင်းခေတ်များတွင် တန်ခူး၊ တာကူး ဟူ၍ ရောနှောရေးသားကြသည်။

အင်းဝခေတ် မင်းဇေယျရန္တမိတ်၏ ပရစ်ဖြာစီ ရတုတွင် -

'တန်ခူးရာသီတိုင်ခဲ့ပြီ၊ ဆန်းထူးဝါနီလှိုင်ခဲ့ပြီ၊ သွန်းဖြူးဖြာစီ အိုင်ခဲ့ပြီ' ဟူ၍ စပ်ဆိုခဲ့သည်။

ခါသင်္ကြန်ပွဲတော်ရက်များတွင် မြန်မာ့ရိုးရာအရ ရေကစားခဲ့ကြသည်မှာ ပုဂံခေတ် နရပတေ့မင်းလက်ထက် ရေကစားဟန်ကို ဝေါဟာရလီနတ္ထဒီပနီကျမ်းတွင် မှတ်သားရသည်။

'သင်္ကြန်မှာလုံးတဲ့အလုံး၊ ဘာလုံးရယ်တဲ့ခေါ်ကြတယ်၊ မုန့်လုံးရယ်လို့ ခေါ်ကြတယ်' ဆိုသောတေးကို ဟစ်ကြွေး၍ တပျော်တပါး မုန့်လုံးရေပေါ်ကျွေးကြသည်။ အိုးစည်ပုံမောင်း အကအခုန်များဖြင့် ဇီဝိတဒါနနွားလွှတ်ပွဲ၊ ငါးလွှတ်ပွဲများ ကျင်းပကြသည်။ နှစ်သစ်တွင် မင်္ဂလာယူပြီး ဒုလ္လဘရဟန်းခံကြသည်။ စေတီ၊ ပုထိုး၊ ရုပ်ပွားများကို ရေသပ္ပာယ်ကြသည်။ ဘုရားကျောင်းကန်၌ ဥပုသ်စောင့်ကြသည်။ စတုဒိသာကျွေးကြသည်။ အလှူဒါနပြုကြသည်။ ပေးကမ်းစွန့်ကြဲတတ်သော မြန်မာတို့၏ ချစ်စရာဓလေ့ပင်။

သမားရိုးကျ ချစ်စဖွယ်မြန်မာတို့၏ ဓလေ့ကို အနောက်တိုင်းယဉ်ကျေးမှုက ဝါးမျိုခံရသည်။ ရိုးရိုးကလေးနှင့်ယဉ်သော မြန်မာတို့၏ သိမ်မွေ့သော အပြုအမူကြားဝယ် ကြမ်းတမ်းခက်ထန်သော၊ ရိုင်းပျသော ပြုမူချက်များက နေရာယူလာသည်။

ရေပိုက်လုံးများ၊ ရေထုပ်များဖြင့် ကြမ်းတမ်းစွာရေကစားကြသည်။ အမွေးနံ့သာသပြေခက်ဖြင့် ရေကစားသော မြန်မာတို့၏ ဘဝသရုပ်မှန်ကို ယနေ့လူငယ်မောင်မယ်တို့က ဆက်လက်စောင့်ထိန်းကြရမည်။ ရိုးရာမပျက်၊ အရိုးကို အရွက်မဖုံးရလေအောင် မြန်မာမှုကို ဖော်ကျူးကြရမည်။ တိုင်းပြည်နှင့်လူမျိုးဂုဏ်ကို ဆောင်ရပေမည်။ ဆူပူရမ်းကားခြင်း၊ ခိုက်ရန်ဖြစ်ပွားခြင်း၊ သရုပ်ပျက်ခြင်း၊ ဝတ်စားဆင်ယင်မှု လော်လီခြင်းတို့ကို ဖယ်ရှားပြီး မြန်မာတို့၏ စိတ်နေသဘောထားမှန်၊ မြန်မာတို့၏ဟန်ကို စောင့်သိရပေမည်။ နှစ်သစ်ကို ဖြူစင်သန့်ရှင်းသော လူသစ်၊ စိတ်သစ်၊ မနောသစ်တို့ဖြင့် လောကကို အလှခြယ်ရပေမည်။

လူငယ်တိုင်း၏နှလုံးသားဝယ် အဖြူရောင်လွှလွှ နှလုံးသားကို အရောင်မဆိုးခံရအောင် ထိန်းသိမ်းရင်းက လူငယ်တို့ဘဝသရုပ်မှန်ကို သည်နှစ်ခါသင်္ကြန်၌ ဖော်ကျူးနိုင်ရပေမည်။ နွေသရုပ်ကို အကျည်းမတန်စေဘဲ လူငယ်တို့၏ လုပ်အားအလှ၊ စိတ်မနောအလှဖြင့်၊ အမိနိုင်ငံတော်ကို ပကတိ ခေတ်မီနိုင်ငံတော်ကြီးအဖြစ် ကျရာအခန်းကဏ္ဍမှ ပါဝင်ကြမည်ဖြစ်ကြောင်းကို သည်နှစ်ခါသင်္ကြန်ဝယ် ဆုမွန်ကောင်းများဖြင့် ဆန္ဒပြုကြရပေမည်။

## သင်္ကြန်ကာလအတွင်း ယာဉ်အန္တရာယ်ကင်းရှင်းရေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေး

**ကျောင်းကုန်း ဧပြီ ၁၃**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ကျောင်းကုန်းမြို့တွင် သင်္ကြန်တွင်းကာလ ယာဉ်အန္တရာယ်ကင်းရှင်းစေရေးအတွက် ပညာပေးခြင်း၊ လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းကို ဧပြီ ၁၁ ရက် နံနက် ၈ နာရီက ကျောင်းကုန်းမြို့ (Toll Gate)၌ ဆောင်ရွက်ခဲ့သည်။

အဆိုပါအဖွဲ့တွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ စည်ပင်သာယာရေးဦးစီးဌာန၊ မီးသတ်ဦးစီးဌာနနှင့် မော်တော်ယာဉ်ကြီးကြပ်ရေးအဖွဲ့မှ ဆိုင်ကယ်မောင်းနှင်သူများအား ဆိုင်ကယ်စီးလျှင် ဦးထုပ်ဆောင်းဖို့လိုကြောင်း၊ ကုန်ပစ္စည်းများ အဆမတန်တင်ဆောင်၍ မောင်းနှင်ခြင်း မပြုကြရန်လိုကြောင်း ပညာပေးဟောပြောခဲ့ပြီး ယာဉ်အန္တရာယ်ကင်းရှင်းစေရေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။ **ဝင်းကြိုင်(ပြန်/ဆက်)**

## သဖန်းဆိပ်ဆည်တွင်သင်္ကြန်ကာလ ရေကစားအပန်းဖြေသူများအန္တရာယ်ကင်းရေးဆောင်ရွက်ထား

**ကျွန်းလှ ဧပြီ ၁၃**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင် ကျွန်းလှမြို့နယ် သဖန်းဆိပ်ဆည်တွင် ရေကစားသူများ၊ လာရောက်အပန်းဖြေကြသူများ အန္တရာယ်ကင်းစေရေးအတွက် ဆောင်ရွက်ထားကြောင်း သိရသည်။

သဖန်းဆိပ်ဆည်သို့ သင်္ကြန်ကာလတွင် နှစ်စဉ်အနယ်နယ်အရပ်ရပ်မှ ရေကစားသူများ၊ အပန်းဖြေကြသူများဖြင့် စည်ကားကြောင်း၊ လာရောက်ဖွင့်လှစ်သည့်ဈေးဆိုင်များအား မူးယစ်ဆေးဝါးနှင့် အရက်သေစာမရောင်းချရန် ကြိုတင်တားမြစ်ထားကြောင်း၊ ဆည်အတွင်းရေချိုးသူများ အန္တရာယ်ကင်းရေးအတွက် ရေဇရိယာသတ်မှတ်ပေးပြီး အရေးပေါ်ကယ်ဆယ်ရေးဆောင်ရွက်ရန် စက်လှေများစီစဉ်ထားကြောင်း တာဝန်ရှိသူတစ်ဦးထံမှ သိရသည်။

သင်္ကြန်ကာလ သဖန်းဆိပ်ဆည်တွင် မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးသန်းလွင်၏ လမ်းညွှန်မှုဖြင့် ရဲတပ်ဖွဲ့၊ ဌာနဆိုင်ရာများ၊ ကျေးရွာအုပ်ချုပ်ရေးမှူးများက လုံခြုံရေးဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**မျိုးဝင်းညို(ကျွန်းလှ)**



# သင်္ကြန်အတွေးတစ်စ

သရက်တန်းစိုးရွှေ(စိတ်ပညာ)

သင်္ကြန်ဆိုသည့်ရက်တွေကို လူတိုင်းစိတ်ဝင်စားသလို လူတိုင်းအမျိုးမျိုးအသုံးချဖို့ ကြိုတင်စီစဉ်နေကြမြဲပင်ဖြစ်သည်။ ရုန်းကန်မှုအထွေထွေအကြား တစ်နယ်တစ်ကျေး ခွဲခွာခြင်းများနှင့် ကြုံသမျှ သင်္ကြန်ရက်အတွင်းတွင် ဆုံကြပေသည်။ မိသားစုဆုံသည့် ကောင်းမြတ်သောရက်များအဖြစ် အသုံးချတတ်ကြပေသည်။ မိသားစုကန်တော့ခြင်း၊ ကောင်းမှုပြုခြင်းများဖြင့် လှပသော

> သင်္ကြန်အတွေးတစ်စကို တွေးရင်း ခြေဖဝါးတွင် ဆော့ပင် အပြာဖြင့် မှတ်ချက်အရေးမခံရရေး သတိဉာဏ်ကလေး များဖြင့် သင်္ကြန်ကို . . .

သင်္ကြန်အဖြစ်အသုံးချဖို့ ပြင်ဆင်နေကြမြဲပင်ဖြစ်သည်။

**ပျော်ရွှင်ခြင်းများလွှမ်းမိုး**

လူငယ်များအတွက်တော့ သင်္ကြန်ဆိုသော ရက်များတွင် ပျော်ရွှင်ခြင်းများစွာလွှမ်းမိုးရင်း ပျော်ခြင်းများနှင့် မိတ်ဖွဲ့ဖို့ ပြင်ဆင်မြဲပင်ဖြစ်သည်။ မည်သည့်မဏ္ဍပ်က မည်သည့်အဆိုတော်ဆိုသည့် အသံများကို နားစွင့်ရင်း သင်္ကြန်တွင်းအတွက် ခေတ်မီမီ အဝတ်အစားကလေးများကို ဝယ်ထားပြီးဖြစ်နေပေသည်။တစ်နှစ်လုံး တောင့်တလာခဲ့သော သင်္ကြန်အတွက် ပျော်ပါးရေးအမြဲတွေးရင်းသင်္ကြန်ရသကို မျှော်လင့်နေပေသည်။

လူကြီး၊ လူငယ်၊ လူလတ်နှင့် ကလေးများ အလေးထားကြသည့် သင်္ကြန်မှာ အသုံးချမှုပေါ်မူတည်ကာ အမျိုးမျိုးပြောင်းလဲသွားတတ်မြဲပင်ဖြစ်သည်။ သင်္ကြန်ပြီးဆုံးသောကာလတွင် အမျိုးမျိုးကြားနေရသည့် သတင်းများမှာ နှစ်စဉ်စိတ်မကောင်းစရာများနှင့် ကြုံနေသည်လည်း တွေ့မြင်နေရမြဲပင်ဖြစ်သည်။ အပျော်လွန်ကဲကာ နောက်ပြောင်ခြင်းများကြောင့် ခိုက်ရန်ဖြစ်မှုများလည်း ကြုံတွေ့နေမြဲပင်ဖြစ်သည်။ ပြည်သူ့ဆေးရုံကြီးတွင် အလောင်းရွေးချယ်သည့် မြင်ကွင်းများအရ ခြေထောက်တွင်ဆော့ပင်ဖြင့် ရေးသားထားသည့်မှတ်ချက်မြင်ကွင်းကလေးများမှာ ဝမ်းနည်းဖွယ် ပင်ဖြစ်သည်။ ဝါနေသော ခြေဖဝါးတွင် ပြာနေသော မှတ်ချက်ကလေးများက ရေနစ်သေဟုလည်းပါသလို အခြားမှတ်ချက်များလည်းပါနေမြဲပင်ဖြစ်သည်။

**သင်္ကြန်ရသ စုံလင်လှ**

အတူတူ သွားကြရင်း လူကွဲကျန်ခဲ့ကာ ရေနစ် သေဆုံးသည့်အတွက် တစ်ရွာတည်းသားချင်း စိတ်ဝမ်းကွဲကာ တစ်သက်လုံး အမုန်းများနှင့် နေထိုင်သွားကြသည်ကိုလည်းဝမ်းနည်းဖွယ်မြင်တွေ့နေရပေသည်။ သင်္ကြန်ရက်အတွင်း ထိခိုက်ခြင်းအမျိုးမျိုးကြောင့် ဆွေမျိုးသားချင်းများ၊ သား၊ သမီးများဆုံးရှုံးရဖူးသူများကမူ သင်္ကြန်ဆိုသည့် အသံကို ကြောက်နေကြမြဲပင်ဖြစ်သည်။ ရှေးအစဉ်အဆက်ကျင်းပလာခဲ့သည့် သင်္ကြန်ရသမှာ စုံလင်လှပေသည်။ ထိုရသများအတွက် ဖန်တီးသည့် ဒါရိုက်တာမှာကိုယ်သာဖြစ်ပြီး သရုပ်ဆောင်သူမှာလည်း ကိုယ်တိုင်သာပင်ဖြစ်ပေသည်။

တချို့သောသူများကတော့ သင်္ကြန်ကာလတွင် ဒုလ္လဘရဟန်းခံကာ ကောင်းမှုပြုရင်း ရသည့်ရက်လေးတွင် တရားအားထုတ်တတ်ကြပေသည်။ သားသမီးဆွေမျိုးသားချင်းမောင်နှမများ သက်နံးဝတ်ခြင်းကို အကြောင်းပြုကာ လှူဒါန်းသူများ ဆွမ်းလောင်းသူများ မုန့်ကပ်သူများဖြင့် ကုသိုလ်လုပ်ငန်းတစ်ခုပွားစီးသွားကာ စိတ်ချမ်းသာခြင်းများစွာဖြစ်ပေါ်သွားပေသည်။ ကုသိုလ်တစ်ခုအခြေပြုကာ မိဘများစိတ်ချမ်းသာကြသည်။ ဆွေမျိုးများစိတ်ချမ်းသာကြသည်။ မောင်နှမများစိတ်ချမ်းသာကြသည်။ ဘုန်းတော်ကြီးကျောင်းရောက်သူတိုင်းက လေးစားစွာ အလေးထားရင်း တည်ငြိမ်ခြင်း၊ တည်ကြည်ခြင်းများနှင့် လှပသည့် သင်္ကြန်ဖြစ်သွားတတ်ပေသည်။

အချို့သောသူများကတော့ သင်္ကြန်ကိုအကြောင်းပြုကာ မူးယစ်ရမ်းကားမှုတို့ပြုနေကြပေသည်။ ပတ်ဝန်းကျင်ကို ဆူညံစေပြီး စိတ်မချမ်းသာခြင်းတို့ ပေးနေတတ်ပေသည်။ သည်းမခံနိုင်ခြင်းများကြောင့် ရိုက်ခြင်း၊ ထုခြင်းများဖြင့် ဒဏ်ရာကိုယ်စီ အမှုအခင်းကိုယ်စီနှင့် သင်္ကြန်ကို အကျည်းတန်အောင်ဆောင်ရွက်တတ်ကြပေသည်။ သင်္ကြန်မစခင်ကပင် အရက်ဘယ်နှစ်ဖာ ဆိုသည်ကိုဂုဏ်ယူရင်း၊ သောက်ခြင်း၊ မှောက်ခြင်း၊ ရန်ဖြစ်ခြင်းများဖြင့် အချိန်ကုန်သွားကြပေသည်။ ထိုသူကို အကြောင်းပြုကာ ပတ်ဝန်းကျင်တစ်ခွင်တွင်မူ စိတ်ညစ်စရာများစွာတို့ဖြစ်သွားမြဲပင်ဖြစ်သည်။

**အပျော်အပါး**

ပျော်ခြင်းများကို ပြုလုပ်ပြီးသည့်နောက်တွင် တဖြည်းဖြည်း ပါးသွားသည့်အတွက် အပျော်အပါးဟုပင်ခေါ်လေသလားဟုပင် အတွေးတစ်စဝင်လိုက်မိပေသည်။ ပျော်ခြင်းတို့၏ နောက်တွင်ငွေကုန်၊ ရေကုန်ကာ ပင်ပန်းမှုများဖြင့် နွမ်းသွားတတ်ပေသည်။ ပျော်ခြင်း၏ နောက်တွင် ပျက်ခြင်းများပါ ကြုံတွေ့သွားတတ်ပေသည်။ အပျော်တွေ ပါးပါးသွားသည့် ဒုက္ခိတအဖြစ် တစ်သက်လုံးနေထိုင်သွားကြရသည်လည်းရှိနေပေသည်။ နောက်မှ ဆွေးမျိုးသားချင်းများက ပြည်သူ့ဆေးရုံကြီး ရင်ခွဲရုံသို့ စိုးထိတ်စွာ အလောင်းရှာရသည်များလည်း ကြုံတွေ့သွားနိုင်ပေသည်။

**သတိဉာဏ်ဖြင့် သင်္ကြန်ကိုဖြတ်သန်း**

သင်္ကြန်တော့ ရောက်ပါချေပြီ။ မည်သို့ ဖြတ်သန်းကြမည်နည်း။ ကောင်းမှုများဖြင့် ဖြတ်သန်းမည်လား။ မကောင်းမှုများဖြင့် ဖြတ်သန်းမည်လား။ ကျေးဇူးသိတတ်မှုဖြင့် ဖြတ်သန်းမည်လား၊ ရိုင်းစိုင်းမှုများဖြင့် ဖြတ်သန်းမည်လား။ ပတ်ဝန်းကျင်ကို အလင်းပေးမည်လား။ ပတ်ဝန်းကျင်ကို အတင်းသောကပေးမည်လား။ သောက်စားခြင်းဖြင့် မှောက်မှားခြင်းဆီသွားမည်လား။ ကုသိုလ်စိတ်ဖြင့် တည်ငြိမ်စွာနေထိုင်ပါမည်လား။ မိဘဆွေမျိုးသားချင်းများက မိမိကိုစိုးထိတ်စွာရှာစေမည်လား။ မိမိအတွက် မိမိဆွေမျိုးသားချင်းများ သောကရောက်စေမည်လား။ အရာများစွာ ခံစားမှုများစွာအတွက် ဖန်တီးနိုင်သူဟာ ကိုယ်တိုင်ပင်ဖြစ်နေပေသည်။ သို့အတွက် သင်္ကြန်အတွေးတစ်စကို တွေးရင်း ခြေဖဝါးတွင် ဆော့ပင် အပြာဖြင့် မှတ်ချက်အရေးမခံရရေး သတိဉာဏ်ကလေးများဖြင့် သင်္ကြန်ကို ဖြတ်သန်းစေချင်လှပါပေသည်။

# ကိုယ့်တိုင်းပြည်ကိုချစ်

ယုဝတီခင်ဦး

"ကြီးကြီးမေရေ. . လူတစ်ယောက်ကျန်းမာသန်စွမ်းအောင် ဘယ်လိုစားသောက်နေထိုင်ရမလဲ။(Short to the point) အတိုချုံးလိုရာရောက်ပြီး နားလည်အောင် ပြောပြစမ်းပါနော်"။တူမလေးနွယ်နီသည် ခေါင်းလျှော်ပြီးစ နက်မှောင်သန်စွမ်းသောဆံပင်ကို ဖားလျားချ၍ ကိုယ်လုံးနွဲ့နှောင်း၊ ပါးဖောင်းဖောင်းတွင် သနပ်ခါးအဖွေးသားနှင့် အမွှေးနံ့စုံစွာဖြင့် နံနက်ခင်းတွင်ရောက်လာသည်။

"အတိုချုပ်ပြောရမယ်ဆိုရင်တော့ လူတစ်ယောက်က အာဟာရပြည့်ဝအောင် ထမင်းနဲ့ဟင်းကို မျှတအောင်စားရမှာပေါ့. . ."

"ဟင်. . . ကြီးကြီးမေကလည်း အဲ့ဒီလိုပြောတာမဟုတ်ဘူးလေ။ ထမင်းမှာ ဘာဓာတ်တွေပါတယ်၊ ဟင်းကို ဘယ်လိုအသီးအရွက် အသားငါးနဲ့စားရင် အားရှိမလဲဆိုတာတွေပေါ့" ဟု မျက်စောင်းကလေးခဲပြီး မျက်တောင်ကော့ကော့ကို တဖျပ်ဖျပ်ခတ်၍ပြောတော့မှ ကျွန်မသိရဲ့သားနှင့် စလိုက်သည့်အတွက် ပြန်ချော့မော့၍ ထမင်းဟင်းအကြောင်း သိကောင်းစရာများကို ပြန်ပြောခဲ့ပါသည်။

"နွယ်နီရေ. . . ထမင်းဆိုတာ ဆန်ကဖြစ်တာလေ၊ ရှေးတုန်းကဆိုရင် ရှေးလူကြီးလယ်သမားကြီးတွေကို စပါးကိုဆန်ဖြစ်အောင် ဆန်ထောင်းရတယ် တူမရဲ့။ အဲဒီဆန်ကို မောင်းထောင်းဆန်လို့ခေါ်တယ်။ အဲဒီဆန်က ထောင်းရတဲ့ဆန်ဖြစ်တဲ့အတွက် စပါးခွံတွေ ကွာသွားပေမယ့် ဆန်ကမဖြူဘူးလေ။ ဆန်အမြေးမှာပါဝင်တဲ့ ဗီတာမင်ဓာတ်ခေါ်တဲ့ ဘီဝမ်းဓာတ်တို့ သက်စောင့်ဓာတ်တို့ ပရိုတင်းဓာတ်ပါဝင်တဲ့ ကြီးထွားဓာတ်၊ Starch ခေါ်တဲ့ အင်အားဓာတ်တို့ ဆန်လုံးတွေထဲမှာ ကျန်ခဲ့တယ်။ အဲဒီဆန်ကို လုံးတီးဆန်လို့လည်းခေါ်တယ်။ ဆန်လုံးညိုလို့လည်းခေါ်တယ်"

"ဒါဖြင့် ထမင်းချက်တဲ့အခါ ထမင်းရည်သွန်ပစ်တော့ အဲဒီဓာတ်တွေ ထွက်ပါသွားတော့မှာပေါ့ ကြီးကြီးမေ"

"ဟုတ်တယ်လေ နွယ်နီ သာလွန်မင်းတရားကြီးတိုင်းခန်းလှည့်တဲ့အခါမှာ ဆင်းရဲသားအမျိုးသမီးတစ်ဦး ထမင်းချက်ပြီး ထမင်းရည်တွေ အိုးထဲကငှဲ့ကာ သွန်ချနေတာတွေ့မြင်တော့ ဘုရင်ကြီးက ဒီထမင်းရည်တွေထဲမှာ အာဟာရဓာတ်တွေပါသွားကုန်ပြီ။ အဲ့ဒီ ထမင်းရည်တွေကို ကိုယ့်ကလေးတွေ အိမ်မွေးတိရစ္ဆာန်တွေ တိုက်ပါကျွေးပါလားလို့ အပြစ်တင်ဆုံးမတော်မူခဲ့တယ်"

နွယ်နီသည် စားပွဲပေါ်တင်ထားသော မာလကာသီးလေးကို လှမ်းယူပြီး တမြုံ့မြုံ့ဝါးရင်းခေါင်းညိတ်နေသည်။ "ဆန်ထဲမှာ အသက်ကိုစောင့်တဲ့ ဘီဝမ်းဓာတ်တို့ ဗီတာမင်ဓာတ်တွေ၊ လူကိုကြီးထွားစေတဲ့ ပရိုတင်းဓာတ်တွေ၊ အင်အားရှိစေတဲ့ ဂလူးကို့(စ်)ဓာတ်တွေ အနည်းအများပါဝင်နေတယ်။ ဒါကြောင့် ငါးပိရည်ထဲက ပရိုတင်းဓာတ်နဲ့ ကန်စွန်းရွက်ပြုတ်ထဲက ဗီတာမင်သက်စောင့်ဓာတ်၊ ဆန်လုံးတီးကရတဲ့ အင်အားဓာတ်တွေရပြီးတော့ ကန်စွန်းရွက်မှာလည်း သံဓာတ်တွေပါသေးတော့ ရှေးလူကြီးသူမ၊ လယ်သမားတွေက အရပ်လည်းမြင့် ထွားထွားကြိုင်းကြိုင်းနဲ့ အားလည်းရှိ အသက်လည်း ရှည်ကြတယ်လေ"

"အာဟာရဖြစ်အောင်စားတာတော့ ဟုတ်ပါပြီ ကြီးကြီးမေ၊ ကိုယ်လက်လှုပ်ရှားအားကစားမပါဝင်ဘဲနဲ့ရော ကျန်းမာနိုင်ပ့ါမလား။" နွယ်နီသည် မာလကာသီးတစ်လုံးကို အားရပါးရစားကာ ကုန်သွားပြီး ရေတစ်ခွက်ထပ်သောက်ရင်း မေးပြန်သည်။

"ဟုတ်တာပေါ့၊ မှန်တယ်လေ။ လယ်သမားကြီးတွေက နွားနဲ့ထွန်တိုက်၊ စပါးစိုက်၊ စပါးရိတ်၊ လယ်သူမကြီးတွေက ကောက်စိုက်၊ ပျိုးနုတ်၊ ဆန်ထောင်း၊ ဆန်ဖွတ်၊ ကလေးတွေက နွားကျောင်း၊ လှည်းမောင်းနဲ့ကိုယ်လက်လှုပ်ရှားနေကြတော့ ကျန်းမာရေးက ကောင်းခဲ့တာပေါ့"

"အခုခေတ်ကျတော့ရော ကြီးကြီးမေ"

"အခုခေတ်ကျတော့ . . ."ကျွန်မသည် နည်းနည်းစဉ်းစားလိုက်ပါသည်။ "အားလုံးက အဆင်သင့်ကြီးပဲလေ၊ ကိုယ်က သတိ၊ ဝီရိယနှင့်ဂရုစိုက်ပြီး ကြိုးစားရမှာက အစားအစာကို အာဟာရဖြစ်အောင်စား။ ကိုယ်လက်လှုပ်ရှားအားကစားလုပ်၊ ကျန်းမာသန့်ရှင်းအောင် တစ်ကိုယ်ရေသန့်ရှင်းအောင်၊ ပတ်ဝန်းကျင် သန့်ရှင်းအောင်နေ၊ တယ်လီဖုန်းတွေလည်း အကြာကြီးမပွတ်နဲ့၊ ကိုယ့်တိုင်းပြည်ကိုချစ်"

> သာလွန်မင်းတရားကြီး တိုင်းခန်းလှည့်တဲ့အခါမှာ ဆင်းရဲသားအမျိုးသမီး တစ်ဦး ထမင်းချက်ပြီး ထမင်းရည်တွေ အိုးထဲက ငှဲ့ကာ သွန်ချနေတာ တွေ့မြင်တော့ . . .



# သွားရောက်ဖူးမြော် ဆုတောင်းပြည့် မိုင်းလင်း – လန့်တောင်းဘုရားဗုဒ္ဓရုပ်ပွားတော်

ဝေယံလင်း

လွန်ခဲ့သောနှစ်ပေါင်း (၂၀၀) ကျော်ခန့်က ရှမ်းပြည်နယ် (အရှေ့ပိုင်း) ကျိုင်းတုံမြို့ မြောက်ဘက်ရှိ မိုင်းကာ၊ မိုင်းပေါက် အရပ်ဒေသမှ ပြောင်းရွှေ့လာသော ရှမ်းတိုင်းရင်းသား ဗုဒ္ဓဘာသာဝင် (အိမ်ခြေ ၁၀ အိမ်ကျော်ခန့်သည်) မိုင်းလင်းနှင့် မိုင်းပါလျိုးအကြားရှိ ပန်ပေါက်ကျေးရွာတွင်နေထိုင်ခဲ့ကြသည်။ ထိုသူတို့သည် တောင်ယာအလုပ်ဖြင့် လုပ်ကိုင်စားသောက်သူများဖြစ်သည်။ တစ်နေ့တွင် ထိုရွာသား လေး၊ ငါးယောက်ခန့်သည် တောင်ယာခုတ်ရန် ကုန်းတစ်ခုပေါ်သို့တက်သွားရာ ကုန်းပေါ်၌ (လော့ပစ်) ပေါက်ပန်းအမည်ရှိ ပန်းပင်တစ်ပင်၏ အမြစ်ကြားတွင် ဘုရားရုပ်ပွားတော် ခပ်စောင်းစောင်း (လဲလျောင်းလျက်) တစ်ဆူကို တွေ့မြင်ခဲ့ကြသည်။ ဘုရားရုပ်ပွားတော်အား ကြိုးစား၍ မထူကြသော်လည်း မရနိုင်ကြပေ။ ထို့ကြောင့် မိမိတို့ရွာသို့ပြန်၍ ရွာသူ၊ ရွာသားများနှင့် ဆွေးနွေးတိုင်ပင်ကြလေသည်။

### ဘုရားအား ရာဇမတ်ကာရန်

နောက်တစ်နေ့တွင် ပန်ပေါ့ (ပန်ပေါက်)ရွာသူ၊ ရွာသားများသည် ဘုရားသို့သွားရာ လမ်းတစ်လျှောက်တွင် ပန်းဆီမီး၊ ပေါက်ပေါက်များ၊ တံခွန်ကုက္ကားများ၊ ကြာပင်နှင့် ငှက်ပျောပင်များ စိုက်ထူပြီး ဘုရားအားရာဇမတ်ကာရန်ထားခဲ့သည်။ ပြီးနောက် အိုးစည် ဗုံမောင်းတီး၍ ဘုရားမထူပွဲ ကျင်းပကြသည်။ ရွာသားအချို့မှာ ဘုရားအားမထူကြ၍ အချို့မှာဒေဝါနတ်သိကြားများနှင့် တောစောင့်နတ်များအား လာရောက်ကူညီမစကြရန် တိုင်တည်ကြကြောင်းသိရသည်။ ထိုစဉ်မိုးကြီးသည် သည်းထန်စွာရွာသွန်းသဖြင့် နမ့်မွေချောင်းရေတက်လာသည်မှာ ဘုရားကိန်းဝပ်သည့် တောင်ခြေသို့တိုင်အောင်ဖြစ်သည်။ ရွာသူရွာသားများလည်း ဘုရားပွဲတော်ကို မိုးစဲသည့်တိုင်အောင် ကျင်းပဆဲဖြစ်သည်။ နံနက် အရုဏ်တက် ကြက်သုံးကြိမ်တွန်သည့်အခါ ရွာသူ သုံး၊ လေးယောက်ခန့်သည် ဘုရားဆွမ်းတော်ချက်ရန် နမ့်မွေချောင်း ရေဆိပ်သို့ ဆင်းသွားစဉ်အချိန် နမ့်မွေချောင်း တစ်ဘက်ကမ်းမှ ဘုရားကိန်းဝပ်တော်မူသည့် တောင်ကုန်းဘက်ကမ်းသို့ ကူးလာသည့် ကိုရင်လေး(သာမဏေ) တစ်ပါးအား တွေ့မြင်ကြလေသည်။

### တန်ခိုးဗျာဒိတ်တော် ကွန့်မြူး

ထိုရွာသူများမှ ကိုရင် ရေကြီးနေသည် ရေစီးနှင့် မျောပါသွားလိမ့်မည်ဟုအော်သော်လည်း ကိုရင်လေး (သာမဏေ)မှာ နားမထောင်ဘဲ ရေမျက်နှာပြင်ပေါ်မှ အမြန်လမ်းလျှောက်ကူးလာပြီး ဘုရားကိန်းဝပ်တော်မူရာ တောင်ကုန်းပေါ်သို့ တက်သွားကြောင်းသိရသည်။ ထိုရွာသူများမှာ အံ့ဩမဆုံးဖြစ်ပြီး ရေခပ်၍ ပြန်လာကြစဉ် ကိုရင်(သာမဏေ)လေးသည် တောင်ဘုရားကုန်းပေါ်မှ ပြန်ဆင်းလာကြောင်း၊ ထိုကိုရင် (သာမဏေ)လေးသည် ရေခပ်လာသော ရွာသူများအား ပြုံးပြပြီး နမ့်မွေချောင်း တစ်ဘက်ကမ်းသို့ကူးသွားပြီး ပျောက်ကွယ်သွားကြောင်း၊ ရေခပ်ပြန်လာသူများ ဘုရားကိန်းဝပ်တော်မူရာ သစ်ပင်သို့ ရောက်သောအခါ ရှင်တော်မြတ်ဘုရားသည် သစ်ပင်အောက်တွင် ထိုင်လျက် အရိယာပုတ်တန်ခိုးဗျာဒိတ်တော် ကွန့်မြူးလျက်ရှိနေသည်ကို ဖူးမြော်လိုက်ရကြောင်း ယင်းရွာသူများက ပြန်လည်ပြောပြကြသည်။

အဆိုပါ ရွာသူ၊ ရွာသားများမှာ မောပန်းနေ၍ တဲအတွင်းအိပ်ပျော်နေကြသဖြင့် ဘုရားအား အရိယာပုတ်ပြင်ပေးသူကို မမြင်လိုက်ကြပါ။ ရေခပ်သွားသူများက ကိုရင်လေးတစ်ပါး တောင်ကုန်းပေါ်သို့တက်သွားပြီး မကြာမီ ပြန်ဆင်းလာကြောင်းပြောသဖြင့် ကိုရင်လေးမှာ ရှေးဟောင်းဗုဒ္ဓရုပ်ပွားတော်အား မားမတ်စွာ ပြင်ပေးသွားမည်ဖြစ်ကြောင်း ပြောပြသည်။ ထိုအခါ ရွာသူ၊ ရွာသားအားလုံး ဝမ်းမြောက်ဝမ်းသာစွာဖြင့် ဘုရားပွဲတော်ကို ဆက်လက်ကျင်းပပြီး သစ်၊ ဝါး၊ သက်ငယ်များရှာဖွေ၍ ဘုရားတန်ဆောင်းဆောက်လုပ် လှူဒါန်းခဲ့ကြသည်မှာ အချိန်ကာလကြာမြင့်ခဲ့ပြီဖြစ်သည်။

### အုတ်စိမ်းဖြင့်ဆောက်လုပ်

ထိုဗုဒ္ဓရုပ်ပွားတော်သည် ယခု မိုင်းလင်း(အရှေ့) ကျေးရွာအုပ်စု၊ လန့်တောင်းကျေးရွာတွင် ကိန်းဝပ်စံပယ်တော်မူနေသည့် ဆုတောင်းပြည့် လန့်တောင်းဘုရားကြီးပင်ဖြစ်ပေသည်။ စော်ဘွားကြီးစပ် အင်းတဝမ်းနှင့် ညီတော်စပ်စင်ဟာတို့ လက်ထက်တွင် တန်ဆောင်းတော်ကြီးကို အုတ်စိမ်းဖြင့် ဆောက်လုပ်လှူဒါန်းခဲ့ကြောင်း သိရသည်။ ကျောင်းဆောင်ကြီးမှာ ဟောင်းနွမ်းအိုမင်းလာသဖြင့် ဂေါပကအဖွဲ့များဖြစ်သည့် ဦးလုံးဆန်အိဝ်း၊ ဦးယာရှင်း၊ ဦးယီရှန်နှင့် ဦးရှန်ယောင်းဝ်တို့အဖွဲ့က တန်ဆောင်းသစ်ကို ဦးဆောင် ဆောက်လုပ်လှူဒါန်းခဲ့လေသည်။ ၎င်းနောက် ဂေါပက ဦးယာရှန်မှ အလှူငွေကျပ် ၃၀၀၀ မတည်၍ ငွေပဒေသာပင်ကို ကောဇာသက္ကရာဇ် ၁၃၃၃ ခု ပြာသိုလပြည့်နေ့တွင် စိုက်ထူပေးခဲ့လေသည်။ ထိုနောက် ရပ်နီးရပ်ဝေးမှ ရှမ်း၊ အာခါတိုင်းရင်းသားအလှူရှင်များ၊ ကျိုင်းတုံမြို့မှ ဒါယကာ၊ ဒါယိကာမများ စုပေါင်း၍ ကျောင်းဆောင်သစ်ကို ဆောက်လုပ်ပြီး ကောဇာသက္ကရာဇ် ၁၃၃၈ ခု တန်ဆောင်မုန်းလပြည့်နေ့တွင် ရေစက်ချလှူဒါန်းပွဲ ကျင်းပခဲ့ကြောင်း မှတ်တမ်းများအရ သိရသည်။

### ဖျက်ဆီးခဲ့သော်လည်းမပျက်

ဆုတောင်းပြည့် လန့်တောင်းဘုရားကြီး၏ ထူးခြားဖြစ်စဉ်များမှာ (၁) စစ်ဖြစ်နေစဉ် ကာလအတွင်း ရွာသူ၊ ရွာသားများသည် ဘုရားကြီး၏ တန်ဆောင်းတော်အတွင်း ဝင်ရောက်ခိုလှုံခဲ့ရာ စစ်ဘေးအန္တရာယ်မှ ကင်းလွတ်ခဲ့ခြင်း၊ (၂) လူဆိုး၊ သူခိုးများမှ ရုပ်ပွားတော်၏ မုနိတော် ခိုးယူသွားခဲ့သော်လည်း မကြာမီ ကာလအတွင်း ပြန်လည်ပို့ဆောင်ပေးခဲ့ခြင်း၊ (၃) ၂၄-၃-၂၀၁၁ ရက်နေ့တွင် မြေလျှင်လှုပ်ခဲ့ရာ ရုပ်ပွားတော်နှင့် ရွာသူ၊ ရွာသားများ ငလျင်ဘေးအန္တရာယ်မှ လွတ်ကင်းခဲ့သည်။ ထို့ကြောင့် လူဆိုး၊လူမိုက်ဖျက်ဆီးသော်လည်း မပျက်၊ မကောင်းဆိုးရွားများ ဖျက်ဆီးခဲ့သော်လည်းမပျက်၊ သဘာဝဘေးအန္တရာယ်မှ ဖျက်ဆီးခဲ့သော်လည်း မပျက်သည့် ဗုဒ္ဓရုပ်ပွားတော်ဖြစ်ကြောင်း ဒေသခံတိုင်းရင်းသားများနှင့် ခရီးသွားပြည်သူများ ယနေ့တိုင် ကိုးကွယ်ယုံကြည်လျက်ရှိကြသည်။

### ဗုဒ္ဓဘာသာဝင်တိုင်း သက်ဝင်ယုံကြည်

အဆိုပါ မိုင်းလင်း၊ လန့်တောင်းရှေးဟောင်းဗုဒ္ဓရုပ်ပွားတော်အား သွားရောက်ဖူးမြော်လိုပါက ရှမ်းပြည်နယ် (အရှေ့ပိုင်း)တာချီလိတ်မြို့နယ်၊ တာလေမြို့မှ ခုနစ်မိုင်ခန့်အကွာ၊ တာလေ-ပါလျိုး-ကျိုင်းလပ်လမ်းပေါ်ရှိ မိုင်းလင်းကျေးရွာအုပ်စု၊ လန့်တောင်းကျေးရွာတွင် ကိန်းဝပ်စံပယ်တော်မူလျက်ရှိရာ ဖူးမြော်ကြည်ညိုနိုင်မည်ဖြစ်ပြီး ဗုဒ္ဓဘာသာဝင်တိုင်း သက်ဝင်ယုံကြည်စွာ ကိုးကွယ်လျက်ရှိသည့် ရုပ်ပွားတော်တစ်ဆူဖြစ်ပါကြောင်း ထပ်ဆင့် ပြန်လည်ရေးသား ပူဇော်လိုက်ရပါသည်။

**မှီငြမ်း–**
**မိုင်းလင်းလန့်တောင်းဘုရားသမိုင်းစာစောင်**


“ထိုရွာသူများမှ ကိုရင် ရေကြီးနေသည် ရေစီးနှင့် မျောပါသွားလိမ့်မည်ဟု အော်သော်လည်း ကိုရင်လေးမှာ နားမထောင်ဘဲ . . .”

# “ဆရာက ဆရာလား . . . လူနာက ဆရာလား”

ကြည်လွင်မြင့်(မုဒြာ)

“သည်အချိန်ရောက်လာရင် ကျွန်တော့် ‘ရောဂါ’ ဖောက်ဖောက်လာတယ်လို့ ပြောရမလားမသိဘူးဆရာ။ ဒါပေမယ့် ရောဂါက ရောက်လာတာတော့ မဟုတ်ပါဘူး။ ကျွန်တော်က ဖိတ်ခေါ်လိုက်တာပါ။ ဟုတ်တယ်လေ။ ကျွန်တော် မနေနိုင်ဘူး၊ ဒန်ပေါက်စားတယ်။ စားသမျှ သိပ်ကြိုက်တဲ့ကြက်အသည်းအမြစ်နဲ့ကို “တဝ”စားတာ။ ဆရာတို့က ဝမ်းတွင်းသားကလီစာစားရင် ဒီ“ဂေါက်” ရောဂါပြန်ထမယ် ပြောထားသားပဲ။ ကျွန်တော်ကလည်း တစ်နှစ်လုံးရှောင်ခဲ့တာပဲ။ အဲဒီအချိန်ရောက်လာရင်တော့ မရတော့ဘူးဆရာရေ”။

သူသည် ဂေါက်(Gout) ခေါ် အဆစ်ရောင်ရောဂါကို ဆယ်နှစ်ကျော် ခံစားလာခဲ့ရသူတစ်ဦး ဖြစ်ပါသည်။ ကျွန်တော်တို့ဆေးခန်းတစ်ခန်းလုံးက သူ့ကို ဦးလေးကြီးပဲ ခေါ်ကြသည်။ သူသည် ထောင်ထောင်မောင်းမောင်း၊ လူကောင်ထွားထွား အရပ်ရှည်ရှည်နှင့် စကားကို အော်ကြီးဟစ်ကျယ်ပြောလေ့ရှိသော လူကြီးဖြစ်သည်။ သူသည် သဘောအလွန်ကောင်းပြီး လူချစ်လူခင်များသူဖြစ်သည်။




**ဘယ်လိုလူကြီးပါလိမ့်**

သူသည် ဘာသာရေးကိုင်းရှိုင်းသူတစ်ဦးဖြစ်သဖြင့် ဥပုသ်နေ့ရောက်တိုင်း ဥပုသ်စောင့်သည်။ ဥပုသ်သည်တို့ထုံးစံအတိုင်း မွန်းတည့် ၁၂ နာရီကျော်လျှင် ရေနှင့်အချိုရည်မှလွဲ၍ အစာမစားရပါ။ သူသည် ဥပုသ်အပျက်မခံ။ နေ့လွဲညစာမစား။ စိတ်ရှည်ရှည်ဖြင့် ဥပုသ်စောင့်နိုင်သူတစ်ဦး ဖြစ်သည်။ အဲ ဥပုသ်မှထွက်ပြီဆိုလျှင်တော့ သူအကြိုက်ဆုံးအစာများကို စားပါတော့သည်။ ဒန်ပေါက်ဆိုင်ထဲဝင်ထိုင်လိုက်သည်နှင့် ရင်အုပ်နှင့်တစ်ပွဲ၊ ကလီစာနှင့်တစ်ပွဲ၊ တစ်ခါတည်းနှင့် နှစ်ပွဲမှာသည်။ ဆိုင်စားပွဲထိုးက နောက်ထပ်တစ်ယောက်ပါသေးလားဟု ကြည့်သည်။ မပါပါ။ သူတစ်ယောက်တည်းအတွက် နှစ်ပွဲမှာခြင်းဖြစ်သည်။ ဤမျှစားနိုင်သည်။ တစ်ရက်လည်းမဟုတ်။ သုံးလေးငါးရက် ဆက်စားသည်။ အဲသည့်နောက်မှာတော့ တိခနဲဖြတ်လိုက်သည်။ မစားတော့။ ဒန်ပေါက်ဆိုင်က ကလေးများပင် သူ့ကို ဘယ်လိုလူကြီးပါလိမ့်ဟူသောအကြည့်ဖြင့် ကြည့်နေကြသည်။

ဤကဲ့သို့စားပြီးလျှင် သူ့ဂေါက်ကြီးက ထပါတော့သည်။ ဖြစ်ခါစကိုလည်း သူကဆေးခန်းမလာ။ သူ့ဘာသာ ဆေးလိမ်းသည်။ သို့မဟုတ် ရေခဲအိတ်ကပ်သည်။

**ဆရာတို့အားကိုးနဲ့**

“ပထမတော့ ဒူးမှာနာတာဆရာ။ ပူလည်း ပူတယ်။ ဒဏ်ကြေဆေးတွေလည်း လိမ်းတယ်။ မရဘူး။ ပူနာကြီးကနေ ရောင်လာတယ်။ အဲဒါနဲ့ ကျုပ်လည်း ရေခဲအိတ်ကပ်လိုက်တာ တစ်ခါတည်းပျောက်သွားပြီးတော့ အခု ခြေမျက်စိနဲ့ ခြေမအထိဆင်းရောင်တော့တာပါပဲ။ ဒူးဆိုတော့ တော်သေးတယ်ဆရာရေ့။ အခု ခြေကျင်းဝတ်ဆိုတော့ သိပ်ဆိုးတာပဲ။ ကားလည်းမမောင်းနိုင်တော့ဘူး။ လီဗာမနင်းနိုင်တော့ဘူးလေ။ လမ်းလျှောက်တော့လည်း ကျုပ်ခန္ဓာကိုယ်ကြီးကို မသယ်နိုင်တော့ဘူး။ ဒါပေမယ့် ကျုပ်သိတယ်။ ဆရာတို့ဆေးစည်းလိုက်ရင် ပျောက်သွားမှာ။ ပျောက်နေကျပဲ။ ဒါကြောင့်လည်း ဆရာတို့အားကိုးနဲ့ ကျုပ်ကြိုက်တာကို စားပစ်လိုက်တာ”

သူသည် ခြေထောက်နာနေသဖြင့် ခန္ဓာကိုယ်ကြီးကို ဆေးခန်းခုတင်ပေါ်သို့ ရောက်အောင် မနည်းတက်ရသည်။

**ဂေါက်နာ၏ သဘာဝ**

ကျွန်တော်တို့တိုင်းရင်းဆေးတွင် ဂေါက်နာကို ပထမ ဆေးပူစည်းသည်။ ပူ၍ရောင်နေသောနေရာမှ အခိုးများပွင့်ပြီး အပြင်ထွက်လာစေရန်အတွက် အပူအပူချင်း ချေသောနည်းဖြစ်သည်။ သည်အချိန်မျိုးတွင် ရေခဲအိတ်တင်လျှင် အပူငုပ်သွားပြီး ထွက်လမ်းမရှိလျှင် အခြားတစ်နေရာသို့ ရွှေ့သွားပြီး ရောင်တတ်သည်မှာ ဂေါက်နာ၏ သဘာဝဖြစ်သည်။

အရောင်အပေါ်ကြည့်ပြီး ပထမတစ်ရက် သို့မဟုတ် နှစ်ရက် အပူစည်းပြီးမှ ဆေးအေးပြောင်းစည်းသည်။ ထိုအခါ ကျုံ့ပြီး အရောင်ကျသွားတတ်သည်။ ဂေါက်နာကို မနှိပ်ရပါ။ နှိပ်လျှင် ပိုရောင်လာတတ်သည်။ အချို့လူနာများကလည်း တိုင်းရင်းဆေးခန်းမှ မြန်မာဆရာပြလျှင် နှိပ်မည်ချည်းထင်နေတတ်ကြသည်။ မနှိပ်ပါ။ ဂေါက် (Gout) နှင့် (Rhe- umatid Arthitist) လေးဘက်နာ ရောဂါများကို မနှိပ်ရပါ။

**ယူရစ်အက်ဆစ်တစ်မျိုး**

ဂေါက်ရောဂါခေါ် တစ်ဆစ်ချင်းရောင်သည့်ရောဂါသည် အနောက်တိုင်းဆေးပညာတွင် သွေးစစ်ကြည့်သောအခါ သွေးထဲတွင် ယူရစ်အက်ဆစ်တစ်မျိုးများ လွန်းပြီး သွေးစီးဆင်းရာတစ်လျှောက်မျောပါရင်း ခြေထောက်အဆစ်များရောက်သောအခါ အနည်ကျကျန်ရစ်နေခဲ့သည်။ ၎င်းယူရစ်အက်ဆစ်အနည်အမှုန့် အဖြူပွင့်လေးများသည် အဆစ်ကိုပွန်းစေပြီးမှ ရောင်လာခြင်းဖြစ်လေသည်။

**သတိမမူ၊ ဂူမမြင်**

တိုင်းရင်းဆေးပညာမှာကား ပထဝီ၊ တေဇော၊ အာပေါ၊ ဝါယော၊ အာကာသနှင့် လေ၊ သည်းခြေ၊ သလိပ်တွေနှင့် ရှင်းလျှင် ပိုနားရှုပ်သွားစရာရှိသောကြောင့် အကျယ်ကို မရှင်းတော့ပါ။ “အဆစ်တစ်ဆစ်တွင် တေဇော၊ ဝါယောတို့ တွန်းကန်ရာဝယ် ပထဝီ၊ အာပေါပတ်ဖွဲ့မှုကြောင့် အာကာသထွက်ပေါက်မရပဲ မန်းတက်ခြင်းလက္ခဏာ” “ရောင်-နီ-ပူ-နာ” ဖြစ်လာသည်ဟုပဲ တိုတိုပဲမှတ်ပါလေ။ ရှေးဆေးကျမ်းကြီးများက ရေးသလို (ဤအတိုင်းမှတ်လေ) ဟု ပြောရတော့မလို ဖြစ်နေပါတော့သည်။

စာရေးသူတင်ပြချင်သည်မှာ ဤအကြောင်းမဟုတ်ပါ။ ဂေါက်နှင့်ပတ်သက်၍ သတိမမူ၊ ဂူမမြင်မိသော အခြားအကြောင်းဖြစ်ပါသည်။ ကြိုတင်၍ပြောထားပါမည်။ “ရေခဲရေ” အကြောင်း ဖြစ်ပါသည်။

**ဆက်ခါထပ်၍မစားရန်**

ကျွန်ုပ်တို့လူနာများကို အစားရှောင်ခိုင်းသောအခါတွင် အဓိကရှောင်ခိုင်းသောအစာများမှာ ကုလားပဲ၊ မျှစ်၊ မျှစ်ချဉ်၊ ပဲပင်ပေါက်၊ စတော်ဘယ်ရီသီး၊ တညင်းသီး၊ ခါး၍ လေပွ၊ လေပျက်စေသော ခွေးတောက်၊ တမာ၊ ကြောင်လျှာ၊ ကြက်ဟင်းခါး၊ ဝက်သား၊ ဝက်ဆီ၊ ဝမ်းတွင်းသား၊ နီသောအသား၊ လက်ဖက်၊ အုန်းနို့၊ ခရမ်းချဉ်သီးငါးပိချက်၊ ပန်ထွေဖျော်၊ နွားနို့မလိုင်စသည့်အစာများကို (တစ်ခါတစ်ရံမှလွဲ၍) နေ့စဉ်ရက်ဆက်မစားရန် နံနက်၊ ညနှစ်နပ် ဆက်ခါထပ်၍ မစားရန်တို့ကိုသာ မှာလေ့ရှိပါသည်။

ဦးလေးကြီးကို ကျွန်ုပ်တို့ကုသသောအခါတွင်လည်း အထက်ပါအစာများကို ရှောင်ရန်သာ ထပ်ခါတလဲလဲပြောပါသည်။ သူကလည်း ရှောင်ကြဉ်ကြောင်း ပြောပါသည်။ သို့သော် နောက်ပိုင်းတွင် သူ့ဝေဒနာမှာ အဖြစ်စိတ်လာသည်။ ဒန်ပေါက်လည်းမစား၊ ဝမ်းတွင်းသားများလည်းမစား၊ အထက်က “မတည့်စာများ”လည်းမစားဘဲ နှင့် မကြာခဏ ခြေမ၊ ခြေမျက်စေ့၊ ခြေကျင်းဝတ်၊ ဒူးတို့တွင် နာလာသည်။ ကုပြီးပျောက်၊ ပျောက်ပြီး မကြာမီ ပြန်ပေါ်သည်။

ဦးလေးကြီးနေသောအိမ်မှာ တိုက်ခန်းဖြစ်သဖြင့် အဆင်းအတက်များ၍ဖြစ်သလောဟု ထင်မိသဖြင့် လှေကားအတက်အဆင်းလျှော့ရန်လည်း မှာသည်။ သူနေသည်မှာ ပထမထပ်ဖြစ်သဖြင့် လှေကား ၁၂ ထစ်တော့ နေ့စဉ် အတက်အဆင်းရှိသည်။ နဂို နာဖူး၊ ရောင်ဖူးသောနေရာသည် သူ၏ပေါင်နှစ်ရာခန့်လေးသော ခန္ဓာကိုယ်ကြီးကိုသယ်၍ တက်ရဆင်းရဖန်များလျှင် ပြန်ရောင်နိုင်သည်မဟုတ်ပါလား။

သတိမထားမိသောအသေးအဖွဲတစ်ခုသည် တစ်ခါတစ်ရံတွင် အကြောင်းဖြစ်နေတတ်ပြီး ထင်ရှားသော သတိထားမိသည့်အရာများမှာ အကျိုးဖြစ်နေတတ်လေသည်။

တစ်နေ့တွင် ဆေးခန်းလာသောလူနာတစ်ဦးကို မကြာခဏ အာသီးရောင်သဖြင့် ရေခဲရေမသောက်ရန်နှင့် ရေနွေးကြမ်းပြောင်းသောက်ကြည့်ရန်၊ အာသီးရောင်တာကြာလျှင် နောင်သောအခါ လေးဘက်နာဖြစ်လာနိုင်ကြောင်းကို ကျွန်ုပ်ကပညာပေးနေသည်ကို ဘေးနားတွင်ရောက်နေသော ဦးလေးကြီးက ကြားသွားလေသည်။

ထိုလူနာပြန်သွားသောအခါမှ ဦးလေးကြီးသည် ကျွန်ုပ်၏အနားသို့ကပ်လာပြီး -

“ဆရာ ရေခဲရေက လူနဲ့မတည့်ဘူးလား” ဟုမေးသည်။

**လွန်ကဲရင် ဘယ်အရာမှမကောင်း**

“လူနဲ့မတည့်ဘူးတော့ မဟုတ်ပါဘူးဗျာ။ လူနာနဲ့ မတည့်တာ။ လည်ပင်းနာနေတဲ့လူနာ၊ အာသီးရောင်နေတဲ့လူနာတွေနဲ့ မတည့်ဘူးလို့ ဆိုလိုချင်တာ။ ခင်ဗျား နားလည်အောင် အကြမ်းအားဖြင့်ရှင်းပြရရင် ရေခဲရေဆိုတာ အအေးလွန်ကဲတဲ့အရာ၊ သာမန်ရေချမ်းအိုးလေးထဲမှာ ထည့်ထားတဲ့ရေကတော့ အေးတယ်။ အအေးလွန်ကဲတဲ့ရေမဟုတ်ဘူး။ လွန်ကဲရင် ဘယ်အရာမှမကောင်းဘူး”

“ ဆရာပြောတာက အပူလွန်ကဲရင်လည်း မကောင်းဘူးပေါ့”

**သီတတေဇောဓာတ်**

“သိပ်မှန်တာပေါ့။ ခင်ဗျားရဲ့ပါးစပ်ထဲကို ရေနွေးပူပူလောင်းချရင် ဘယ်လိုနေမလဲ။ လောင်သွားမှာပေါ့။ အဲသည်လို အပူလောင်သွားတာကိုတော့ မြင်လွယ်တယ်။ အအေးလောင်ကျွမ်းတာကိုတော့ မမြင်လွယ်ဘူးပေါ့ဗျာ။ တိုင်းရင်းဆေးပညာမှာတော့ ‘သီတတေဇော’ လို့ ခေါ်သဗျ။ ဥပမာ-ဘယ်လိုပြောရမလဲဆိုတော့ ကောက်ရိုးကို ကရွတ်ခွေပြီးတော့ သောက်ရေချမ်းအိုး၊ မြေအိုးအောက်မှာထား၊ မြေအိုးကရေလေးတွေ တစိမ့်စိမ့်နဲ့ကျနေရော။ အဲ-ရက်လကြာတဲ့အခါကျတော့ မြေအိုးရဲ့အောက်က ကရွတ်ခွေလေးကို ယူကြည့်လိုက်တဲ့အခါ တစ်စစီပဲ့ကျသွားတာ တွေ့ရလိမ့်မယ်။ မြေအိုးက တစိမ့်စိမ့်ကျတဲ့ရေထဲက သီတတေဇောဓာတ်ကြောင့် ဆွေးမြေ့သွားရတာပဲ။ တစ်နည်းပြောရရင်တော့ ‘အအေးလောင်ကျွမ်းမှု’ ပေါ့ဗျာ”

“ဒါဆိုရင်တော့ သေချာပြီဆရာ”

“ဘာသေချာတာလဲ ဦးလေးကြီး”

“ရေခဲရေက ကျွန်တော့်ခန္ဓာကိုယ်ကြီးကို လောင်ကျွမ်းသွားတာ သေချာပြီဆရာ။ ကျွန်တော်က ရေခဲရေမှ ရေခဲရေသောက်ခဲ့တာ ဆယ်နှစ်တောင်ကျော်ပြီ။ အိမ်မှာဆိုလည်း ရေခဲသေတ္တာထဲကရေ၊ ဆိုင်မှာလည်း ဝါတာကူလာ (Water Cooler) ဝယ်ထားတာ။ အေးမှခဲမှကောင်းတာ”

“ကျွန်တော်က ‘ဂေါက်’ စဖြစ်ကတည်းက ဆရာတို့ပြောတဲ့ အသားတွေ၊ ဝမ်းတွင်းကလီစာတွေပဲ ရှောင်နေတာ သုံးနှစ်၊ လေးနှစ်ကျော်ပြီ။ ဒီနေ့မှပဲ ဆရာက ရေခဲရေကိုပြောတော့တယ်”

“ဟုတ်ပါ့ဗျာ၊ ကျွန်တော်လည်း အဲဒါကို မစဉ်းစားမိဘူး။ မရှောင်ခိုင်းခဲ့မိဘူး။ အခု ခင်ဗျားပြောမှပဲ စဉ်းစားမိတော့တယ်။ ခင်ဗျား ရောဂါမပျောက်တာ”

“ထားပါတော့ဆရာ၊ သတိမမူ ဂူမမြင်ပေါ့။ ပျောက်ချိန်မတန်သေးလို့ သဘောထားရမှာပေါ့။ ဒါပေမယ့် ကျွန်တော်ကတော့ ဒီနေ့ကစပြီး ရေခဲရေကို ရှောင်တော့မယ်ဆရာရေ့”

**ဆရာကိုပြန်ပြီး ပညာပေး**

ဦးလေးကြီးတစ်ယောက် ထော့နင်းထော့နင်းနှင့် ကျွန်ုပ်ရှေ့မှ ထပြန်သွားလေပြီ။ တစ်ခါတစ်ရံ လူနာများသည် ဆရာကိုပြန်ပြီး ပညာပေးသွားတတ်ပါသည်။

“သတိမမူ ဂူမမြင်ပေါ့” ဟု ဦးလေးကြီးက ပြောသွားသည်မှာ သူ့ကိုယ်သူလား၊ ဆရာကိုပြောတာလား။ အဖြေကတော့ ရှင်းပါသည်။ ဂူမမြင်သူမှာ ကျွန်ုပ်ဆရာကိုယ်တိုင်ပင် ဖြစ်ပါသည်။ သြော် ဆရာက ဆရာလား၊ လူနာက ဆရာလားဟု ကျွန်တော်တွေးနေမိပါတော့သည်။



**မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း၊ ရေ၊ လေ)မိသားစု ရေကစားမဏ္ဍပ်ဖွင့်ပွဲကျင်းပ**

စာမျက်နှာ - ၇

# မဟာသင်္ကြန်အကြိုနေ့ ရန်ကုန်မြို့၌ သင်္ကြန်အငွေ့အသက်များ ညနေပိုင်းမှ စတင်သက်ဝင်



ရန်ကုန်မြို့တော် မဟာသင်္ကြန်ဗဟိုမဏ္ဍပ် ဖွင့်ပွဲအခမ်းအနားကျင်းပစဉ်။ *ဓာတ်ပုံ-ငွေအောင်(ကြေးမုံ)*

**ရန်ကုန် ဧပြီ ၁၃**

၁၃၇၈ ခုနှစ် ရန်ကုန်မြို့တော် ဗဟိုမဏ္ဍပ် မဟာသင်္ကြန်ရေသဘင်ပွဲတော် ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၇ နာရီခွဲတွင် ရန်ကုန်မြို့ မြို့တော်ခန်းမရှေ့ရှိ ရန်ကုန်မြို့တော်ဗဟိုမဏ္ဍပ်၌ ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း တက်ရောက်ဖွင့်လှစ်သည်။

အခမ်းအနားတွင် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက နှစ်သစ်ကူးနှုတ်ခွန်းဆက်စကား ပြောကြားပြီး ဗဟိုမဏ္ဍပ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ ထို့နောက် အနုပညာရှင်များက တေးဂီတများဖြင့် ဖျော်ဖြေပြီး ယိမ်းအဖွဲ့များနှင့် တိုင်းရင်းသားယဉ်ကျေးမှု အဖွဲ့များက အကအလှများဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။

ထို့အတူ ရန်ကုန်တိုင်းဒေသကြီး ရခိုင်တိုင်းရင်းသား လူမျိုးရေးရာဝန်ကြီးဌာနက ကြီးမှူးကျင်းပသော ၂၀၁၇ ခုနှစ် (၁၄)ကြိမ်မြောက် ရခိုင်ရိုးရာယဉ်ကျေးမှု သင်္ကြန်ပွဲတော်(ရန်ကုန်)၏ နံ့သာသွေးပွဲနှင့် ဘုရားရေသပ္ပာယ်ပွဲကို ဗဟန်းမြို့နယ် ရွှေတိဂုံဘုရားအရှေ့ဘက်မုခ် ရခိုင်ဓမ္မာရုံတွင် ကျင်းပသည်။

အခမ်းအနားတွင် ရခိုင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးဇော်အေးမောင်က အဖွင့်အမှာစကား ပြောကြားပြီး ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်ဇနီးနှင့် တက်ရောက်လာကြသည့် အလှူရှင်များက အလှူငွေများပေးအပ်လှူဒါန်းရာ ရခိုင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးနှင့် တာဝန်ရှိသူများက အသီးသီးလက်ခံရယူကြသည်။ **စာမျက်နှာ ၅ ကော်လံ ၄ သို့** ❖

# မန္တလေးမြို့၌ ပျော်ရွှင်စွာဆင်နွှဲ နှစ်သစ် အတာရေသဘင်ပွဲ



မန္တလေးမြို့၏ ထူးကဲလှသည့် လမ်းလျှောက်သင်္ကြန်၌ ကြိတ်ကြိတ်တိုးစည်ကားလျက်ရှိစဉ်။

**မန္တလေး ဧပြီ ၁၃**

၁၃၇၈ ခုနှစ် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်ကို မန္တလေးမြို့တွင် သင်္ကြန်အကြိုနေ့ဖြစ်သော ယနေ့နံနက် ၇ နာရီခွဲတွင် မန္တလေးမြို့တော် မဟာသင်္ကြန်မဏ္ဍပ်ဖွင့်ပွဲအခမ်းအနားဖြင့် ကြိုဆို၍ နှစ်သစ်အတာရေသဘင်ပွဲတော်ကြီးကို မန္တလေးမြို့တစ်ခွင် ပျော်ရွှင်စွာ ဆင်နွှဲခဲ့ကြသည်။

မန္တလေးမြို့တော်မဟာသင်္ကြန်မဏ္ဍပ်၌ အကြိုနေ့ နံနက်ပိုင်း ၅ နာရီခွဲတွင် တိုင်းဒေသကြီး အစိုးရအဖွဲ့နှင့် ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာများက သံဃာ ၁၀၈ ပါးအား ဆွမ်းလောင်းလှူခြင်းများ ပြုလုပ်ပြီး ဖွင့်ပွဲအခမ်းအနားကို မန္တလေးမြို့ကျုံးတောင်ဘက်ရှိ မြို့တော်မဟာသင်္ကြန်မဏ္ဍပ်တွင် ကျင်းပရာ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာ ဇော်မြင့်မောင်က နှစ်သစ်နှုတ်ခွန်းဆက်အမှာစကားပြောကြားသည်။

**စာမျက်နှာ ၇ ကော်လံ ၁ သို့** ❋

Mingalar Cinemas
www.facebook.com/mingalarcinemas
Mingalar Cinemas facebook

| | | | |
|---|---|---|---|
| သမ္မတ ၀၁-၂၄၆၉၆၂ ၀၁-၂၄၆၉၆၃ | သွင် ၀၁-၃၇၂၅၉၄ ၀၉၇၃၂၃၅၅၆၀ | မင်္ဂလာ(၁) သိမ်ကြီးဈေး ၀၁-၂၄၃၀၅၇ ၀၁-၂၄၃၀၅၈ | မင်္ဂလာစံပြ ၀၉၂၆၀၈၈၇၀၃၅ ၀၉၂၆၀၈၈၇၀၃၆ ၀၁ ၂၃၀၃၁၆၅ |
| Top Royal (စိန်ဂေဟာ-ပါရမီ) ၀၉၄၂၀၁၈၆၂၉၁ ၀၉၄၂၀၁၈၆၂၉၂ | မင်္ဂလာ ဂမုန်းပွင့် ၀၉ ၇၇၉၀၅၄၆၈၁ ၀၉ ၇၇၉၀၅၄၆၈၂ ၀၉ ၇၇၉၀၅၄၆၈၃ | မင်္ဂလာထွန်းသီရိ (ပြည်) ၀၉၇၉၁၁၈၃၇၅၁ ၀၉၇၉၁၁၈၃၇၅၂ | မင်္ဂလာ ICON Mall - ပဲခူး ၀၉၄၅၆၆၀၀၀၁၅ ၀၉၄၅၆၆၀၀၀၁၆ |

| | | | | |
|---|---|---|---|---|
| မန္တလေး ဝင်းလိုက် ၀၂-၃၉၁၁၂၈ ၀၂-၆၀၂၉၁ | မန္တလေး မြို့မ ၀၂-၃၉၁၃၆ ၀၂-၃၉၁၃၇ | မင်္ဂလာ မန်းနေပြည်တော် ၀၉၉၆၀၉၁၁၂၁၁ ၀၉၉၆၀၉၁၁၃၁၁ | မင်္ဂလာစံပြ (မကွေး) ၀၉ ၇၆၈၅၂၅၇၄၁ ၀၉ ၇၆၈၅၂၅၇၄၂ ၀၉ ၇၆၈၅၂၅၇၄၃ | NEW 3D Cinema တောင်ငူ ၀၉၈၆၆၆၄၅၅ ၀၉၇၇၅၃၅၈၉၁-၂ |

